ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကိုးကွယ်ရာအစစ်အမှန်**

တော၊ တောင်၊ သစ်ပင် စသည်တို့ကို ကိုးကွယ်ခြင်းဖြင့် ဆင်းရဲဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ကုန်။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းသည်သာ ဆင်းရဲခြင်းတို့မှ လွတ်မြောက်နိုင်၏။ ထိုရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ ပညာရှိတို့သည် သစ္စာလေးပါးကို သိမြင်နိုင်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သောကြောင့်ဖြစ်၏။ ဗုဒ္ဓဝင်(ဓမ္မပဒ-၁၉၂)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday , 10 November 2016 (၈၇၄၁)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် လွမ်းသူ့ပန်းခွေချကာ ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် လွမ်းသူ့ပန်းခွေချ အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရောက်ရှိရာ လေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr. Somkid Jatusripitak၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ထိုင်းဘုရင့်နန်းတော် Grand Palace သို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# မြန်မာ-အိန္ဒိယ ကုန်သွယ်မှုပိုမိုရရှိစေမည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်း မကြာမီရာနှုန်းပြည့်ပြီးစီးတော့မည်

**စစ်တွေ နိုဝင်ဘာ ၉**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုအခွင့်အလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရခိုင်ပြည်နယ် စစ်တွေမြို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် လက်ရှိတွင် တည်ဆောက်ပြီးစီးမှု ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ရာ ဒီဇင်ဘာလတွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**



ကုလားတန်မြစ်ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းတွင်ပါဝင်သည့် စစ်တွေဆိပ်ကမ်းသစ်ကို တွေ့ရစဉ်။

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## အမေရိကန် ပြည်သူတို့၏ ရွေးချယ်မှု အမေရိကန် သမ္မတသစ်

ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်တစား စောင့်မျှော်နေကြသော အမေရိကန်သမ္မတ ရွေးကောက်ပွဲ၏ အဆုံးသတ်ရလဒ်များက ပေါ်ထွက်နေပြီဖြစ်၏။ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပနေစဉ်တွင် အမေရိကန် ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ဟီလာရီကလင်တန်သမ္မတဖြစ်ထိုက်သည် ဒေါ်နယ်ထရန့် သမ္မတဖြစ်ထိုက်သည် စသောပြောဆိုငြင်းခုံမှု၊ ကွဲလွဲကြမှု၊ ဆန့်ကျင်ကြမှုများ ရှိခဲ့သည်။ အားလုံးတို့ကြားမှ ရီပတ်ဘလီကန်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သည့် ဒေါ်နယ်ထရန့်က မဲအသာစီးဖြင့် သမ္မတအဖြစ် ရွေးချယ်ခံရပြီ ဖြစ်၏။

ဒေါ်နယ်ထရန့်သည် သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု စတင်ကြေညာသည့်အချိန်မှစ၍ နိုင်ငံရေးစိတ်ဝင်စားသည့် ပြည်တွင်း ပြည်ပမှ ပြည်သူများကြားမှာ အထူးပင် ကွဲလွဲငြင်းခုံမှုများ ရှိခဲ့တာ ဖြစ်ပါသည်။

အထူးသဖြင့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေး ပေါ်လစီနှင့် ပတ်သက်၍ ပြင်းထန်သည့် အယူအဆများကို ဖော်ထုတ်ပြောကြားခဲ့သည်တို့က လူပြောများခဲ့သည်။ ပြိုင်ဘက်ဖြစ်သော ဒီမိုကရက်တစ်ပါတီ၏ သတင်းအချက်အလက်များ သိုမှီးရာ ပင်မကွန်ပျူတာများအတွင်းသို့ ဖောက်ထွင်းဝင်ရောက်ရန် ရုရှားကွန်ပျူတာ ပညာရှင်များကို တိုက်တွန်းသည့် စကားမျိုးကို လူသိရှင်ကြားပြောဆိုခဲ့သည်ကလည်း လူပြောများခဲ့သည့် အကြောင်းဖြစ်ခဲ့သည်။ ထို့နည်းတူ အမေရိကန်နိုင်ငံ၏ သမ္မတဖြစ်လာဖို့ ရွေးကောက်ပွဲဝင်ရောက်မည့်သူတစ်ဦးက ရုရှားသမ္မတပူတင်ကို အားကျကြောင်း ပြောဆိုခဲ့သည်ကလည်း လူအများကြား၌ ပြောကြဆိုကြ၊ မကျေနပ်ကြ၊ ကွဲလွဲငြင်းခုံကြ ဖြစ်ခဲ့ကြသည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပြောဆိုရာတွင်လည်း အထူးပင်အလေးမထားပြောဆိုခဲ့သည့်အတွက် အငြင်းပွားမှုများ ရှိခဲ့ပြန်ပါသည်။ ထို့အတူ အမျိုးသမီးများနှင့် ပတ်သက်ရာတွင်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏အရေးသည် သာ နံပါတ်တစ်ဦးစားပေးဖြစ်ရမည်ဟူသော ပြောဆိုမှုများတွင်လည်းကောင်း ကမ္ဘာကအထူးသတိထားမိပြီး စိတ်ပူကြ စိုးရိမ်မှုများ ဖြစ်ခဲ့ကြပါသည်။

ထိုသို့သော အငြင်းပွားမှုများအားလုံးသည် ဒေါ်နယ်ထရန့်၏ ပြောဆိုမှုများပေါ်တွင် အခြေခံနေတာဖြစ်ပြီး အများအားဖြင့် သူ၏ အယူအဆထက် သူ၏ပြောဆိုသည့်ပုံစံနှင့် နှုတ်ထွက်လွယ်မှုတို့က အထူးပင် အငြင်းအခုံဖြစ်ဖွယ်ရာများ ဖြစ်ခဲ့တာဖြစ်ပါသည်။

နိုင်ငံတကာ နယ်ပယ်က နိုင်ငံရေးစိတ်ဝင်စားသူများနှင့် ကမ္ဘာ့အခြေအနေများကို သုံးသပ်နေသူများက ယင်းသို့သော ပူပန်မှုများ၊ စိုးရိမ်မှုများကို ပွက်လောရိုက်အောင် ထုတ်ဖော်ပြောဆိုမှုများကြားကပင် ဒေါ်နယ်ထရန့်ကို အမေရိကန်ပြည်သူလူထုက ၎င်းတို့၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်ပြီ ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ခေါင်းဆောင်ရွေးချယ်မှုမှာ ယင်းနိုင်ငံ ပြည်သူလူထု၏ အဆုံးအဖြတ်ပေါ်တွင် လုံးလုံးလျားလျား တည်မှီနေသည်ဖြစ်ရာ ယနေ့အမေရိကန်ပြည်သူလူထု၏ အဆုံးအဖြတ်အတိုင်း အတည်ဖြစ်တော့မည် ဖြစ်ပါသည်။

ကမ္ဘာ့ပြည်သူလူထုအနေဖြင့် အမေရိကန်သမ္မတသစ်၏ အနာဂတ်ဆုံးဖြတ်ချက်များ၊ ပေါ်လစီများကို လေ့လာရင်း မိမိတို့နိုင်ငံများ၏ အနေအထားနှင့်ချိန်ထိုးကာ ကမ္ဘာကြီးတိုးတက်မြင့်မားရေး၊ ငြိမ်းချမ်းရေးတို့အတွက် လက်တွဲဖော်ဆောင်နိုင်ရန် မျှော်လင့်ပြင်ဆင်နေကြပြီဟု ယူဆမိပါသည်။

## ခါကာဘိုရာဇီဒေသအား ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာ အဆိုပြုလွှာ ပြုစုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ တတိယအကြိမ်စည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၉**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တော ဦးစီးဌာနနှင့် ကုလသမဂ္ဂပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (United Nation Educational, Scientific and Cultural Organization-UNESCO)တို့ ပူးပေါင်း၍ ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာ (Natural World Heritage Site –NWHS) အဖြစ် အမည်စာရင်းအဆိုပြုတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အဆိုပြုလွှာပြုစုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ Taskforce ၏ တတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက အမရာဟိုတယ် နေပြည်တော်၌ ကျင်းပရာ UNESCO နှင့် WCS မှ ပညာရှင်များ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ အဆိုပြုလွှာ ပြုစုရေးလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က မြန်မာနိုင်ငံရှိဒေသခုနစ်ခုကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာ NWHS အဖြစ် အမည်စာရင်း တင်သွင်းနိုင်ရန် လျာထားသတ်မှတ်ထားပြီး ခါကာဘိုရာဇီဒေသအား ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာအဖြစ် ပထမဦးစားပေး ကြေညာနိုင်ရန်ဖြစ်ကြောင်း၊ ယင်းနေရာသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဆက်စပ်လျက်ရှိသည့် တောင်ပိုင်းတိုးချဲ့နေရာနှင့် ဖုန်ကန်ရာဇီဘေးမဲ့တောတို့ ပါဝင်ကြောင်း။

ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာကြေညာနိုင်ရန် ယူနက်စကို ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းတွင်ပါရှိသော မဟာဗျူဟာရည်မှန်းချက်နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရန် သိပ္ပံနည်းကျစာရင်းဇယားများကောက်ယူရန်၊ မြေပုံထုတ်လုပ်ရန်၊ အချက်အလက်များ မျှဝေရန်နှင့် ကာကွယ်တောဧရိယာများ စီမံအုပ်ချုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အဖွဲ့အစည်းများအတွက် အတွေ့အကြုံများမျှဝေရန် အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုသံသရာစက်ဝန်း အဆုံးသတ်ပေးခေါင်းစဉ်ဖြင့် တွေ့ဆုံပွဲကျင်းပ




**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးမြို့ရှိ ရောင်စုံအမျိုးသမီးငယ်များအဖွဲ့မှ ကြီးမှူး၍ 'အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုသံသရာစက်ဝန်းအဆုံးသတ်ပေး' ခေါင်းစဉ်ဖြင့် အမျိုးသမီးငယ်များ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၇၅)လမ်းထောင့်ရှိ ဝိုင်အမ်စီအေ အသင်းခန်းမ၌ ကျင်းပသည်။

အမျိုးသမီးငယ်များ တွေ့ဆုံပွဲသို့ မန္တလေးမြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများမှ ကျောင်းသူများ၊ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းများမှ အမျိုးသမီးငယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ အမျိုးသမီးများ တက်ရောက်ကြပြီး ကျောင်းသူလေးများက အမျိုးသမီးငယ်လေးများအပေါ် အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးပညာပေး ပြဇာတ်တိုများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## မကွေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအား မသန်စွမ်းသူများအခွင့်အရေးဥပဒေနှင့် ပတ်သက်၍ ဆွေးနွေး

**မကွေး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအား မသန်စွမ်းသူများအခွင့်အရေးဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး မသန်စွမ်းသူများအခွင့်အရေးဥပဒေနှင့်ပတ်သက်၍ The Leprosy Mission Myanmar အဖွဲ့၏ အစီအစဉ်အရာရှိက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူ့အခွင့်အရေး ရှုထောင့်ဆိုင်ရာ မသန်စွမ်းမှုအကြောင်းကို မကွေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအား ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးကြသည်။ ယင်းဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ The Leprosy Mission Myanmar အဖွဲ့မှ တာဝန်ရှိသူများနှင့် NGO များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

**☆ နိုင်ငံတော်သမ္မတမှ**

ရောက်ရှိရာ Grand Palace အကြီးအကဲ Dr. Chirayu Isarangkun Na Ayuthaya၊ သံတမန်ရေးရာ အကြီးအကဲနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နတ်ရွာစံသွားသည့် ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူရာဒက်ရှ်အတွက် လွမ်းသူ့ပန်းခွေချသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး အသစ်တည်ဆောက်လျက်ရှိသည့် သံရုံးအဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ သံရုံးဝန်ထမ်းများ၊ သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားပြီး မြန်မာသံရုံး၌ နိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားနေကြသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဘန်ကောက်မြို့ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးပြတိုက် (Anti Corruption Museum)သို့ရောက်ရှိပြီး Museum အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညနေပိုင်းတွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်မှ ပြန်လည်ထွက်ခွာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Chainarong Keratiyutwon နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

**❖ ပြင်ဦးလွင်မှ**

ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကြီးတွင် မီးပုံးပျံလွှတ်ပြိုင်ပွဲ၊ မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲအပြင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ လေယာဉ်ငယ်များ သရုပ်ပြပွဲနှင့် ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။ ပွဲဈေးတန်းများတွင်လည်း အဓိကဒေသထွက်ကုန်များဖြစ်သည့် မလိုင်မုန့်၊ အသီးအနှံများ၊ ခေါပုတ်၊ ယိုမျိုးစုံ၊ တို့ဟူးခြောက်တို့ကိုလည်း ဈေးနှုန်းသင့်တင့်စွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုနှစ် တန်ဆောင်တိုင်ပွဲတော်အား အမြို့မြို့အနယ်နယ်အရပ်ရပ်မှ ဓာတ်ပုံဝါသနာရှင်များ၊ နိုင်ငံခြားခရီးသွားများနှင့် ဘုရားဖူးပြည်သူများ အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံဝါသနာရှင်များအနေဖြင့် ညအလုပြိုင်ပွဲ၊ နေ့အလှပြိုင်ပွဲတို့ကို မိမိတို့ကြိုက်နှစ်သက်ရာ ရိုက်ကူးယှဉ်ပြိုင်နိုင်ပြီး ညအလှပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၂ သိန်းနှင့် ဆုဖလား၊ ဒုတိယဆု ကျပ် ရှစ်သိန်းနှင့် ဆုဖလား၊ တတိယဆု ကျပ်ငါးသိန်းနှင့် ဆုဖလား၊ စတုတ္ထဆု ကျပ်နှစ်သိန်းနှင့် ဆုဖလား၊ ပဉ္စမဆု ကျပ်တစ်သိန်းနှင့် ဆုဖလား၊ အဋ္ဌမဆု၊ ဒသမဆု ကျပ်ရှစ်သောင်းစီနှင့် နေ့အလှပြိုင်ပွဲတွင် ပထမဆု ကျပ်ငါးသိန်းနှင့် ဆုဖလား၊ ဒုတိယဆု ကျပ်သုံးသိန်းနှင့် ဆုဖလား၊ တတိယဆု ကျပ်နှစ်သိန်းနှင့် ဆုဖလား၊ စတုတ္ထဆု ကျပ်တစ်သိန်းနှင့် ဆုဖလား၊ ပဉ္စမဆု ကျပ်ရှစ်သောင်းနှင့် ဆုဖလား၊ ဆဋ္ဌမဆု ကျပ်ခုနစ်သောင်းနှင့် ဆုဖလား၊ သတ္တမဆု ကျပ်ခြောက်သောင်းနှင့် ဆုဖလား၊ အဋ္ဌမဆု ကျပ်ငါးသောင်းနှင့် ဆုဖလားတို့ကို အသီးသီးဆုချီးမြှင့်ပေးမည်ဖြစ်ပြီး Drone ဖြင့် ရိုက်ကူးယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် မီးပုံးပျံလွှတ်ပြိုင်ပွဲတွင် နေ့အရုပ် အလှ ၉၇ လုံး၊ စိန်နားပန် ၂၃ လုံး၊ ညမီးကြီး ၁၂ လုံး စုစုပေါင်း ၁၃၂ လုံး လွှတ်တင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေယာဉ်ငယ်လေးများ သရုပ်ပြပွဲနှင့် ပြိုင်ပွဲကို နေ့စဉ် နံနက် ၈ နာရီ၊ နေ့အရုပ်အလှ လွှတ်တင်ပြိုင်ပွဲဝင်မည့်အချိန်ကို နေ့စဉ် မွန်းတည့် ၁၂ နာရီ၊ ညပိုင်းမီးပုံးပျံများ လွှတ်တင်ပြိုင်ပွဲဝင်မည့်အချိန်ကို နေ့စဉ် ညနေ ၆ နာရီတွင် လွှတ်တင်မည်ဖြစ်သည်။

ယခုနှစ် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ သွားလာရေးအဆင်ပြေစေရန် နိုဝင်ဘာ ၅ ရက်မှ ၁၅ ရက်အထိ ယာဉ်လမ်းကြောင်းများ ပြောင်းလဲထားရှိပြီး ပွဲတော်လာဘုရားဖူးပြည်သူများ လုံခြုံရေးအတွက် လုံခြုံရေးအင်အား တိုးမြှင့်ချထားကြောင်း သိရသည်။

**(နေလင်း)**

**✳ မြန်မာ-အိန္ဒိယမှ**

အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့သည် ၂၀၀၈ ခုနှစ်အတွင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးကာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သယ်ယူပို့ဆောင်ရေးစီမံကိန်းသည် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားဆိပ်ကမ်း၊ မီဇိုရမ်ဆိပ်ကမ်းနှင့် မြန်မာနိုင်ငံစစ်တွေဆိပ်ကမ်းတို့ကို ချိတ်ဆက်ကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန်၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်ရေး၊ အိမ်နီးချင်းကောင်းပီသစွာဆက်ဆံရေး၊ နှစ်နိုင်ငံအကျိုးစီးပွားနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားလာစေရေး၊ နှစ်နိုင်ငံဘက်စုံသုံး နယ်စပ်ဖြတ်သန်းသယ်ယူပို့ဆောင်ရေး တည်ဆောက်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုလားတန်မြစ်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းတွင် စစ်တွေဆိပ်ကမ်းသို့ တန်ချိန် ၆၀၀၀ ရေယာဉ်များ ဝင်/ထွက် ဆိုက်ကပ်နိုင်ရေးအတွက် လုံလောက်သောရေအနက်ရရှိစေရန် သောင်တူးခြင်း၊ စစ်တွေဆိပ်ကမ်းသို့ တန်ချိန် ၂၀၀၀၀ ရေယာဉ်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်းတည်ဆောက်ခြင်း၊ တန်ချိန် ၃၀၀ မြစ်တွင်းသွားရေယာဉ် ခြောက်စင်းတည်ဆောက်ခြင်း၊ စစ်တွေနှင့်ပလက်ဝတို့တွင် တန်ချိန် ၃၀၀ မြစ်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ခံတံတားနှစ်စင်းတည်ဆောက်ခြင်း၊ စစ်တွေမှ ပလက်ဝအထိ ကုလားတန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းပြအမှတ်သားများ ပြုလုပ်တပ်ဆင်ခြင်းနှင့် ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ်သို့ အဝေးပြေးမော်တော်ကားလမ်းဖောက်လုပ်ခြင်းတို့ပါဝင်သည်။

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ် ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းပြီးစီးပါက မြန်မာနှင့် အိန္ဒိယ ကုန်သွယ်မှုအခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားသောနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာကာ ရေကြောင်းသွားလာမှုကိုအခြေခံသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။ ယင်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် ခန့်မှန်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာသန်း ၄၈၀ ခန့်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်၌ နေ့လွှတ်အရုပ်၊ စိန်နားပန်၊ ညမီးကြီးများ ယှဉ်ပြိုင်

**တောင်ကြီး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်ပြိုင်ပွဲကို အဝေရာကုန်းသာယာမီးပုံးပျံကွင်း ကျောင်းကြီးစုရပ်ကွက်၌ နံနက် ၁၀ နာရီခွဲက စတင်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့တွင် နေ့လွှတ်အရုပ် ၃၁ ရုပ်၊ ညမီးကြီး ၁၁ လုံး၊ စိန်နားပန် လေးလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နေ့လွှတ်အရုပ်တွင် ခြေနှစ်ချောင်းအရုပ် ၁၉ ရုပ်၊ ခြေလေးချောင်းအရုပ်ခြောက်ရုပ်၊ အုပ်စုအရုပ် ခြောက်ဖွဲ့ တချို့အရုပ်များ မီးလောင်ကျွမ်းပြီး အရုပ်အများစုမှာ ကောင်းကင်အထက်သို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည်။ မီးပုံးဝါသနာရှင်များက စိန်နားပန် ၄ အောင်မြင်စွာလွှတ်တင်ခဲ့ပြီး ညမီးကြီး ၁၁ လုံး အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြကြောင်း၊ မီးပုံးချစ်သူများနှင့် တန်ဆောင်တိုင်ပွဲတော်ကို လာရောက်ကြည့်ရှုအားပေးသူများ စည်းကားလျက်ရှိကြောင်းနှင့် တန်ဆောင်တိုင်ပွဲတော်သည် အေးချမ်းစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



**○ ကျောဖုံးမှ**

မြန်မာ ယူ-၂၂ အသင်းကို ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၃၇ ဦးဖြင့် ဖွဲ့စည်းခဲ့သော်လည်း နိုဝင်ဘာ ၁၅ ရက်တွင် စတင်လေ့ကျင့်ရာ၌ ကစားသမား ၂၆ ဦးသာ ပါဝင်မည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသည့် ကစားသမား ကိုးဦး၊ ဒူးအရွတ် ဒဏ်ရာရထားသည့် ငြိမ်းချမ်းအောင်နှင့် ကျော်မင်းဦးတို့မှာ ၂၀၁၇ ခုနှစ် လေ့ကျင့်မှုပြန်လည်စတင်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ လက်ရွေးစင်ကစားသမား ကိုးဦးမှာ ဆူဇူကီးဖလားပြိုင်ပွဲ ရလဒ်အပေါ်မူတည်၍ ယူ-၂၂ အသင်း၌ လေ့ကျင့်နိုင်ဖွယ်ရှိနေသည်။ မြန်မာယူ-၂၂ အသင်းသည် ဒီဇင်ဘာလတွင် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ရန်ရှိနေသောကြောင့် ယခုလတွင် စတင်လေ့ကျင့်ခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် တာဝန်ယူမည့် ဦးကြည်လွင်မှာ လက်ရွေးစင်အသင်းနည်းပြအဖွဲ့၌ ပါဝင်နေသောကြောင့် လက်ထောက်နည်းပြ ဦးကျော်လွင်က လတ်တလော တာဝန်ယူလေ့ကျင့်ပေးမည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာယူ-၂၂ အသင်းတွင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၀ အသင်းမှ ၁၄ ဦး၊ စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ဆုရ ယူ-၂၃ အသင်းမှ ငါးဦး ပါဝင်လာပြီး ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အသင်းမှ ကစားသမားအချို့လည်း ပါဝင်လာခဲ့သည်။ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၀ အသင်းမှ အောင်သူ၊ သန်းပိုင်၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ မောင်မောင်စိုး၊ ရန်နိုင်ဦး၊ စွမ်းထက်အောင်၊ မျိုးကိုထွန်း၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ သီဟထက်အောင်၊ နန်းဝေမင်း၊ ထိုက်ထိုက်အောင်တို့ဖြစ်ပြီး (၂၈)ကြိမ်မြောက် ဆီးဂိမ်းငွေတံဆိပ်ဆုရအသင်းမှ ဟိန်းသီဟဇော်၊ သိန်းနိုင်ဦး၊ လှိုင်းဘိုဘို၊ ရှိုင်းသူရနှင့် စည်သူအောင်တို့ ရွေးချယ်ခံခဲ့ရသည်။

မြန်မာယူ-၂၂ အသင်းသည် မလေးရှားယူ-၂၂ အသင်းနှင့် ဒီဇင်ဘာ ၉ ရက်နှင့် ၁၂ ရက်တို့တွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲအပြီးတွင် ဒီဇင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် Thanh Nien Newspaper U-21 Cup ပြိုင်ပွဲကို ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုခေတ္တရပ်နားမည်ဖြစ်ပြီး ၂၀၁၇ ဧပြီလ နောက်ပိုင်းမှသာ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်ပါတီမှ ဒေါ်နယ်ထရန့် အောင်ပွဲခံ

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်ပြည်ထောင်စုတွင် နိုဝင်ဘာ ၈ ရက်က ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်ပါတီ သမ္မတလောင်း ဒေါ်နယ်ထရန့်က ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်အပေါ် အောင်ပွဲခံလိုက်ရာ ထရန့်သည် ၄၅ ဦးမြောက်သမ္မတ ဖြစ်လာတော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲအကြို လူထုသဘောထားစစ်တမ်းများ၏ ရလဒ်များအတိုင်း ဟီလာရီအောင်ပွဲခံခြင်းမရှိသဖြင့် ထရန့်၏ အောင်ပွဲကို အမေရိကန်ပြည်သူများကရော၊ ကမ္ဘာ့ပြည်သူများပါ အကြီးအကျယ် အံ့အားသင့်ခဲ့ကြရသည်။

အမေရိကန်ပြည်သူတို့သည် ယခုအခါ သွေးစည်းညီညွတ်မှုရှိကြရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း ခါးခါးသီးသီး သဘောထားကွဲလွဲမှုများ ဖြစ်ပွားခဲ့မှုကို ပြန်လည်ရင်ကြားစေ့ရန် အချိန်တန်ပြီဖြစ်ကြောင်း ထရန့်က ၎င်းအား ထောက်ခံအားပေးသူများကို ပြောကြားသည်။

သမ္မတရွေးကောက်ပွဲတွင် ထရန့်၏ အံ့အားသင့်ဖွယ်ရာ အောင်ပွဲခံမှုကို ကမ္ဘာ့နိုင်ငံများက သတိရှိရှိဖြင့် တုံ့ပြန်ခဲ့ကြသည်။

ဒေသစံတော်ချိန် ည ၉ နာရီ အခြေပြဇယားအရ သမ္မတအဖြစ် အနိုင်ရရှိရန်လိုအပ်သည့် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်မဲ ၂၇၀ ကို ကျော်လွန်ကာ ထရန့်က ၂၉၀ မဲ ရရှိသည်။ ကလင်တန်မှာမူ ၂၁၈ မဲ ရရှိသည်။

အမေရိကန် ရွေးကောက်ပွဲစနစ်အရ ပြည်နယ်တစ်ခုချင်းစီ၏ လူဦးရေနှင့် အချိုးကျရှိနေသော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ ၅၃၈ မဲအနက် သမ္မတလောင်းတစ်ဦး အနိုင်ရရှိရန် ကိုယ်စားလှယ် မဲ ၂၇၀ လိုအပ်သည်။

လူထုထောက်ခံမဲ အများစုရရှိမှုအပေါ် မူတည်ကာ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ မဲများကို သက်ဆိုင်ရာ ပြည်နယ်အလိုက် သမ္မတလောင်းများက ရရှိကြသည်။

### တုံ့ပြန်မှုများ

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ထရန့်အနိုင်ရရှိခြင်းသည် မိမိအနေဖြင့် အကြီးအကျယ် အံ့အားသင့်မှုဖြစ်ရကြောင်း၊ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)နှင့်ပတ်သက်၍ ထရန့်အနေဖြင့် ကတိကဝတ်များအတိုင်း အာမခံချက်ပေးစေလိုကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး အာစူလာဗွန်ဒါလီယန်းက ပြောကြားသည်။

အီရန်နိုင်ငံကမူ နိုင်ငံတကာ သဘောတူညီချက်များကို ထရန့်အနေဖြင့် လေးစားလိုက်နာသွားရန် တိုက်တွန်းခဲ့သည်။ မိမိသည် အီရန်နိုင်ငံနှင့် ရရှိခဲ့သော နျူကလီးယား သဘောတူညီချက်ကို ပြန်လည်ဖျက်သိမ်းမည်ဟု မဲဆွယ်စည်းရုံးရေးကာလအတွင်း ထရန့်က ပြောကြားခဲ့မှုကို တုံ့ပြန်လျက် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်က ပြောကြားခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကမူ ထရန့် အောင်ပွဲခံမှုအတွက် အူလှိုက်သည်းလှိုက် ချီးကျူးဂုဏ်ပြုပါသည်ဟု ပြောကြားလိုက်ပြီး မိမိတို့နှစ်နိုင်ငံ မဟာမိတ်အဖြစ် ရပ်တည်မှုမှာ မယိုင်မလဲ ခိုင်မြဲလျက်ရှိနေကြောင်း ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယွန်ဗျောင်ဆေးကမူ မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်က ဆက်လက်ဖိအားပေးရန် တိုက်တွန်းခဲ့သည်။

နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်နေသော မြောက်ကိုရီးယားနိုင်ငံအား ဖိအားပေးရေးဟူသော အမေရိကန်၏ လက်ရှိမူဝါဒအတိုင်း အမေရိကန်သမ္မတသစ်က ဆက်လက်ကျင့်သုံးပါရန် ၎င်းက တိုက်တွန်းသည်။



ဩစတြေးလျနိုင်ငံကမူ အာရှနိုင်ငံများအပေါ် ထရန့်က အာရုံစိုက်ရန် လိုလားပုံကို ထုတ်ဖော်ပြောဆိုသည်။ သမ္မတ ဘားရက်အိုဘားမားလက်ထက်တွင် အာရှဗဟိုပြုနိုင်ငံခြားရေးမူဝါဒအား ကျင့်သုံးခဲ့ခြင်းကို ရည်ညွှန်းလျက် အာရှနိုင်ငံများအပေါ် ဆက်လက်အာရုံစိုက်ရန် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က ထရန့်အား တိုက်တွန်းသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရစ်ဂို ဒူတာတေးကလည်း ထရန့်အား ဂုဏ်ပြုစကားဆိုခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်ရေးအတွက် လက်တွဲလုပ်ကိုင်သွားနိုင်မည်ဟု မျှော်လင့်သည်ဆို၏။

နိုဝင်ဘာ ၈ ရက် အထွေထွေရွေးကောက်ပွဲတွင် အမေရိကန်အထက်လွှတ်တော် (ဆီးနိတ်)ကို ဒီမိုကရက်တစ်တို့ ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ထရန့်သည် ရီပတ်ဘလီကန်လွှမ်းမိုးသော ကွန်ဂရက်လွှတ်တော်နှင့်အတူ ဇန်နဝါရီလတွင် သမ္မတရာထူး၌ စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**ရိုက်တာ၊ ပီတီအိုင်။**

# တရုတ်နိုင်ငံ ထန်ကျင်းဆိပ်ကမ်း ကုန်လှောင်ရုံပေါက်ကွဲမှု သက်ဆိုင်သူများအား စီရင်ချက်ချမှတ်

**ထန်ကျင်း နိုဝင်ဘာ ၉**

လွန်ခဲ့သောနှစ်က တရုတ်နိုင်ငံ ထန်ကျင်းဆိပ်ကမ်းရှိ ကုန်လှောင်ရုံပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ပါဝင်ပတ်သက်သူများကို နိုင်ငံမြောက်ဘက်ပိုင်းရှိ ထန်ကျင်းဒေသန္တရအုပ်ချုပ်ရေးနယ် တရားရုံးများက ပြစ်ဒဏ်အသီးသီး ယနေ့ချမှတ်ခဲ့ကြောင်း သိရသည်။



ပြစ်ဒဏ်ချမှတ်ခံရသူ ၄၉ ဦးရှိသည့်အနက် ၂၄ ဦးသည် ကုမ္ပဏီမန်နေဂျာများနှင့် ဝန်ထမ်းများဖြစ်ကြပြီး ကျန် ၂၉ ဦးသည် အစိုးရတာဝန်ရှိသူများဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ထန်ကျင်းဆိပ်ကမ်းရှိ ရှိုင်ဟိုင် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီပိုင် ကုန်လှောင်ရုံတွင် သိုလှောင်ထားသော ဓာတုဗေဒပစ္စည်းများ အဆက်မပြတ်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၆၅ ဦးကျော် သေဆုံးပြီး ၇၉၈ ဦး ထိခိုက်ဒဏ်ရာရရှိကာ ရှစ်ဦးပျောက်ဆုံးခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြောင့် အဆောက်အအုံ ၃၀၄ လုံး၊ မော်တော်ကား ၁၂၄၂၈ စီးနှင့် ကုန်တင်ယာဉ် ၇၅၃၃ စီး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ပျက်စီးသွားသော ပစ္စည်းများ၏ စုစုပေါင်း တန်ဖိုးသည် ယွမ် ၆ ဒသမ ၈၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ဘီလီယံ) ရှိခဲ့သည်။

ရှိုင်ဟိုင် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီ ဥက္ကဋ္ဌ ယူဇီဝိုင်းသည် ဘေးဥပဒ်ဖြစ်စေသော ဓာတုပစ္စည်းများကို ဆိပ်ကမ်းတွင် သိုလှောင်ခွင့်ရရှိရန် ဆိပ်ကမ်းအာဏာပိုင်များအား ယွမ် ၁၅၇၅၀၀ (အမေရိကန်ဒေါ်လာ ၂၃၃၃၃) တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ လာဘ်ထိုးခဲ့ကြောင်း တွေ့ရှိရသည်။

ရှိုင်ဟိုင် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီ ဥက္ကဋ္ဌ ယူဇီဝိုင်းအား တရားမဝင် ဓာတုပစ္စည်းများ သိုလှောင်ထားရှိမှု၊ တရားမဝင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လာဘ်ထိုးမှုအပြင် သိုလှောင်ရုံ ပေါက်ကွဲမှုနှင့် ပတ်သက်သည့်အတွက် သေဒဏ်ချမှတ်ခဲ့သည်။ သို့သော် သူ့အား နှစ်နှစ်ယာယီဆိုင်းငံ့ခွင့်ပေးခဲ့သည်။

ဒုဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာအပါအဝင် အလုပ်သမားသုံးဦးအား ထောင်ဒဏ် ၁၅ နှစ်မှ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခဲ့သည်။ သိုလှောင်ရုံပေါက်ကွဲမှုနှင့် တိုက်ရိုက်ပတ်သက်သည့် ကုမ္ပဏီဝန်ထမ်း ခုနစ်ဦးအား ထောင်ဒဏ် သုံးနှစ်မှ ၁၀ နှစ်အထိ ချမှတ်ခဲ့ကြောင်း သိရသည်။

ရှိုင်ဟိုင် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီကို လုံခြုံရေးဆိုင်ရာ အစီရင်ခံစာများ အတုပြုလုပ်ပေးသော လုံခြုံမှုတန်ဖိုးထိန်းညှိသည့် ကုမ္ပဏီတစ်ခုမှ ဝန်ထမ်း ၁၁ ဦးကိုလည်း ထောင်ဒဏ်ချမှတ်ခဲ့သည်။

ထန်ကျင်းမြူနီစီပယ်ပို့ဆောင်ရေးကော်မရှင်အကြီးအကဲ ဝူဒိုင် အပါအဝင် တာဝန်ရှိသူ ၂၅ ဦးအား တာဝန်ဝတ္တရားများ ပျက်ကွက်ခြင်း၊ အခွင့်အာဏာအလွဲသုံးစားပြုခြင်းနှင့် လာဘ်ထိုးငွေနှင့် လက်ဆောင်ပစ္စည်းများ လက်ခံရယူခြင်းတို့ကြောင့် ထောင်ဒဏ် သုံးနှစ်မှ ခုနစ်နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

## အရပ်သား ထောင်ပေါင်းများစွာအား ၎င်းတို့နှင့်အတူ ဆုတ်ခွာရန် အိုင်အက်စ်အဖွဲ့က အတင်းအကျပ် လုပ်ဆောင်ဟုဆို

**ဂျီနီဗာ နိုဝင်ဘာ ၉**


အီရတ်ရဲတပ်ဖွဲ့က ပြန်လည်သိမ်းယူရရှိခဲ့သော ဟာမန်အယ်လ်အလီမြို့မှ အရပ်သူ အရပ်သား ထောင်ပေါင်းများစွာကို ၎င်းတို့နှင့်အတူ ပူးပေါင်းဆုတ်ခွာရန် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) တိုက်ခိုက်ရေးသမားများက အတင်းအကျပ် စေခိုင်းခဲ့ကြောင်း၊ စစ်သွေးကြွများသည် မိုဆူးလ်လေဆိပ်ဆီသို့ ဦးတည်ကာ ဆုတ်ခွာလျက်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားသည်။

အီရတ်အစိုးရတပ်ဖွဲ့များသည် မိုဆူးလ်မြို့ကို သိမ်းယူနိုင်ရေးအတွက် ထိုးစစ်ဆင်နွှဲနေပြီး ယင်းမြို့အနီးရှိ အယ်လ်အလီမြို့ကို စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အယ်လ်အလီမြို့ကို အီရတ်တပ်ဖွဲ့များက ပြန်လည်သိမ်းယူခဲ့ရာတွင် (အိုင်အက်စ်)တိုက်ခိုက်ရေးသမားများက ယင်းမြို့တွင်းမှ ၎င်းတို့ချည်းသက်သက် ဆုတ်ခွာခြင်းမပြုဘဲ အရပ်သူ အရပ်သားများဖြစ်သော မိသားစု ၁၅၀၀ ခန့်ကို ၎င်းတို့နှင့်အတူ လိုက်ပါစေခဲ့ကြောင်း ကုလသမဂ္ဂ ဂျီနီဗာအခြေစိုက် လူ့အခွင့်အရေးဆိုင်ရာရုံးမှ ပြောရေးဆိုခွင့်ရှိသူ ရာမီနာ ရှန်ဝါကာနီက ပြောကြားသည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော မိုဆူးလ်မြို့အတွင်းသို့ အနီးဝန်းကျင် အရပ်ဒေသများမှ အရပ်သားများ ရွှေ့ပြောင်းဝင်ရောက်ရန် စစ်သွေးကြွများက အတင်းအကျပ်ပြုမူမည်ဖြစ်ကြောင်း၊ တိုက်ခိုက်မှုများအတွင်း လူသားဒိုင်းကာများအဖြစ် အရပ်သားများကို အသုံးချဖွယ်ရှိကြောင်း ကုလသမဂ္ဂက မကြာသေးမီက သတိပေးပြောကြားခဲ့သည်။

မိုဆူးလ်မြို့ ဝန်းကျင်ဒေသအတွင်းနေထိုင်သော အီရတ်အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်ဟောင်း ၂၈၅ ဦးထက်မနည်းကို အိုင်အက်စ်အဖွဲ့က ဓားစာခံများအဖြစ် အတင်းအကျပ် ခေါ်ဆောင်သွားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရိုက်တာ။**



# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပရန် ကြေညာထားပြီး ဖြစ်ပါကြောင်း၊ အစည်းအဝေးကို တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အချိန်မီရောက်ရှိစေရန် ဖိတ်ကြားထားပြီးဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် တတိယအကြိမ် ပုံမှန်အစည်းအဝေးများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးကိစ္စ၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲဥပဒေကြမ်းများအနက်မှ ပြည်သူလူထုအတွက် အရေးကြီးသည့်ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းနိုင်ရေးကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ရာ လုပ်ငန်းကော်မတီများအလိုက် တာဝန်ယူထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကြောင့် အောင်မြင်ရခြင်းဖြစ်ပါကြောင်း၊ ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယခုကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း၊ ဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း၊ ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း စသည့် ဆောင်ရွက်ဆဲ ဥပဒေကြမ်းများကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း ယခင် ပုံမှန်အစည်းအဝေးများနည်းတူ ညှိနှိုင်းဆွေးနွေးကြပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် အထူးဂရုပြု ဆောင်ရွက်စေပါကြောင်း၊ အစည်းအဝေး ကျင်းပစဉ်ကာလအတွင်း လွှတ်တော်ဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်လည်း အခက်အခဲ မရှိစေရန်အတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့က ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် နိုဝင်ဘာ ၂၀၊ ၂၁၊ ၂၂ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ် ပြုလုပ်နိုင်ရေးအတွက် နိုဝင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ တို့သို့ လည်းကောင်း၊ ၂၀၁၆ ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Yoo Jae Kyung အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံမီဒီယာကဏ္ဍဖလှယ်ရေး ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် နိုဝင်ဘာ ၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နှစ်ကိုင်းကျေးရွာအုပ်စု ပဒိုင်ကြီးကျေးရွာအား နိုဝင်ဘာပထမပတ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အတူ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးဝင်းနိုင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်းတို့လိုက်ပါလျက် ကျေးရွာအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ တိုးတက်အောင်မြင်မှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**(ကြေးမုံ)**



ရထားရဲတပ်ဖွဲ့ အမှတ်(၁၈) တပ်ခွဲ တောင်တွင်းကြီးတပ်ခွဲမှူး ရဲအုပ်စန်းထူးနိုင်နှင့် ဒုတိယရဲအုပ် ဇော်လွင်ဦးတို့က နိုဝင်ဘာ ၉ ရက်တွင် တောင်တွင်းကြီးဘူတာ (တာဝန်ခံ)ရုံပိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်ပူးပေါင်း၍ တောင်တွင်းကြီးဘူတာ၌ ရထားစီးရန် စောင့်ဆိုင်းနေသော ခရီးသည်များအား မှုခင်းများ မဖြစ်ပွားစေရေးနှင့် ရထားအား ခဲဖြင့်ပစ်ပေါက်ပါက အရေးယူခံရမည့် ပြစ်ဒဏ်များအား အသိပေးဟောပြောဆွေးနွေးစဉ်။

**(ရထားရဲတပ်ဖွဲ့)**

# ထိုင်ဝမ်မှ E.SUN ဘဏ်၏ ရန်ကုန်ဘဏ်ခွဲ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၉**

ထိုင်ဝမ်၏ အကောင်းဆုံး ပုဂ္ဂလိကပိုင် ဘဏ်တစ်ခုဖြစ်သော E.SUN ဘဏ်မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အနေဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်သော E.SUN ဘဏ်၏ ရန်ကုန်ဘဏ်ခွဲကို မြန်မာစင်တာ တာဝါ (၁)ရှိ ၂၀ လွှာ၌ နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ E.SUN ဘဏ်မှာ မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်နိုင်ရန် ကြိုးပမ်းနေသော ထိုင်ဝမ်ဘဏ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံ၍ E.SUN ဘဏ်၏ ရန်ကုန်ဘဏ်ခွဲသည် လုပ်ငန်းစတင်လည်ပတ်ချိန်မှာပင် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသော နိုင်ငံခြားသားပိုင်ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကို ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ကာ ဘဏ်၌ ငွေသွင်းခြင်းများ၊ ငွေထုတ်ပေးခြင်းများ၊ ငွေလွှဲခြင်းများ၊ ငွေချေးခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်ခြင်းလုပ်ငန်းများအပါအဝင် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်တွင်တည်ရှိပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ကာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေးအခွင့်အလမ်းများမှာလည်း အရှိန်အဟုန်ပြန်လည်ရရှိလာပြီဖြစ်သောကြောင့် အာရှတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွဲဆောင်နေသော အဓိကနေရာတစ်ခုအဖြစ် အလျင်အမြန်ဖြစ်လာပြီဖြစ်သည်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ထိုင်ဝမ်ကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် စိတ်ဝင်စားလာကြပြီး ထိုင်ဝမ်မှလည်း အနာဂတ်အတွက် မျှော်မှန်းပြီး ခိုင်မာသောငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ရန်နှင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်းရှိ ဘဏ်၏ အခြားလုပ်ငန်းများနှင့်အတူ ဖက်စပ်ဆောင်ရွက်ရန်အတွက် E.SUN ဘဏ်ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။




E.SUN ဘဏ်သည် ရန်ကုန်ဘဏ်ခွဲမဖွင့်လှစ်မီက ကမ္ဘောဒီးယားနိုင်ငံ၌ UBC လက်အောက်ခံကုမ္ပဏီခွဲ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ ဒေါင်နိုင်းမြို့တို့တွင် ဘဏ်ခွဲများ၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းကိုယ်စားလှယ်ရုံး စသည်ဖြင့် အာဆီယံနိုင်ငံများတွင်လည်း လုပ်ငန်းအချို့ကို ဖွင့်လှစ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ၁၉၉၂ ခုနှစ်က စတင်တည်ထောင်ခဲ့သော E.SUN ဘဏ်သည် ထိုင်ဝမ်၌ အကောင်းဆုံး ပုဂ္ဂလိကပိုင်ဘဏ်တစ်ခုအဖြစ်ရပ်တည်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင်လည်း ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဇူလိုင်လပိုင်းက ကိုယ်စားလှယ်ရုံး စတင်ဖွင့်လှစ်ရာတွင် E.SUN ဘဏ်သည် ထိုင်ဝမ်ပိုင်နှင့် နိုင်ငံခြားသားပိုင်လုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာသတင်းအချက်အလက်များ၊ လိုအပ်သည့် အကြံဉာဏ်များကို ကူညီပံ့ပိုးပေးခဲ့ပြီး ဒေသခံဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ခဲ့ကြောင်း၊ ထို့ပြင် E.SUN ဘဏ်မှ အာဆီယံဈေးကွက်သို့ ဝင်ရောက်နိုင်မည့် နည်းလမ်းများကို ရှာဖွေနေသော စီးပွားရေးလုပ်ငန်းများအတွက် ယုံကြည်စိတ်ချရမှု အရှိဆုံး လုပ်ဖော်ကိုင်ဖက်တစ်ဦးအဖြစ် ရပ်တည်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)**

# ဗဟိုဘဏ် ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း ဆိုသည်မှာ . . .

## ဦးဝင်းသော်(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ်ရုံးဖွင့်ရက် နံနက်တိုင်း ကြေညာပေးလျက်ရှိသော "ဗဟိုဘဏ် ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း" အား လူအများစိတ်ဝင်စားကြပါသည်။ သို့သော် ဗဟိုဘဏ် ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းအား "ဗဟိုဘဏ်ငွေလဲလှယ်နှုန်း" ဟုသာ ပြောဆိုသုံးနှုန်းလျက်ရှိပြီး ယင်းဗဟိုဘဏ် ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းအား မည်သို့သတ်မှတ်သည်၊ မည်သည့်အချိန်ကစတင်၍ ဆောင်ရွက်ခဲ့သည်ဆိုသည်ကိုမူ သိရှိသူနည်းပါးပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မတိုင်မီက မြန်မာကျပ်ငွေလဲလှယ်နှုန်းကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ SDR (Special Drawing Right) နှင့် ချိတ်ဆက်သတ်မှတ်သည့် ပုံသေငွေလဲလှယ်နှုန်းစနစ် (Fixed Exchange Rate System) ကို အသုံးပြုခဲ့သည်။ ယင်းနောက် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ စီမံခန့်ခွဲထားသည့် နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime) ကို ပြောင်းလဲအသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလ မတိုင်မီက အမေရိကန်တစ်ဒေါ်လာလျှင် ခြောက်ကျပ်ကျော် ပုံသေသတ်မှတ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ယင်းနှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်အရ နိုင်ငံခြားငွေဝယ်လိုအားနှင့် ရောင်းလိုအား အနည်းအများအပေါ် အခြေခံ၍ နိုင်ငံခြားငွေလဲလှယ်နှုန်းများ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ပုံမှန်အားဖြင့် ဈေးကွက်အတွင်းတွင် နိုင်ငံခြားငွေအရောင်းပမာဏနှင့် နိုင်ငံခြားငွေအဝယ် ပမာဏတို့ တူညီနေပါက ငွေလဲလှယ်နှုန်းတည်ငြိမ်နေမည်ဖြစ်ပါသည်။ ယင်းသို့ မဟုတ်ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေ ရောင်းချလိုသော ပမာဏက နိုင်ငံခြားငွေဝယ်ယူလိုသော ပမာဏထက်များပါက နိုင်ငံအတွင်းရှိ နိုင်ငံခြားငွေတန်ဖိုး ကျဆင်းကာ ယင်းနိုင်ငံသုံးငွေကြေးတန်ဖိုးတက်လာမည်ဖြစ်ပါသည်။

နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်တွင် ဈေးကွက်အတွင်း နိုင်ငံခြားငွေအရောင်းအဝယ် ပြုလုပ်ရာ၌ အကိုးအကားပြုနိုင်ရန်အတွက် ဗဟိုဘဏ်က ရည်ညွှန်းငွေလဲလှယ်နှုန်းကို ထုတ်ပြန်ကြေညာပေးရန် လိုအပ်ပါသည်။ ဗဟိုဘဏ်အနေဖြင့် ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းကို သတ်မှတ်ရာတွင် နိုင်ငံခြားငွေဈေးကွက်အတွင်း အရောင်း/အဝယ်ပြုလုပ်မှုများအပေါ် အခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်မူ နိုင်ငံခြားငွေကြေးဈေးကွက် မဖွံ့ဖြိုးသေးသည့်အတွက် ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင်လေလံ (Foreign Exchange Auction) အား နေ့စဉ်ရုံးဖွင့်ရက် နံနက် ၉ နာရီတွင် ပြုလုပ်ဆောင်ရွက်ပေးပါသည်။ ၎င်း Auction တွင် ဘဏ်အသီးသီးမှ တင်ပြလာသော ဝယ်ဈေး/ရောင်းဈေးများထဲမှ ဈေးကွက်နှင့် အနီးစပ်ဆုံး၊ အထင်ဟပ်ဆုံးဖြစ်သော ဈေးနှုန်းအား ရွေးချယ်ပြီး Cut-off Rate အဖြစ် သတ်မှတ်သည်။ အဆိုပါ Cut-off Rate သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သော ဈေးနှုန်းမဟုတ်ဘဲ ဈေးကွက်ကို အခြေခံသော ဈေးနှုန်းသာဖြစ်ပြီး အဆိုပါဈေးနှုန်းကို ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) အဖြစ် ကြေညာပေးခြင်း ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်မှုပြုနေကြသော နှုန်းထားထဲမှ ဈေးကွက်နှင့် အနီးစပ်ဆုံး၊ အကိုက်ညီဆုံးဖြစ်မည့် ဈေးနှုန်းအား ရှာဖွေသတ်မှတ်ခြင်း (Price Discovery Mechanism) သာ ဖြစ်ပါသည်။ အဆိုပါဈေးနှုန်းသည် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းပေါ်တွင် အခြေခံ၍ ရွေးချယ်သတ်မှတ်ခြင်းဖြစ်သဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လျှင် Reference Rate မြင့်တက်မည်ဖြစ်ပြီး ဈေးကွက်အတွင်း ဈေးနှုန်းကျဆင်းလျှင် Reference Rate လည်းကျဆင်းမည်ဖြစ်သည်။ သို့ရာတွင် ဗဟိုဘဏ် Foreign Exchange Auction (FX Auction) သို့ဝင်ရောက်သည့် ဘဏ်အရေအတွက် နည်းပါး၍ ဘဏ်များအကြား ယှဉ်ပြိုင်မှုလည်း နည်းပါက Auction ဖြင့် သတ်မှတ်သည့် ဈေးနှုန်းသည် ဈေးကွက်ဈေးနှုန်းနှင့် ကွာဟမှုဖြစ်ပေါ်နိုင်ပါသည်။ ၎င်းအပြင် ဗဟိုဘဏ် FX Auction မှ သတ်မှတ်သော ဗဟိုဘဏ်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုနှုန်းသည်လည်း ဈေးကွက်နိုင်ငံခြားငွေ လဲလှယ်နှုန်းပြောင်းလဲမှုနှုန်းထက် အနည်းငယ်ပိုမိုနှေးကွေးမှုဖြစ်ပေါ်လေ့ရှိပါသည်။

သို့ဖြစ်၍ ဗဟိုဘဏ် Reference Rate သည် ဈေးနှုန်းအား မြင့်တက်စေရန် သို့မဟုတ် ကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် ထိန်းချုပ်ထားမှုမရှိသဖြင့် ဗဟိုဘဏ်ဈေးနှုန်းအရ ဈေးတက်မည် သို့မဟုတ် ကျဆင်းမည်ဟူသော အချက်ပြမှု (Signal) မဟုတ်ကြောင်း ရှင်းလင်းစွာ နားလည်ကြရန် လိုအပ်ပါသည်။ ဗဟိုဘဏ်သည် ဒေါ်လာဈေးနှုန်း အတက်၊ အကျကို ထိန်းချုပ်ရန် တာဝန်မရှိပါ။ ထိန်းချုပ်ရန် အကြောင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ဒေါ်လာဈေးနှုန်း အတက်အကျသည် နိုင်ငံခြားငွေ ဝယ်လိုအားနှင့် ရောင်းလိုအားကို သက်ရောက်စေနိုင်သည့် အကြောင်းရင်းများအပေါ်တွင် အခြေခံပြီး အဓိကကျသောအချက်များမှာ နိုင်ငံတကာ ငွေကြေးဈေးကွက် အခြေအနေ၊ တိုင်းပြည်၏ ပို့ကုန်/သွင်းကုန်ပမာဏ၊ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ရသုံးမှန်းခြေငွေစာရင်းရှင်းတမ်း အခြေအနေ၊ စီးပွားရေးစနစ်အတွင်းသို့ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းများ၏ အခြေအနေစသည်တို့ဖြစ်ပြီး တစ်နည်းအားဖြင့် စီးပွားရေးစနစ်အတွင်းသို့ အတွင်း/အပြင် အခြေခံအချက်များကြောင့် ဖြစ်ပါသည်။ အကယ်၍ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားငွေများ လုံလောက်စွာစီးဝင်လာပါက နိုင်ငံခြားငွေရောင်းချလိုသောပမာဏ များပြားလာပြီး နိုင်ငံခြားငွေအပေါ် ဝယ်လိုအားနှင့် ရောင်းလိုအားတို့ညီမျှ၍ ငွေလဲလှယ်နှုန်းများလည်း တည်ငြိမ်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွင်းသို့ နိုင်ငံခြားငွေများ လုံလောက်စွာ စီးဝင်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် တစ်နေ့တာအတွက် နိုင်ငံခြားငွေကြေးဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားရာတွင် အကိုးအကားပြုနိုင်ရန်အတွက် ထုတ်ပြန်ကြေညာသောနှုန်းသာဖြစ်ကြောင်း၊ ဈေးကွက်အတက်၊ အကျအား အချက်ပြသော၊ ဈေးကွက်ကို ထိန်းချုပ်လိုသော သဘောတရားမပါရှိဘဲ ဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများပေါ် အခြေခံ၍ ထုတ်ပြန်ကြေညာခြင်းသာဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

> **ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် တစ်နေ့တာအတွက် နိုင်ငံခြားငွေကြေးဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားရာတွင် အကိုးအကားပြုနိုင်ရန်အတွက် ထုတ်ပြန်ကြေညာသောနှုန်းသာဖြစ်ကြောင်း၊ ဈေးကွက်အတက်၊ အကျအား အချက်ပြသော၊ ဈေးကွက်ကိုထိန်းချုပ်လိုသော သဘောတရားမပါရှိဘဲ ဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများပေါ် အခြေခံ၍ ထုတ်ပြန်ကြေညာခြင်းသာဖြစ် . . .**

# မြန်မာနိုင်ငံ ဝက်နားရွက်ပြာရောဂါထိန်းချုပ်ရေးအတွက် အထောက်အကူဖြစ်စေမည့် လေ့လာရေးအဖွဲ့မှ ပြန်လည်တင်ပြသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်းပြုလုပ်သည့် မြန်မာနိုင်ငံ ဝက်နားရွက်ပြာရောဂါ ထိန်းချုပ်ရေးအတွက် အထောက်အကူဖြစ်စေမည့် ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်မှု လေ့လာရေးအဖွဲ့မှ ပြန်လည်တင်ပြသည့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော် Kempinski Hotel Irrawady Ball Room၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်တက်ရောက်အမှာစကား ပြောကြားသည်။




အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်က စားနပ်ရိက္ခာဖူလုံပြည့်ဝရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများသည် များစွာအရေးပါပြီး တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်နိုင်ရုံသာမက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက်ပါ အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး ဝက်မွေးမြူရေးအတွက် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည့် ဝက်နားရွက်ပြာရောဂါ တိုက်ဖျက်ရေးလုပ်ငန်းသည် အလေးပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဝက်နားရွက်ပြာရောဂါအခြေစိုက် ဖြစ်ပွားလာပါက ကင်းစင်သွားအောင် ပြုလုပ်ရန်ခက်ခဲသည့်အတွက် Stakeholder များအားလုံး ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် FAO/ ECTAD မှ Country Team Leader ဖြစ်သူ Dr. David Hadrill က ဝက်နားရွက်ပြာရောဂါကြောင့် ဝက်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများတွင် ဆုံးရှုံးနစ်နာမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ဆက်လက်၍ ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်မှု လေ့လာရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် အမေရိကန်နိုင်ငံ Minnesota တက္ကသိုလ်မှ Professor Dr. Robert Morrison က ဝက်နားရွက်ပြာရောဂါထိန်းချုပ်မှု လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ၊ စည်ပင်သာယာရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် FAO မှ ကိုယ်စားလှယ်များ၊ လေ့လာရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်တို့က ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် ကိန်းဂဏန်းများအရ ဝက်ကောင်ရေ ၁၂သန်းကျော်ခန့်ရှိသည့်အနက် ၉၉ ရာခိုင်နှုန်းသော ဝက်မွေးမြူရေး လုပ်ငန်းများသည် တစ်နိုင်တစ်ပိုင်ပုံစံများဖြင့်မွေးမြူကြပြီး ဝင်ငွေပိုမိုရရှိစေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်လျက်ရှိကြသည်။ အပြင်းစား ဝက် နားရွက်ပြာရောဂါ (PRRS) ကို တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ (က) စာရင်းဝင် ရောဂါအဖြစ် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့စွဲဖြင့် သတ်မှတ်ထုတ်ပြန်ကြေညာခဲ့ပြီး ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ခန္တီတရား အလေးထားသည့် ကမ္ဘာ့ဒဿနဗေဒနေ့

**စိန်မောင်တင်**

ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး (UNESCO)ကကြီးမှူး၍ ယခုနှစ် ကမ္ဘာ့ဒဿနဗေဒနေ့ (World Philosophy Day) ကို နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ယူနက်စကိုဌာနချုပ်၌ ထူးခြားသော အခမ်းအနားများဖြင့် ကျင်းပပေတော့မည်။ ကမ္ဘာ့ဒဿနဗေဒနေ့တွင် ကမ္ဘာပေါ်ရှိ လူ့အဖွဲ့အစည်းများအား သည်းခံခြင်းတရားနှင့် ငြိမ်းချမ်းခြင်းတရား တည်ဆောက်ရန် စုပေါင်းလုပ်ဆောင်စေရေးအလို့ငှာ နှိုးဆော်တိုက်တွန်းပါသည်။ ယခုနှစ် အစီအစဉ်သည် နိုင်ငံတကာဆိုင်ရာ သည်းခံခြင်းတရားနေ့နှင့်အညီ အလေးပေးဆောင်ရွက်ရန် သဘောထားချင်းတူညီပေသည်။ ကမ္ဘာ့ဒဿနဗေဒနေ့ အခမ်းအနားများတွင် ယနေ့ကမ္ဘာကြီး၌ အဆိုပါ သည်းခံခြင်းတရားနှင့်ဆက်စပ်၍ ဒဿနဗေဒဆိုင်ရာ ကျင့်သုံးမှုအသစ်များ လိုအပ်နေမှုကိုအလေးပေးဖော်ပြရပေမည်။ ထို့အပြင် ဒဿနဗေဒဆိုင်ရာ သင်ကြားမှုနှင့်သင်ယူမှု နည်းလမ်းသစ်များကိုလည်း တိုးတက်ပွားများလာစေရန် ကြိုးပမ်းရပေမည်။

အဆိုပါနေ့၏ အခမ်းအနားအစီအစဉ်များ၌

(က) (၁၅)ကြိမ်မြောက် နိုင်ငံတကာ၏ ဒဿနဗေဒကျင့်သုံးမှုအသစ်များဆိုင်ရာ ဆွေးနွေးပွဲ

(ခ) သည်းခံခြင်းတရား စားပွဲဝိုင်း ဆွေးနွေးပွဲ

(ဂ) ကလေးသူငယ်များနှင့်ဆက်စပ်၍ ဒဿနဗေဒကျင့်သုံးမှုအယူအဆကို ယူနက်စကိုက ဦးစီးလျက် မိတ်ဆက်ခြင်း

(ဃ) အရစ္စတိုတယ်၏ အတွေးအခေါ်သင်ကြားမှု စားပွဲဝိုင်းဆွေးနွေးပွဲ

(င) "ဒဿနဗေဒ၏ ညချမ်းချိန်ခါ" ဟူသော အစီအစဉ်များပါဝင်လျက် သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်၌ ကမ္ဘာ့ဒဿနဗေဒနေ့ စတင်ကျင်းပသည့်ကာလအပိုင်းအခြားတွင် ယူနက်စကို အထွေထွေညီလာခံက လူငယ်များအတွက် အလေးပေးရည်ညွှန်းဖော်ဆောင်ခဲ့သည်မှာ "ဒဿနဗေဒသည် ဘာသာရပ်တစ်ခုဖြစ်၍ ဝေဖန်ဆန်းစစ်လေ့လာတွေးခေါ်ခြင်းနှင့် သီးခြားလွတ်လပ်စွာ စဉ်းစားတွေးခေါ်ခြင်း တို့ကို အားပေး၍ ကမ္ဘာကြီးအား သေချာကောင်းမွန်စွာ သိနားလည်နိုင်စွမ်းရရှိစေလျက် သည်းခံခြင်းနှင့် ငြိမ်းချမ်းရေးတရားများ မြှင့်တင်နိုင်ရေးတို့ကို ဦးစားပေးခဲ့ပါသည်။"

ယူနက်စကိုအဖွဲ့ကြီးက ကြီးမှူးလျက် နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ၏ တတိယပတ် ကြာသပတေးနေ့တိုင်း ကျင်းပလာခဲ့ခြင်းအားဖြင့် သီးခြားပုဂ္ဂလိက တစ်ဦးချင်းစီနှင့် ယဉ်ကျေးမှုတစ်ခုစီဆိုင်ရာ လူသားအတွေးအခေါ်၏ မြင့်မားတိုးတက်မှုကို ဖြစ်တည်စေသော ဒဿနဗေဒ၏ အဓွန့်ရှည်စွာ တည်တံ့လာခဲ့သည့်တန်ဖိုးကို အလေးအနက်ပေါ်လွင်လာစေခဲ့ပါသည်။ ယူနက်စကိုအဖွဲ့ကြီးသည် ကမ္ဘာ့ဒဿနဗေဒနေ့ကိုကြီးမှူး၍ ကျင်းပပေးနေသော်လည်း အဖွဲ့အစည်းကြီး၏ မူပိုင်သဘောမဆောင်ပေ။ အဆိုပါနေ့ကြီးသည် နေရာဒေသမရွေး၊ လူမျိုးဘာသာမရွေး ဒဿနဗေဒကို စိတ်ဝင်စားသူ၊ အလေးထားသူအားလုံးနှင့်သက်ဆိုင်ပါသည်။ ယခုနှစ် ကမ္ဘာ့ဒဿနဗေဒနေ့၏ဆောင်ပုဒ်အဖြစ် "ပညာလူ့အဖွဲ့အစည်းများကိုတည်ဆောက်ကြပါစို့"ဟူ၍ ဖော်ပြလိုပါသည်။

ကမ္ဘာ့ဒဿနဗေဒနေ့ အခမ်းအနားအစီအစဉ်များ၌ပါဝင်သည့် အစီအစဉ်တစ်ရပ်မှာ "(၁၅)ကြိမ်မြောက် နိုင်ငံတကာ၏ ဒဿနဗေဒကျင့်သုံးမှုအသစ်များဆိုင်ရာ ဆွေးနွေးပွဲ"သည် ဒဿနဗေဒကျင့်သုံးမှုကို စိတ်ဝင်စားသူတိုင်းအတွက် ဖိုရမ်တစ်ခုအဖြစ် အပြန်အလှန်ညှိနှိုင်းဆွေးနွေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဆိုပါဆွေးနွေးပွဲသည် ဒဿနဗေဒကို လူများနိုင်သမျှ များများစိတ်ပါဝင်စားလာစေရန် ရည်ရွယ်ပေသည်။ အဆိုပါဆွေးနွေးပွဲသည် ဒဿနဗေဒကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၊ ဆေးရုံများ၊ အကျဉ်းထောင်များ၊ ကော်ဖီနှင့် လက်ဖက်ရည်ဆိုင်များ၊ ညနေပိုင်းသင်တန်းများ၊ အများပြည်သူစာကြည့်တိုက်များ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများသို့ရောက်ရှိပြန့်ပွားစေရန် မျှော်မှန်းပါသည်။ အဆိုပါဆွေးနွေးပွဲသို့ သုတေသနပညာရှင်များ၊ ဆရာဆရာမများ၊ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများနှင့် စိတ်ပါဝင်စားသူများအား လာရောက်ရန်ဖိတ်ခေါ်၍ ၎င်းတို့၏အယူအဆများကို မျှဝေရန် တိုက်တွန်းနှိုးဆော်ပါသည်။

အခမ်းအနားအစီအစဉ်များအနက် တစ်ခုမှာ "သည်းခံခြင်းတရားနှင့်ပတ်သက်၍ အတူတကွ ဆွေးနွေးကြပါစို့" စားပွဲဝိုင်းဆွေးနွေးပွဲ ဖြစ်ပါသည်။ အဆိုပါဆွေးနွေးပွဲသည် သည်းခံခြင်းတရားနှင့်ဆက်စပ်သော ဒဿနဗေဒဆိုင်ရာပြဿနာကို ဆွေးနွေးရန် ရည်ရွယ်လေသည်။ အဆိုပါသည်းခံခြင်းသဘောသည် လူမှုရေးပြောင်းလဲမှုနယ်ပယ်ရှိ ယဉ်ကျေးမှုများပေါင်းစည်းခြင်းဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှု၏ အဓိကသဘောတစ်ရပ်ဖြစ်လေသည်။ အဆိုပါသည်းခံခြင်းတရားသည် ဒဿနဆိုင်ရာ နိုင်ငံရေးသဘောထားတစ်ရပ်ဖြစ်သည့်အပြင် သီးခြားပုဂ္ဂလိကတစ်ဦးချင်းစီ၏ တန်ဖိုးလည်းဖြစ်၍ ဘာသာစကား၊ ဒေသန္တရ၊ ယဉ်ကျေးမှုအမွေအနှစ်တို့နှင့်ဆက်စပ်၍လည်း အဓိပ္ပာယ်များစွာ သက်ရောက်မှုရှိလေသည်။

သည်းခံခြင်းတရားသည် နက်နဲသောပြဿနာတစ်ရပ်ဖြစ်၍ လူမျိုးရေးဝါဒ ရှေ့တန်းတင်လာခြင်း၊ အမျိုးသားရေးဝါဒအစွန်းရောက်ပုံစံဖြစ်လာခြင်း၊ ဘာသာရေးအယူသန်မှုပြင်းထန်လာခြင်း၊ လူမှုရေးဝိုင်းကြဉ်မှုနှင့် ခွဲခြားဆက်ဆံမှုကြီးထွားလာခြင်းတို့အတွက် အရေးကြီးသော သဘောထားတစ်ရပ်ဖြစ်လေသည်။ သို့ဖြစ်၍ ယခုကဲ့သို့သော အချိန်အခါသမယ၌ အဆိုပါဒဿနဆိုင်ရာ ဆွေးနွေးမှုသည် အချိန်ကိုက်လိုအပ်ချက် တစ်ရပ်ဖြစ်လေသည်။

အဆိုပါဆွေးနွေးပွဲမှ "ဒဿနဗေဒသည် ကမ္ဘာတစ်ဝန်းလုံး၌ရှိသော သည်းခံခြင်းသဘောထားနှင့်ပတ်သက်၍လည်းကောင်း၊ ဘာသာစကားများ၌ရှိသော သည်းခံခြင်းအဓိပ္ပာယ်အသီးသီးကိုလည်းကောင်း၊ "မည်ကဲ့သို့ ပြောဆိုကြမည်နည်း" ဟူသော မေးခွန်းပေါ်ထွက်လာပါသည်။

ကမ္ဘာ့ဒဿနဗေဒနေ့ အခမ်းအနား၌ပါဝင်သော "ယူနက်စကိုအဖွဲ့ကြီးက ကြီးကြပ်သည့် ကလေးသူငယ်များနှင့်အတူ ဒဿနဗေဒဆိုင်ရာ ကျင့်သုံးမှု" အစီအစဉ်သည် ယဉ်ကျေးမှုပေါင်းစည်းခြင်းဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုနှင့် လူမှုရေးပြောင်းလဲမှုတို့အတွက် ပညာပေးသည့် အခြေခံတစ်ရပ် ဖြစ်ပါသည်။

မကြာသေးမီ နှစ်ကာလများ၌ ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရအဖွဲ့အစည်းများအား တပ်လှန့်စေမှုဖြစ်ခဲ့သော ဖြစ်ရပ်များကြောင့် အနာဂတ်နိုင်ငံသားများကို ကလေးသူငယ်ဘဝများမှစတင်၍ ဝေဖန်ဆန်းစစ်လေ့လာသုံးသပ်တွေးခေါ်ခြင်း၊ လူသားဆိုင်ရာတန်ဖိုးများ၊ ကျားနှင့်မ တန်းတူညီမျှမှု၊ ယဉ်ကျေးမှုများအကြား လေးစားစွာနှင့် ငြိမ်းချမ်းစွာ အပြန်အလှန်ဆွေးနွေးမှုတို့အတွက် ပညာပေးရန် လိုအပ်လှပေသည်။

ယူနက်စကိုသည် အသက်(၄)နှစ်မှ (၁၈)နှစ်အကြားရှိ ကလေးသူငယ်များအား ကျောင်းများမှတစ်ဆင့်လည်းကောင်း၊ ကျယ်ပြန့်သောလူမှုရေးနယ်ပယ်များမှတစ်ဆင့်လည်းကောင်း၊ သုတေသနပြုခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ပျိုးထောင်ခြင်း၊ သင်ကြားနည်းကိရိယာများဖြင့်၊ ဆင့်ပွားသင်ကြားခြင်းနည်းလမ်းများဖြင့် အထက်ဖော်ပြပါ နိုင်ငံသားများကဲ့သို့ဖြစ်လာစေရန် ပညာပေးရပေမည်။

ယူနက်စကိုအဖွဲ့ကြီးသည် အထက်ပါလုပ်ငန်းအောင်မြင်စေရေးအတွက် ဤအကြောင်းအရာကို ဆောင်ရွက်နေသောအဖွဲ့များနှင့် ပြင်သစ်အဖွဲ့များအား ညှိနှိုင်းပူးပေါင်းဆောင်ရွက်စေခြင်း၊ သုတေသနပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်လုပ်ကိုင်သူများအကြား ကမ္ဘာ၏ တောင်ပိုင်းနိုင်ငံများနှင့် မြောက်ပိုင်းနိုင်ငံများ ဆက်သွယ်မှုအရ တစ်ခုတည်းပူးပေါင်းဆောင်ရွက်ခြင်းကို ကြီးကြပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်များအား စုပေါင်းဆွေးနွေးနိုင်သည့် အခြေခံတစ်ရပ်ဖန်တီးလုပ်ဆောင်၍ လွယ်ကူစွာဆွေးနွေးနိုင်စေရန် ကြီးကြပ်ပေးမည် ဖြစ်ပါသည်။

အခြားအစီအစဉ်တစ်ခုမှာ "အရစ္စတိုတယ်၏ အတွေးအခေါ်သင်ကြားမှု"ကို စားပွဲဝိုင်းဆွေးနွေးပွဲ ပြုလုပ်ပါမည်။ ၂၀၁၆ ခုနှစ် ကမ္ဘာ့ဒဿနဗေဒနေ့သည် အရစ္စတိုတယ်၏ နှစ်ပေါင်း ၂၄၀၀ ပြည့်မွေးနေ့နှင့် တိုက်ဆိုင်နေပါသည်။ သို့ဖြစ်၍ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၌ အရစ္စတိုတယ်၏အတွေးအခေါ်အား သင်ကြားခြင်းဆိုင်ရာနည်းလမ်းနှင့် အရစ္စတိုတယ်အား သင်ကြားခြင်းဆိုင်ရာတိုးတက်မှုတို့ကို စားပွဲဝိုင်းဆွေးနွေးပွဲ ပြုလုပ်မည် ဖြစ်ပါသည်။ ယူနက်စကိုအဖွဲ့ကြီး၏ (၃၈)ကြိမ်မြောက်ညီလာခံက ယခုနှစ် ၂၀၁၆ ခုနှစ်အား အရစ္စတိုတယ်အထိမ်းအမှတ်နှစ်အဖြစ် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ကမ္ဘာ့ဒဿနဗေဒနေ့၏ အခြားအစီအစဉ်တစ်ခုမှာ "ဒဿနဗေဒဆိုင်ရာ ညချမ်းချိန်ခါ" ဖြစ်ပါသည်။ အဆိုပါအစီအစဉ်သည် ညပိုင်း၌ပြုလုပ်မည်ဖြစ်၍ ဒဿနဗေဒ၊ အနုပညာနှင့် အများပြည်သူများအကြား ထိတွေ့ဆွေးနွေးနိုင်သော အခြေအနေတစ်ရပ်ဖန်တီးရန် ရည်ရွယ်ပါသည်။ ဤအစီအစဉ်သည် ပြင်သစ်ဒဿနပညာရှင်နှင့် စင်တင်ဒါရိုက်တာ Meriam Korichi ၏ ပါရီမြို့၊ ဘာလင်မြို့၊ လန်ဒန်မြို့၊ ဟယ်(လ်)စင်ကီမြို့တို့၌ ယခင်ကာလများက အောင်မြင်စွာကျင်းပခဲ့သော သဘောတရားတစ်ရပ်အပေါ် အခြေခံတည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ "ဒဿနဗေဒဆိုင်ရာ ညချမ်းချိန်ခါ" သည် (၁၂)နာရီကြာ အစီအစဉ်တစ်ရပ်ဖြစ်၍ အများပြည်သူပရိသတ်အတွက် ပြုလုပ်ပေးခြင်း ဖြစ်ပါသည်။

ဤအစီအစဉ်၌ ဒဿနပညာရှင်အများအပြားပါဝင်လျက် ယနေ့ကမ္ဘာပေါ်တွင် ထွန်းကားနေသော ဒဿနဗေဒဆိုင်ရာ မြင်ကွင်းအဖုံဖုံကိုလည်းကောင်း၊ ယူနက်စကိုအဖွဲ့ကြီး၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အမြင်သစ်နှင့်ဖော်ထုတ်ထားသော အတွေးအမြင်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပေမည်။ တွေးခေါ်ရှင် အရစ္စတိုတယ်၊ တွေးခေါ်ရှင် လိုက်ဗနိတ်နှင့် သက်ဆိုင်သော အောက်မေ့ဖွယ်အထိမ်းအမှတ်များနှင့် အဓိကဦးတည်ဖော်ပြထားသော သည်းခံခြင်းတရား အယူအဆတို့ကို ဦးစားပေးဆွေးနွေးကြမည် ဖြစ်ပါသည်။

အဆိုပါအစီအစဉ်သည် များစွာသောနေရာများအား အချိန်တစ်ခုတည်း၌ ပြိုင်တူအသုံးပြုလျက် ကျင်းပမည်ဖြစ်ပါသည်။ အစဉ်အလာအားဖြင့် ဒဿနဗေဒပို့ချခြင်းများ၊ တီထွင်ဆန်းသစ်သော လှုပ်ရှားမှုများစွာ တင်ဆက်ခြင်းများ - ပုံစံအားဖြင့် အနုပညာဖန်တီးမှုများ၊ အနုပညာရှင်များ ကိုယ်တိုင်သီဆိုကပြသော ဖျော်ဖြေပွဲ၊ တီထွင်မှု၊ ရသမြောက်မှု၊ သွက်လက်မြူးကြွမှုရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုကားများ၌ ဒဿနဗေဒရှာဖွေရန် ရည်ရွယ်ပြသခြင်းစသည့် ဤအစီအစဉ်တို့ကို ကျင်းပပြုလုပ်ရာတွင် ပါရီမြို့ ယူနက်စကိုအဖွဲ့ချုပ်၌ ပါဝင်ဆွေးနွေးသူများသာမက ကမ္ဘာတစ်ဝန်းမှ ဒစ်ဂျစ်တယ်ဆက်သွယ်မှုဖြင့် မည်သူမဆိုပါဝင်နိုင်သော အစီအစဉ်ဖြစ်ကြောင်းကို ဖော်ပြလိုပါသည်။ ယူနက်စကိုအဖွဲ့ကြီး၌ ဒဿနဗေဒသည် အများပြည်သူပါဝင်နိုင်စေရန်ဆောင်ရွက်ပေး၍ အချိန်ကာလတစ်ရပ်ပေးအပ်ခြင်း၊ အစဉ်အလာအရ လက်ခံထားသောအကန့်အသတ်များကို ဖယ်ရှားခြင်း၊ အနုပညာဆိုင်ရာအမြင်များနှင့် ဒဿနဆိုင်ရာသဘောတရားများ၊ ကျယ်ပြန့်စွာအသေးစိတ်ဖော်ပြချက်များကို ထိတွေ့ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့အား လုပ်ဆောင်ပေးပါသည်။

ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)သည် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ဒဿနဗေဒနေ့ကြီးကို မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် ပထမဆုံးစတင်ကျင်းပခဲ့ပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ဒုတိယအကြိမ်မြောက် ကျင်းပခဲ့ပါသည်။ ယခု ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ တတိယအကြိမ် ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

## Junction group ၏ (၁၇)နှစ်ပြည့်အထိမ်းအမှတ် Charity show ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

Junction group ၏ (၁၇)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မသန်စွမ်းကလေးငယ်များနှင့် အမြင်အကြားချို့တဲ့သူများ၏ လက်မှုပစ္စည်းအရောင်းပွဲနှင့် အနုပညာစွမ်းရည်ဖျော်ဖြေပွဲ (Charity show ) ကို နိုဝင်ဘာ ၆ ရက်၊ ၁၃ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်တို့တွင် ရန်ကုန်မြို့ Junction Centre များတွင် ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် နေပြည်တော်ရှိ Junction Centre ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲသည် မသန်စွမ်းကလေးများ၏ အနုပညာကို ပြည်သူလူထုသိရှိအောင် ကျင်းပခြင်းဖြစ်သည်။ ကျောင်းပေါင်း ၁၂ ကျောင်းပါဝင်ပြီး ကလေးငယ် ၆၆ ဦးပါဝင်ကြောင်း၊ ထိုပွဲမှရောင်းရငွေများကို Junction Group မှ နှစ်ဆပေါင်း၍ သက်ဆိုင်ရာကျောင်းများကို ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်း Marketing Department မှ Public Relations Officer မသွယ်ဇင်ခိုင်က ပြောသည်။

နိုဝင်ဘာ ၆ ရက်တွင် Junction Centre ၈ မိုင်၊ နိုဝင်ဘာ ၁၃ ရက်တွင် Junction Centre Zawana၊ နိုဝင်ဘာ၂၀ ရက်တွင် Junction Center Mawtin၊ နိုဝင်ဘာ ၂၇ ရက်တွင် Junction Square နှင့် ဒီဇင်ဘာ ၃ ရက်တွင် Junction Center Naypyitaw တို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မင်းမော်နှင့်အဖွဲ့)**

## စာပေပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပဲန်မြန်မာရုံးခန်း၌ ကျင်းပသွားမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာဝတ္ထုတို နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာပေပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို "အရေးအသားများ၏ အဖွဲ့တွ"အမည်ဖြင့် ပဲန်မြန်မာရုံးခန်း၌ နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို စာရေးဆရာမ မသီတာ(စမ်းချောင်း)က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး စာပေပညာရပ်ဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးချင်သူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ပဲန်မြန်မာတွင် ကျင်းပလျက်ရှိသော Creative Writing Workshop ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး စာဖတ်သူများနှင့်သာမက စာရေးသူများအချင်းချင်းဆွေးနွေးမည့်ပုံစံနှင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပွဲတွင် စာရေးဆရာ ဟန်ဆန်း(ကိုဟန်ဇော်)က စာရေးသားဟန်များ၊ ပြောင်းလဲလာသည့် အရေးအသားဟန်များနှင့် ပြောင်းလဲလာသည့် အကြောင်းရင်းများကို မေးမြန်းသွားမည်ဖြစ်ပြီး မသီတာ(စမ်းချောင်း)က အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ဉာဏ်လင်းနှင့်အဖွဲ့)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဆန်စပါးဝယ်လိုအား တိုးမြင့်လာစေရေးနှင့် တောင်သူများတွက်ခြေကိုက်သည့် ဈေးနှုန်းရရှိစေရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၉**
ဒေသအလိုက် ဖြစ်ပေါ်နေသည့် လယ်ယာထုတ်ကုန်ဈေးနှုန်းကြောင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုနည်းပါးစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒေသအလိုက် ဖြစ်ပေါ်နေသည့် လယ်ယာထုတ်ကုန်ဈေးနှုန်းကြောင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုနည်းပါးစေရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဒုတိယသမ္မတက မိမိတို့နိုင်ငံ၏ ဆန်စပါးအဓိကထုတ်လုပ်သည့် ဒေသများဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နှစ်စဉ်နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စပါးများစုပြီးထွက်လာသည့်အတွက် ဝယ်လိုအားထက် ရောင်းလိုအား များနေတတ်ပါကြောင်း။

ဥပဒေအရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဆန်စပါးဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားခြင်းသည် ယခုကဲ့သို့ ဖြစ်ပေါ်လာသည့် အခြေအနေများအပေါ် ကောင်းမွန်ပြေလည်အောင် စီမံခန့်ခွဲနိုင်ရန်ဖြစ်ပါကြောင်း၊ စပါးဝယ်ယူရန် လိုအပ်သည့်ဒေသ၊ မြို့နယ်များကို သတ်မှတ်ကာ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တစ်ဆင့် ဦးဆောင်အဖွဲ့ထံတင်ပြပြီး သိုလှောင်ရုံ သို့မဟုတ် ဆန်စက်ကို ဝယ်ယူရေးစခန်းအဖြစ် သတ်မှတ်အခြေချကာ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝယ်ယူရေးတစ်ခုတည်း သာမက သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေး၊ ဖြန့်ဖြူးရောင်းချရေးကိုပါ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခြောက်ခံစက်များနှင့် အခြောက်ခံနိုင်ရေးသည် ဆန်စပါးကဏ္ဍကြီး တစ်ခုလုံးအတွက် အရေးကြီးသည့် ကွင်းဆက်တစ်ခုဖြစ်သည်ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း။

ယခုအစည်းအဝေးတွင် ဒေသအလိုက် လယ်ယာထုတ်ကုန်ဈေးနှုန်းကြောင့် တောင်သူများ ထိခိုက်နစ်နာဆုံးရှုံးမှု နည်းပါးစေရေး မည်သို့ဆောင်ရွက်ပေးနိုင်မည်ဆိုသည့် အချက်များကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာရမည်ဖြစ်ကြောင်း ပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က နှစ်အလိုက် ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှု၊ ဆန်စပါးထုတ်လုပ်မှုစရိတ်ကြီးမားလာမှု၊ လယ်ယာလုပ်သားရှားပါးလာမှုနှင့် ဝယ်လိုအားမြင့်တက်လာရန် ဆန်စပါးကုန်သည်များအား ထောက်ပံ့ဖြေလျှော့ပေးသင့်သည့် အချက်များကို တင်ပြသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းချုပ် တာဝန်ရှိသူတို့က ဒေသအလိုက် အခြေအနေများအပေါ် မူတည်၍ စပါးဝယ်ယူမှုအခြေအနေ၊ ပြည်တွင်း၌ဖြစ်ပေါ်နေသည့် လက်ရှိဆန်စပါးဈေးနှင့် ကမ္ဘာ့ဆန်ဈေးကျဆင်းနေမှု အခြေအနေ၊ ပိုလျှံဆန်များပြည်ပသို့တင်ပို့နေရမှုနှင့် နယ်စပ်ကုန်သွယ်မှု ဘက်မျှအောင် ဆောင်ရွက်ပေးရမည့် အခြေအနေ၊ ကြိုတင်ခွန်ပေးဆောင်နေရမှု၊ နှစ်အလိုက် စပါးဈေးနှုန်း၊ ဆန်ဈေးနှုန်း အတက်၊ အကျ ဖြစ်ပေါ်မှု၊ လက်လီလက်ကား ဈေးနှုန်း၊ စိုက်ပျိုးရေးစရိတ်ချေးငွေ ပြန်ဆပ်ချိန်ကာလ တိုးပေးရေးကိစ္စများကို တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးစရိတ်ချေးငွေထုတ်ချေးမှု၊ ဆန်စပါးဈေးကွက်သစ်ရှာဖွေမှု၊ ကြိုတင်ခွန်ကောက်ခံမှုအခြေအနေနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအား ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်ချက်များကို မှာကြားသည်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်တွင်းပြည်ပဈေးကွက်တွင် ဆန်စပါးဝယ်လိုအား တိုးမြင့်လာစေရေးနှင့် တောင်သူများ တွက်ခြေကိုက်သည့် ဈေးနှုန်းရရှိစေရေးတို့အတွက် ရေတို၊ ရေရှည် အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❂

## ✱ ဟားခါးမြို့မှ

ဟားခါးကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်အေးအေးမွန်တို့က ကောလိပ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတက ဟားခါးကောလိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍသည် မိမိတို့တစ်ဦးချင်းအတွက်သာ မဟုတ်ဘဲ နိုင်ငံ၏အနာဂတ်အတွက်ပါ အရေးကြီးသည်ဟု ခံယူထားရန်လိုအပ်ကြောင်း၊ ကျောင်းသားတစ်ဦးချင်းစီကပါ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြရန်တိုက်တွန်းလိုကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံရေး၌ လူတိုင်းပါဝင်ဆောင်ရွက်ခွင့်ရရှိနေပြီဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ရပ်တန့်မသွားအောင် အသိတရားဖြင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ လူ့အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ဆောက်ရေးတွင် ပညာရည်မြင့်မားရေးလုပ်ငန်းသည် အဓိကကျသည့် အခန်းကဏ္ဍတွင်ပါဝင်နေသဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးပွဲများ၊ ပညာရေးကဏ္ဍမြှင့်တင်ရေးဆွေးနွေးပွဲများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အမျိုးသားပညာရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းပြီးဖြစ်ကြောင်း။

ယခင်ကဆိုလျှင် ချင်းပြည်နယ်မှ ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်ပညာရပ်ဆက်လက်ဆည်းပူးလိုပါက ကလေး၊ ပခုက္ကူ၊ စစ်ကိုင်းတို့သို့ သွားရောက်ပညာသင်ယူကြရသဖြင့် အချိန်နှင့် ငွေကြေးကုန်ကျမှုများပြားပါကြောင်း၊ ဟားခါးကောလိပ်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အချိန်ကုန်၊ငွေကုန်သက်သာစွာဖြင့် ပညာသင်ယူနိုင်တော့မည် ဖြစ်ပါကြောင်း။

ဟားခါးကောလိပ်ဖွင့်လှစ်နိုင်ခြင်းဖြင့် ချင်းပြည်နယ်၏ လူမှုစီးပွားဘဝတိုးတက်လာစေရေးအတွက် အရေးပါသည့်အထောက်အပံ့တစ်ရပ်လည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ အားလုံးက ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ပညာဉာဏ်ဖြင့် ညီညီညွတ်ညွတ် ပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံတော်အနေဖြင့် ဟားခါးကောလိပ်ကို မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်မည့် အစဉ်လေ့လာသင်ယူသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုပေါ်ထွန်းလာစေရန်ဆိုသည့် ပညာရေးမျှော်မှန်းချက်နှင့်အညီ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကောလိပ်တွင် တာဝန်ထမ်းဆောင်ကြသည့် သင်ကြား၊ စီမံအရာထမ်း၊ အမှုထမ်းများနှင့် ပညာသင်ယူကြမည့် ကျောင်းသား ကျောင်းသူများ အားလုံးသည် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုများ တည်တံ့ခိုင်မြဲတိုးတက်နေစေရေး၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီအသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိဉာဏ် အမြော်အမြင်တို့ဖြင့် ပြည့်စုံနေသည့် ပညာရေးပတ်ဝန်းကျင်ကိုဖန်တီးရေး၊ မြန်မာ့လူ့အဖွဲ့အစည်းကို ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်းအဖြစ် ဖြစ်ထွန်းလာရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ဟားခါးကောလိပ်ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ချင်းပြည်နယ်၏ ပညာရေးကဏ္ဍ တစ်ဆင့်တက်လှမ်းနိုင်ခဲ့မှုအတွက် မိမိတို့အနေဖြင့် အလွန်ပင် ဝမ်းမြောက်ပါကြောင်း၊ ချင်းပြည်နယ်သည် ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် သီးခြားပြည်နယ်တစ်ခုဖြစ်ခဲ့ပြီး ဟားခါးမြို့ကို မြို့တော်အဖြစ်သတ်မှတ်ခဲ့ပါကြောင်း၊ ဟားခါးကောလိပ်သည် ဟားခါး၊ ဖလမ်း၊ ထန်တလန်မြို့များမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများသည် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ဘာသာရပ်များကို လွယ်ကူအဆင်ပြေစွာ ဆက်လက်ဆည်းပူးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်၌ ကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းအတွက် ပညာရေးအရသာမက ပြည်နယ်၏ ဖွံ့ဖြိုးမှုလက္ခဏာတစ်ရပ်အဖြစ် ရှုမြင်ပြီး ဂုဏ်ယူဝမ်းမြောက်ကြမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးနှင့် ကောလိပ်ကျောင်းအုပ်ကြီးက ဟားခါးကောလိပ် ဖွင့်လှစ်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကောလိပ်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့သည့် ဟားခါးမြို့ ရှန်းတောင် မြေပြိုသည့်နေရာအား သွားရောက်ကြည့်ရှုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဟားခါးကောလိပ်အဆောင်(၁)ကို တွေ့ရစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၉**
ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ အလုပ်သဘော ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယမန်နေ့ နံနက်ပိုင်းက ဥရောပသမဂ္ဂ စစ်ဘက်ကောင်စီ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ညနေပိုင်းတွင် Political and Security Committee မှ တောင်းဆိုချက်အရ ဥရောပကောင်စီ Oustus Cipsius Building ရှိ အစည်းအဝေးခန်းမ၌ ဥရောပသမဂ္ဂ နိုင်ငံရေးနှင့် လုံခြုံရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု များအပေါ် ဥရောပကောင်စီ၏ အမြင်များနှင့် ပတ်သက်၍လည်းကောင်း၊ လက်ရှိနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် ဘရပ်ဆဲလ်မြို့မှ Antwerp မြို့သို့ သွားရောက်လေ့လာပြီး Antwerp မြို့ရှိ ထင်ရှားသော Cathedral of Our Lady ဘုရားကျောင်းနှင့် မြို့တော်ခန်းမ၊ ပြည်သူ့ရင်ပြင်တို့အား လေ့လာကြည့်ရှုပြီး မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာရာ ဘရပ်ဆဲလ်မြို့သို့ ဒေသစံတော်ချိန် ည ၉ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘရပ်ဆဲလ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြပြီး လေဆိပ်၌ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အီတလီနိုင်ငံခရီးစဉ်သည် အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်ပြီး အီတလီနိုင်ငံရှိ စက်မှုလုပ်ငန်းများ လေ့လာရန်နှင့် အီတလီတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင် စစ်ဘက်ခေါင်းဆောင်များနှင့် တွေ့ဆုံရန်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပသမဂ္ဂ စစ်ဘက်ကောင်စီအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ နည်းပညာအထောက်အကူပြုအဖွဲ့များ စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၉**
ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) နည်းပညာအထောက်အကူပြုအဖွဲ့များ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(ရန်ကုန်)၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ လက်ရှိအခြေအနေနှင့် ဆောင်ရွက်ထားမှုများအား JMC နည်းပညာအထောက်အကူပြုအဖွဲ့မှ ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)၏ နည်းပညာအထောက်အကူပြုအဖွဲ့မှ မရှင်းလင်းသည်များကို မေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများကို ပြုလုပ်ကြသည်။

"လက်ရှိ JMC ရဲ့လုပ်ဆောင်နေတဲ့ လုပ်ငန်းပိုင်းအပေါ်မှာ သူတို့အနေနဲ့ မရှင်းလင်းတာတွေကို မေးမြန်းကြတယ်။ အဓိကအနေနဲ့ ကျွန်တော်တို့ပြန်ရှင်းပြရတာကတော့ JMC လုပ်ငန်းတွေအားလုံးဟာ အစိုးရအနေနဲ့ တစ်ဖက်သတ်ရေးလို့မရသလို အားလုံးစုပေါင်းပြီး သဘောတူညီမှုနဲ့ ရေးသားပြီးတော့ အကောင်အထည်ဖော်ရတာဖြစ်တယ်ဆိုတာကို ရှင်းပြရတာပါ။ ကျွန်တော်တို့ JMC ရဲ့ လုပ်ထုံးလုပ်နည်းတွေကများတော့ ဒါတွေကိုနားလည်အောင် ရှင်းပြရတာပါ"ဟု ယနေ့ ဆွေးနွေးမှုနှင့်ပတ်သက်၍ JMC ၏ နည်းပညာအထောက်အကူပြုကော်မတီ အမှုဆောင်ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးက ပြောကြားသည်။

ဆက်လက်၍ ၎င်းက "အဓိကအနေနဲ့ အားလုံးကြားမှာ စိုးရိမ်နေတာက NCA လက်မှတ်ထိုးပြီးရင်ရော တိုက်ပွဲတွေဖြစ်နေမှာလား၊ ဒါကိုမဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာကို စိုးရိမ်နေကြတယ်။ ဒီစိုးရိမ်စိတ်ကတော့ တပ်မတော်နဲ့ အစိုးရဘက်မှာလည်း ဒီအတိုင်းပါပဲ။ JMC အနေနဲ့လည်း လက်မှတ်ထိုးပြီးတဲ့ အဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်ရင် မကောင်းပါဘူး။ JMC ခိုင်မာဖို့အတွက် အားလုံးကရည်မှန်းချက်တူတော့ ဆွေးနွေးရတာ အများကြီးအပြုသဘောဆောင်ပါတယ်" ဟု ပြောသည်။

အလားတူ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တတိယအကြိမ် အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအစည်းအဝေးတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့ဝင်များ၏ အဆိုပြုချက်မှ ကျန်ရှိသည့် အချက်များအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)အနေဖြင့် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံသို့ အဆိုပြုချက် ရှစ်ခုတင်သွင်းထားပြီး ယင်းတို့အနက် လေးချက်ကို နှစ်ဖက်သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး (ပဏီတ)၊ ဓာတ်ပုံ-ဖေဇော်**

# မြန်မာ့ရေပိုင်နက်အတွင်း စက်လှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၉**
ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အလယ်သံကျော်ကျေးရွာ၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ ပင်လယ်ပြင်တွင် မသင်္ကာဖွယ် စက်လှေတစ်စင်းအား တွေ့ရှိသဖြင့် တပ်မတော်(ရေ)မှ သွားရောက်စစ်ဆေးရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးဖမ်းစက်လှေတစ်စင်းအား တွေ့ရှိခဲ့ပြီး စက်လှေပေါ်တွင် လိုက်ပါလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ဖြစ်သည့် ဘာမင်ဟူစိန်(ဘ)ဆိုင်းမာမွတ်၊ မော်တေကောရီ(ဘ) ဟာပီပီလာမွတ်၊ ရော်စူးအူလာ(ဘ) လူလူမာ၊ မဟာမွန်ဟူစိန်(ဘ) ရှိဦးမာမွတ်၊ တာတာဟူစိန်(ဘ) လာမာမွတ်နှင့် မာမွန်ဟာကီ(ဘ) ဟာလီဟိုဆွန်းတို့ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့သည်။



အဆိုပါ ဖမ်းဆီးရမိသူများအား စစ်ဆေးဆောင်ရွက်နိုင်ရေး အလယ်သံကျော် နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❍

# ကိုးတန်ကောက် ရဲကင်းစခန်းတိုက်ခိုက်မှုတွင် ပါဝင်သည်ဟု ယူဆရသူများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် သတင်းအရ ကိုးတန်ကောက်(ဒုက္ခသည်စခန်း)သို့ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိစစ်ဆေးခဲ့ရာ ကိုးတန်ကောက်ရဲကင်းစခန်းအား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သည်ဟု ယူဆရသည့် မသင်္ကာဖွယ် ဘင်္ဂါလီ မာမောက်ဒူဆောင်း(ဘ) လာမျှားကိုလည်းကောင်း၊ ကိုးတန်ကောက် (ရွာမ)သို့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရောက်ရှိရှင်းလင်းစဉ် အဘူကာဆိမ်း(ဘ) အဒူလာဆီကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူ မသင်္ကာဖွယ် ဘင်္ဂါလီ နှစ်ဦးအား အဖြစ်မှန်ပေါ်ပေါက်နိုင်ရေး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အင်းဒင်နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်တော့မည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

*သတင်း ဆုနှင်းလဲ့၊ ဓာတ်ပုံ - ငွေအောင်(ကြေးမုံ)*


ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်မှ ကော်ပိုရေးရှင်းအသွင်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပသို့ ရောက်ရှိခဲ့ပြီး လုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။ ထိုသို့စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဌာနဝင်ငွေတိုးတက်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း အဓိက အရေးပါသော ခေတ်မီရေယာဉ်များနှင့် ဆိပ်ကမ်းများ ပြည့်စုံလုံလောက်စွာ မရှိခြင်း၊ ရေယာဉ်သစ်များ အစားထိုးပြုပြင်ပြောင်းလဲရန် ရန်ပုံငွေ မရှိခြင်း၊ တစ်နှစ်ထက်တစ်နှစ် ရေယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ် မြင့်မားလာခြင်း၊ ဈေးကွက်ရရှိမှု အခြေအနေ တဖြည်းဖြည်း လျော့နည်းလာခြင်းနှင့် နှစ်အလိုက် အဆများစွာ တိုးမြှင့်ခဲ့သော လစာနှင့် ပင်စင်စရိတ်များ မြင့်မားလာခြင်း၊ ခေတ်အဆက်ဆက်မှ နိုင်ငံတော် ကြွေးမြီ ဝန်ထုပ်ဝန်ပိုးများကိုလည်း ဆက်လက်ထမ်းပိုးထားရခြင်း၊ ပြောင်းလွယ်၊ ပြင်လွယ် ပြုလုပ်နိုင်သော ပုဂ္ဂလိက အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် နှစ်စဉ် ရေကြောင်းကုန်စည် ပို့ဆောင်ရေးအတွက် တည်ငြိမ်သော ဈေးကွက်မရှိခြင်း စသည့် အခြေအနေအရပ်ရပ်တို့ကြောင့် ဝင်ငွေနှင့် အသုံးစရိတ် မျှတမှုမရှိသည့် အခက်အခဲများ ရင်ဆိုင်ခဲ့ရသည်။**

ယင်းသို့ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ လုပ်ငန်းများ ဆောင်ရွက်နေရခြင်းကြောင့် ဌာန ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရှုံးပေါ်နေသော ခရီးလမ်းများ အားလုံးနီးပါး ရပ်နားခဲ့ရပြီး ဝန်ထမ်းလစာ ပေးအပ်နိုင်ရေးအတွက် ကြိုးစားရပ်တည်ခဲ့ရသောကြောင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် Public Transport ကို ဆောင်ရွက်ပေးနိုင်မှုတွင် အဘက်ဘက်မှ အားနည်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့သော အခြေအနေများကြောင့်လည်း အများပြည်သူ သယ်ယူပို့ဆောင်ရေးအဖြစ် ဆောင်ရွက်ရသော ဌာနတစ်ခုအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆက်လက်ရပ်တည် ဆောင်ရွက်ရန် အခက်အခဲများနှင့် ရင်ဆိုင်လာရသည့်အတွက် ပြည်သူ့သယ်ယူပို့ဆောင်ရေးများအား ပြန်လည်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်း ပြန်လည်ဝင်ရောက်ကာ နိုင်ငံတော်မှ စီမံခန့်ခွဲသည့် အစိုးရဌာနတစ်ခုအဖြစ် ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၆/၂၀၁၆ ဖြင့် သဘောတူခွင့်ပြုခဲ့ပြီးဖြစ်သည်။ ယင်းကြောင့် လက်ရှိထုတ်ပြန်ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကိုရုပ်သိမ်းရန်လွှတ်တော်သို့ တင်ပြထားပြီးဖြစ်သည့်အတွက် မကြာမီ အတည်ပြုပြီးနောက် အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ပြန်လည်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

"ပြည်သူ့လွှတ်တော်မှာ အတည်ပြုပြီးလို့ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးရင် နိုင်ငံတော် ဘတ်ဂျက်ထဲ ပြန်ရောက်နိုင်ပါပြီ။ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၅-၂၀၁၆ အထိ ကာလတွေမှာ အတော်ခက်ခဲခဲ့ပါတယ်။ နဂိုကတည်းက အရှုံးပေါ်ခဲ့တာကနေ နိုင်ငံတော်ဘတ်ဂျက်ပြင်ပ ဖြစ်သွားတော့ သယ်ယူပို့ဆောင်ရေး ဈေးနှုန်းတွေ တိုးလို့မရပေမယ့် အခြားအသုံးစရိတ်တွေ အကုန်တက်လာတဲ့အခါမှာ ရပ်တည်ဖို့တောင် ခက်ခဲလာပါတယ်။ လစာမှန်မှန်ပေးနိုင်အောင် လျှော့ချလို့ရနိုင်မယ့် အသုံးစရိတ်တွေ လျှော့ချခဲ့ပါတယ်။ ဒါပေမယ့် ပြည်တွင်းရေကြောင်းဌာနမှ ခေတ်အဆက်ဆက် ပင်စင်တွေ၊ လစာတွေက ၄၅ ရာခိုင်နှုန်းလောက် တက်သွားပါတယ်။ တစ်ဖက်က ရတဲ့ဝင်ငွေက တိုးပြီး သတ်မှတ်လို့ မရတဲ့အခါ ဝင်ငွေနဲ့ အသုံးစရိတ်မမျှဖြစ်နေပါတယ်။ နိုင်ငံတော် ဘတ်ဂျတ်ပြင်ပ ရောက်တဲ့နှစ်မှာ နိုင်ငံတော်က လှည့်ပတ်ရန်ပုံငွေဆိုပြီး ကျပ်သန်း ၅၉၀၀ ကျော် ထုတ်ပေးပါတယ်။ အဲဒီ သုံးနှစ်တာ ကာလအတွင်းရဲ့ ပင်စင်တစ်ခုတည်းစရိတ်က ကျပ်သန်း ၆၇၀၀ ကျော်ပါတယ်။ နိုင်ငံတော်က ထုတ်ပေးတဲ့ ရန်ပုံငွေဟာ ဒီတစ်ခုနဲ့တင် ကုန်နေပါပြီ။ အခုနောက်ဆုံး နိုင်ငံတော်ဘတ်ဂျက်ကို ပြန်လည်ဝင်ရောက်ပြီး အများပြည်သူပို့ဆောင်ရေးကို ထိထိရောက်ရောက်ပြန်လည်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ရပါမယ်။ အခြေခံအဆောက်အအုံတွေ ပြုပြင်ပြောင်းလဲရမယ်။ ဘယ်လိုမှအသုံးမတည့်တဲ့ ရေယာဉ်တွေနေရာမှာ ဈေးကွက်နဲ့ လိုက်လျောညီထွေတဲ့ ရေယာဉ်တွေ အစားထိုး ဖြည့်တင်းရမယ်။ အားလုံးအဆင်သင့်ဖြစ်ပြီးမှ နိုင်ငံတော် ဘတ်ဂျက်က ထွက်ရမှာပါ။ တစ်ချိန်ချိန်တော့ ဒီအခြေအနေကိုပြန်သွားရမှာဖြစ်ပါတယ်။ စနစ်တစ်ခုလုံး ပြင်ရမှာဖြစ်ပြီး ရုပ်ဝတ္ထုပိုင်းတွေသာမက ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေပါ ပြောင်းလဲပစ်ပြီး ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့၊ ပြည်သူလူထုကို ဝန်ဆောင်မှု အပြည့်အဝပေးနိုင်တဲ့ လုပ်ငန်းအဖြစ် ပြောင်းလဲသွားရမှာပါ" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ရှင်းပြသည်။

**တစ်ချိန်က အရေးပါခဲ့သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

ရေကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်ရေးစနစ်သည် အခြားသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများထက် ကုန်ကျစရိတ် အသက်သာဆုံးဖြစ်ပြီး ကုန်တန်ချိန်မြောက်မြားစွာကို တစ်ချိန်တည်းတွင် စရိတ်အသက်သာဆုံးဖြင့် သယ်ဆောင်ပေးနိုင်သည့် စနစ်တစ်ခုလည်းဖြစ်သည်။ ထိုသို့သော ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်မှာလည်း မြန်မာနိုင်ငံတွင် သဘာဝတရားက ပေးအပ်ထားသည့် မြစ်ချောင်း သဘာဝအရင်းအမြစ်များရှိသည့်အတွက် စဉ်ဆက်မပြတ် အသုံးပြုနိုင်ပါက ထိရောက်သော သယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၁၈၆၅ ခုနှစ်မှ စတင်၍ တည်ထောင်ခဲ့သော Irrawaddy Flotilla ကုမ္ပဏီလီမိတက်မှ အခြေတည် ဆင်းသက်လာခဲ့ခြင်းဖြစ်ပြီး ၁၉၄၈ ခုနှစ်တွင် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် ရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း အဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖြစ်လည်းကောင်း အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ကာ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိခဲ့သည့် မြန်မာနိုင်ငံ၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အလွန်အရေးပါခဲ့သော ဌာနကြီးတစ်ခု ဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လက်ရှိအခြေအနေတွင် စက်ရှိ/စက်မဲ့/ဆိပ်ခံ ရေယာဉ် ၃၃၁ စင်းကို အသုံးပြုပြီး သယ်ယူပို့ဆောင်ပေးခဲ့ရာတွင် နှစ်စဉ်ပျမ်းမျှ ခရီးသည် ၁၂ သန်းကျော်နှင့် ကုန်တန်ချိန် ၂ သန်းကျော်ကို သယ်ယူပို့ဆောင်ပေးခဲ့သည့် အခြေခံလူတန်းစားများအတွက် မရှိမဖြစ်လိုအပ်သော အများပြည်သူ သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းတစ်ခုပင် ဖြစ်ခဲ့သည်။

**မှေးမှိန်လျော့ကျသွားခဲ့ရသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍ**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနသည် အဓိကအားဖြင့် အခြေခံလူတန်းစားများအတွက် အရှုံး/အမြတ်ကို ပဓာနမထားဘဲ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးရသည့် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍဖြစ်သော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်းတွင် မှေးမှိန်ရသည့် အကြောင်းရင်းများစွာလည်း ရှိခဲ့သည်။ ယင်းမှာ နိုင်ငံတစ်ဝန်းတွင် လမ်း၊ တံတားများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပြီး အချိန်တိုအတွင်း သွားလာနိုင်သော ကုန်းလမ်းပို့ဆောင်ရေးစနစ်များ ကောင်းမွန်လာသည့်အတွက်ကြောင့်လည်း ဖြစ်သည်။ အလားတူ သဘာဝပတ်ဝန်းကျင်များ ပျက်စီးလာမှုကြောင့် ရေလမ်းကြောင်းများ တိမ်ကောယိုယွင်းလာပြီး ဌာနပိုင်ရေယာဉ်များ မောင်းနှင်သွားလာရန် ခက်ခဲလာကာ ကန့်သတ်ချက်များစွာဖြစ်ပေါ်လာခြင်းသည်လည်း အချက်တစ်ချက်လည်းဖြစ်သည်။ ဌာနပိုင်ရေယာဉ်များမှာ များသောအားဖြင့် သက်တမ်းနှစ် ၄၀၊ နှစ် ၆၀ ကျော် ရေယာဉ်များဖြစ်ပြီး လက်ရှိခေတ်ကာလနှင့်အညီ အသုံးပြုနိုင်မှု အခြေအနေနှင့် သဟဇာတမဖြစ်တော့ဘဲ ခရီးသည်များ စိတ်ဝင်စားမှု နည်းပါးလာကာ ဈေးကွက်ရရှိမှု နည်းပါးလာသည့်အပြင် ရန်ပုံငွေအခက်အခဲကြောင့် သက်တမ်းရင့်ရေယာဉ်များအား ခေတ်စနစ်နှင့်အညီ အစားထိုးပြုပြင်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ဘဲ ခေတ်မီမြစ်တွင်း ကုန်တင်၊ ကုန်ချ ဆိပ်ကမ်းများလည်း ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ခြင်းနှင့် လွှန်းကျင်းများ အဆင့်မြှင့်တင်နိုင်မှု မရှိခဲ့ခြင်း၊ ယခင်မူဝါဒ ချမှတ်သူများအနေဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် မဆောင်ရွက်နိုင်ခဲ့ခြင်း စသည့် အကြောင်းရင်းများလည်း ပါဝင်ခဲ့သည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ကော်ပိုရေးရှင်းအသွင်ကူးပြောင်းဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း လုပ်ငန်းတာဝန်များ ပီပြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေး**

နိုင်ငံပိုင် စီးပွားရေးတစ်ခုဖြစ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို နိုင်ငံတော်မှ ကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် တာဝန်နှင့်လုပ်ပိုင်ခွင့် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၂) ထုတ်ပြန်ခဲ့ရာတွင် ဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပသို့ ရောက်ရှိခဲ့ပြီး မိမိဝင်ငွေအပေါ် မိမိရပ်တည်ရသည့် အခြေအနေတစ်ရပ်ဖြစ်ခဲ့သည်။ ကော်ပိုရေးရှင်းအသွင်ဖြင့် ဆောင်ရွက်နိုင်ရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကိုလည်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော်လည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကော်ပိုရေးရှင်းအသွင်ကူးပြောင်းဆောင်ရွက်ရန် အစစအရာရာ အဆင်သင့်မဖြစ်သေးမီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပသို့ ရောက်ရှိခဲ့ပြီး လက်ရှိအခြေအနေတွင်လည်း ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်ရှိ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ်သာ ရပ်တည်ဆောင်ရွက်လျက်ရှိကာ ကော်ပိုရေးရှင်းအဖြစ် တရားဝင် ပြောင်းလဲဆောင်ရွက်ခွင့် မရသေးသည့်အတွက် ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသေးခြင်းပင်ဖြစ်သည်။

ယင်းသို့သော အခက်အခဲများကြောင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေရုပ်သိမ်းသည့် ဥပဒေကြမ်းအား တင်ပြအတည်ပြုခဲ့ပြီးဖြစ်ပြီး ပြည်သူ့လွှတ်တော်တွင် အတည်ပြုနိုင်ရေးအတွက် တင်ပြထားပြီးဖြစ်ကာ လာမည့် ပြည်သူ့လွှတ်တော်တွင် အတည်ပြုနိုင်မည်ဖြစ်သည်။ ယင်းနောက်တွင် အနာဂတ်ဆောင်ရွက်သွားနိုင်တော့မည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်သီးသန့် အမြန်ရေယာဉ်များ အစားထိုးပြေးဆွဲခြင်း၊ ခေတ်ကာလနှင့် လျော်ညီသော ခရီးသည်သီးသန့်တင် အမြန်ရေယာဉ်များ အစားထိုးပြေးဆွဲရန်အတွက် နိုင်ငံခြားအကူအညီ အထောက်အပံ့များရယူ၍ လည်းကောင်း၊ ချေးငွေဖြင့် လည်းကောင်း ရေယာဉ်များ တည်ဆောက်/ဝယ်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် မြစ်တွင်းသွား ကုန်သေတ္တာတင် ရေယာဉ်များ တည်ဆောက်ပြေးဆွဲခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်စည် ပို့ဆောင်ရေး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေယာဉ်များ တည်ဆောက်ခြင်း၊ ဆိပ်ကမ်းများ အဆင့်မြှင့်တင်ခြင်း၊ ကုန်သေတ္တာကိုင်တွယ်နိုင်သော ဆိပ်ကမ်းများအဖြစ် တည်ဆောက်ခြင်းများ ဆောင် ရွက်သွားနိုင်မည်ဖြစ်သည်။ အလားတူ မြစ်ချောင်းပေါများပြီး ရေကြောင်းပို့ဆောင်ရေးကိုသာ အဓိက အားထားနေရသည့် ရခိုင်ပြည်နယ်အတွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့ကူညီမှုဖြင့် အမြန်ရေယာဉ် သုံးစင်း ပေးအပ်လှူဒါန်းမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း ခရီးစဉ်များအတွက် ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ပင်ဖြစ်သည်။ ■

# အလုပ်သမားဥပဒေပါသိကောင်းစရာများအား အသိပညာပေးဆွေးနွေး

**ပဲခူး နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အလုပ်သမားဥပဒေပါ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှတိုင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြစန်းရီက ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများအက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေ၊ ကလေးအလုပ်သမားဆိုင်ရာအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်နိုင်စေရေး အသိပညာများ စသည်တို့ကို အလုပ်ရှင်နှင့်အလုပ်သမားများ ရှင်းရှင်းလင်းလင်းသိရှိပြီး လိုက်နာဆောင်ရွက်နိုင်စေရန်၊ ဦးစီးဌာနမှ စည်းကြပ်သည့် အလုပ်သမားရေးရာဥပဒေများကို သိရှိလိုက်နာစေရန်၊ ဥပဒေပါရပိုင်ခွင့်များကို အပြည့်အဝရရှိစေရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ခရိုင်ဦးစီးအရာရှိများက အလုပ်သမားဥပဒေပါ သိကောင်းစရာများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်၊ အလုပ်ဌာနများမှ လုပ်ငန်းပိုင်ရှင်၊ မန်နေဂျာနှင့်အလုပ်သမားများ တက်ရောက်ကြပြီး အလုပ်သမားရေးရာအသိပညာပေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး လေးရုံးနှင့် မြို့နယ်ရုံး တစ်ရုံးတွင် ဩဂုတ်လမှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ အကြိမ် (၁၆၀)ခန့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့နှင့် NGO အဖွဲ့အစည်းသို့ ဆိုလာမီးအိမ်များလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၉**

Panasonic ၏ “100 Thousand solar Lanterns Project” အရ မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့အစည်းများနှင့် NGO အဖွဲ့အစည်းများသို့ နေရောင်ခြည်စွမ်းအင်သုံးဆိုလာမီးအိမ်ပေါင်း ၂၄၀၀ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၇ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ




Panasonic Showroom and Service Centre ၌ ကျင်းပကြောင်း သိရသည်။

“မြန်မာနိုင်ငံကြက်ခြေနီအသင်းကတော့ ဆိုလာမီးအိမ်တွေကို ဘေးဒုက္ခကျရောက်တဲ့လူတွေ၊ အထူးသဖြင့် သဘာဝဘေးပါ။ နောက်ပြီးတော့ စစ်ဘေးရှောင်တွေ၊ ပဋိပက္ခဖြစ်နေတဲ့ ရခိုင်ဒေသမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေမှာ ပေးထားတာပါ၊ ထိုသို့ပေးခြင်းအားဖြင့် သူတို့တွေက ဒီဆိုလာမီးကြောင့် လုံခြုံမှုပိုရှိလာတယ်။ ညဘက်အရေးပေါ် အခြေအနေသွားလာရမယ်ဆိုရင်လည်း ရဲရဲတင်းတင်းသွားလို့ရတယ်။ ကလေးတွေစာကြည့်မယ်ဆိုရင်လည်း ဒီမီးတွေကို အသုံးချပြီး စာကြည့်လို့ရတယ်”ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ကျော်ထွဋ်က ပြောသည်။

အဆိုပါ ဆိုလာမီးအိမ်များကို All Country Agency for Rural Development,Association for Rengein Tanjoji International Cooperation, Community Association for Rural Development, Greater Mekong Initive, Likhy Social Developement Committee,Meikswe Myanmar, Myanmar Red Cross Society, PH-Japan (People's HOPE Japan), Save the Children Japan စုစုပေါင်း ကိုးဖွဲ့အား လှူဒါန်းကြောင်း သိရသည်။

Panasonic ၏ "100 Thousand Solar Lanterns Project" သည် ဖွံ့ဖြိုးဆဲနိုင်ငံများ လျှပ်စစ်မီးလုံလောက်စွာမရရှိသေးသော နေရာများ၊ လျှပ်စစ်မီးကို အရေးတကြီးလိုအပ်နေသော နေရာများအတွက် ရည်ရွယ်၍ နေရောင်ခြည် စွမ်းအင်သုံးဆိုလာမီးအိမ်ပစ္စည်းအရေအတွက် တစ်သိန်းကို Panasonic ကုမ္ပဏီ၏ နှစ် (၁၀၀) ပြည့်ဖြစ်သော ၂၀၁၈ ခုနှစ်အမီ လှူဒါန်းရန် ရည်မှန်းထားကြောင်း Panasonic Asia Pacific မြန်မာရုံးခွဲမှ ဌာနေကိုယ်စားလှယ် Mr.Hisakazu Maeda က ပြောသည်။ **(ဇာနည်မောင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၉၁၀၀၀ | - | ၈၉၁၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၉၁၀၀၀ | - | ၈၉၁၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၂၀/၆၅၀ ကျပ် |
| (ခ)အောက်တိန်း 95 | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၅၀/၇၈၀ ကျပ် |
| (ဂ)အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |
| (ဃ)အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၅/၆၆၀ ကျပ်၊ | ၆၆၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၁၃. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၉. ၃၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၇၄၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၀၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၆၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၃. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၄၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၅. ၄၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၅. ၀၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကျေးရွာအဝင်လမ်းနှင့် ရုံးဆောက်လုပ်နေမှု စစ်ဆေး

**ဘီးလင်း နိုဝင်ဘာ ၉**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ရန်ပုံငွေကျပ် ၇၉ ဒသမ ၆၅ သန်း ဖြင့် ခွန်ဘွန်တန်ကုမ္ပဏီမှ တင်ဒါအောင်မြင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျိုက်တဲကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း(၀/၆)မိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အဖွဲ့သည် နိုဝင်ဘာ ၄ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အဖွဲ့သည် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရုံးဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရှင်းလင်းဆောင်ရွက်တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြော

**ဖြူး နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး ပိုစတာများ ချိတ်ဆွဲခြင်းလုပ်ငန်းများကို ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်းကျော်နှင့် ဝန်ထမ်းများက အောက်တိုဘာ နောက်ဆုံးပတ်မှစတင်၍ မြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲနေကြသည့် ကျေးလက်များနှင့် မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအား လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ပညာပေး ဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အသိပညာပေးဟောပြောဆောင်ရွက်ရာတွင် အများပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်ကို သတိမမူဘဲ အမှတ်မထင်ပေါ့ဆစွာ ကိုင်တွယ်ပြုလုပ်မှုကြောင့် ဓာတ်လိုက်ခံရပြီး ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်း၊ မီးလောင်မှုဖြစ်ပွားစေခြင်း စသည့်ဆိုးကျိုးများ မဖြစ်ပွားစေရန် ပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပညာပေးပိုစတာများ စိုက်ထူခြင်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဦးသက်ထွန်း | ငြင်းချက်အတွက်မှတ်စုကြမ်း | ၂၀၀၀ိ/- | နွဲ့စာပေ |
| ၂ | မောင်ညီဦး(က. စ. လ) | မဟာရန်ကုန်ပန်းလက်စုံစာပေ ညီအစ်ကိုမောင်နှမများစုစည်းမှု(၃) | ၃၀၀၀ိ/- | ကောင်းထွဋ်စာပေ |
| ၃ | မောင်စိုးလှ၊ ဘီ-အေ | ရှေ့ပြေး အရေးတော်ပုံ | ၃၅၀၀ိ/- | အမျိုးသမီး ဂုဏ်ရည်စာပေ |
| ၄ | ခိုင်ခန့်ဇော် | နှလုံးသားခွန်အားစာစုများ | ၁၅၀၀ိ/- | |
| ၅ | နေသွေးငယ် | ကျုပ်ကြောင့်ကမ္ဘာကြီးပိုလေးနေတာဆိုရင် ခုန်ဆင်းပစ်လိုက်မယ် | ၂၀၀၀ိ/- | ဘတ္တစာပေတိုက် |
| ၆ | ငွေစန်းရောင် | အံ့ဖွယ်သုတအိန္ဒိယ | ၃၀၀၀ိ/- | The Windows |
| ၇ | မောင်မောင်သန်းလှိုင် | တစ်စစီပြန်ကောက်ခဲ့ရသောသူမ၏အော်သံ | ၁၅၀၀ိ/- | |
| ၈ | ကျော်ရင်မြင့် | အာရှပြတင်းအာရှပန်းခင်း | ၂၅၀၀ိ/- | ချြုးချြုးစာပေတိုက် |
| ၉ | ဆူးငှက် | မန္တလေးဒေါ့ကူမန်ထရီ | ၂၅၀၀ိ/- | ချြုးချြုးစာပေတိုက် |
| ၁၀ | ဦးလှကို (တရားရုံးချုပ်ရှေ့နေ) | လောင်းကစားဥပဒေ | ၅၅၀၀ိ/- | နွဲ့စာပေ |
| ၁၁ | ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ) | တရားမနို့တစ် ၁၀၀ | ၆၀၀၀ိ/- | နွဲ့စာပေ |
| ၁၂ | | မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ | ၅၅၀၀ိ/- | နွဲ့စာပေ |
| ၁၃ | ဦးတင်ဝင်း(ညွှန်မှူး-ငြိမ်း) | သက်သေခံဥပဒေ(၁၉၄၈-၂၀၀၄) | ၅၅၀၀ိ/- | နွဲ့စာပေ |
| ၁၄ | ဒေါက်တာသက်ဦး | မှီတက်နေသောလူသားများအပါအဝင် ကျန်းမာရေးအကြောင်းစာစုများ | ၂၅၀၀ိ/- | ချြုးချြုးစာပေတိုက် |
| ၁၅ | ဦးမြင့်လွင် (တရားရုံးချုပ်ရှေ့နေ) | ရှေ့နေများလက်စွဲ(တရားမ) | ၁၇၀၀၀ိ/- | နွဲ့စာပေ |
| ၁၆ | | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းစည်းမျဉ်း နှင့်ဘဏ္ဍာရေးဆိုင်ရာအမိန့်ညွှန်ကြားချက်များမူလ အခြေခံနည်းဥပဒေ၊အငြိမ်းစားလစာနည်းဥပဒေ | ၆၅၀၀ိ/- | နွဲ့စာပေ |
| ၁၇ | ကောင်းသာ(မြန်မာပြန်) | ဒုက္ခိတဘိုးဘိုး၏ဆွံ့အသူမြေးလေးသို့ပေးစာများ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၈ | မောင်ထွန်းသူ | သတ္တိသွေး | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၉ | မျိုးမောရ | မျက်ဝန်းသုံးဆယ် | ၁၅၀၀ိ/- | လင်းသစ်ရောင်စဉ် စာပေ |
| ၂၀ | သန်းစိုးနိုင် | ၂၁ ရာစုကိုတရုတ်ပိုင်စိုးမည်လော | ၂၅၀၀ိ/- | လင်းသစ်ရောင်စဉ် စာပေ |
| ၂၁ | သုခ | ဘာသာရေးဆိုင်ရာအနုပညာများ | ၃၅၀၀ိ/- | မြင်းခြံစာပေ |
| ၂၂ | မော်သာထွေး | မှန်ကန်သောရွေးချယ်မှုမှတည်ဆောက်သော အနာဂတ်ဆီသို့ | ၅၀၀၀ိ/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၂၃ | ဇော်ဟန်ဇော် | ဟီလာရီအပေါ် မိန်းမချင်းအမြင် မိန်းမချင်းသဘော | ၂၀၀၀ိ/- | ရွက်စိမ်းစာပေ |
| ၂၄ | ကျော်ကျော်လှိုင် | ပျော်ရွှင်ခြင်း | ၂၈၀၀ိ/- | Smart စာပေ |
| ၂၅ | ရှေ့နေဦးဖိုးဖြူ | မြေသိမ်း/မြေလွဲပြဿနာသည်လယ်မြေ လုပ်ပိုင်ခွင့်အငြင်းပွားမှုမဟုတ်ခြင်း | ၂၀၀၀ိ/- | ခရေဖူးစာပေ |
| ၂၆ | ကျော်အောင် | ငန်းရိုင်းများ | ၅၀၀၀ိ/- | လောကသစ်စာပေ |
| ၂၇ | အသေမဦးခင် ပန်းချီဝင်းဇင်(မြိတ်) | လောကွတ်အပြုံး | ၂၀၀၀ိ/- | သစ္စာအလင်းစာပေ |
| ၂၈ | ကောင်းသာ | လူငယ်တို့အတွက်ကိုယ်ရည်ကိုယ်သွေး တည်ဆောက်ရန်နည်းလမ်းများ | ၁၀၀၀ိ/- | လင်းသစ်ရောင်စဉ် စာပေ |
| ၂၉ | တင်မောင်မြင့် | လူငယ်များအတွက် ဒိန်ခဲ | ၁၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၃၀ | သွင်မြတ်ဆိုင် | ဝိပဿနာပေါင်းချုပ် | ၃၅၀၀ိ/- | ရွက်စိမ်းစာပေ |
| ၃၁ | ကိုတာ(မြန်မာပြန်) | နေရောင်အောက်ကကဗျာများ | ၂၈၀၀ိ/- | မုံရွေးစာပေတိုက် |
| ၃၂ | ဒေါက်တာခင်လက်ျာ | ကျောင်းသားခေါင်းဆောင် အာဏာရှင်လှရွှေ၏ဘဝပုံရိပ်များ | ၂၅၀၀ိ/- | ဇွန်ပွင့်စာပေ |
| ၃၃ | ဟားခါး(ဘီးလင်း) | ခရမ်းရောင်အလွမ်း(ရသစုံကဗျာစုစည်းမှု) | ၁၅၀၀ိ/- | |
| ၃၄ | ရှင်ရာဟုလာ | လူ့လောကအမြင် | ၁၅၀၀ိ/- | ရွှေခေတ်စာပေ |
| ၃၅ | မေသကြိန်ဟိန်(မြစ်မခ) | ဘာပဲဖြစ်ဖြစ်အပြုံးနဲ့ရင်ဆိုင်ပါ အောင်မြင်ရေးစာစုများ(၂) | ၂၀၀၀ိ/- | လဝန်းသစ်စာပေ |
| ၃၆ | သူလှိုင် | သခင်အောင်ဆန်း၏မဆုံစည်းဖြစ်ခဲ့တဲ့ဖူးစာ | ၃၀၀၀ိ/- | အနာဂတ်ကာလစာပေ |
| ၃၇ | မင်းပုည | ရှီကျင့်ဖျင်ခယောင်းလမ်းမှလာတဲ့သူ | ၁၀၀၀ိ/- | လင်းလင်းစာပေ |
| ၃၈ | | ဘီလ်ဂိတ်စ် (စာကြည့်တိုက်စာစဉ် ၄၃) | ၁၅၀၀ိ/- | TheKeyCollection |
| ၃၉ | | ဖရက်ဒရစ်ဒေါက်ကလပ် (စာကြည့်တိုက်စာစဉ် ၄၂) | ၁၅၀၀ိ/- | TheKeyCollection |
| ၄၀ | အောင်ချိမ့် | ကဗျာတစ်ဦးတစ်ယောက်များ | ၂၄၀၀ိ/- | The Book House |

*(ဆက်လက်ဖော်ပြပါမည်)*

# ဗြိတိန်ရဲ့ ဝင်ငွေအကောင်းဆုံး အသက် (၃၀)အောက် အနုပညာရှင်များ



ယခုနှစ်အတွက်ထုတ်ပြန်ခဲ့တဲ့ ဗြိတိန်ရဲ့ အသက် (၃၀) အောက် အနုပညာရှင်တွေအနက် ဝင်ငွေအကောင်းဆုံး အနုပညာရှင် စာရင်းမှာ လွန်ခဲ့တဲ့ သုံးနှစ်ဆက်တိုက် နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တဲ့ ပေါ့ပ်တေးဂီတအဖွဲ့ "One direction"ရဲ့ အဖွဲ့ဝင်တွေကတော့ ထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခြင်းမရှိတော့ပါဘူး။ ယခုနှစ်အတွက် ဝင်ငွေအကောင်းဆုံး အနုပညာရှင်ဖြစ်လာသူကတော့ ပေါ့ပ်အဆိုတော်အဒဲလ် ဖြစ်ပါတယ်။

ယခုနှစ်အတွင်း ဝင်ငွေ ပေါင် ၉၂ သန်းရရှိခဲ့တဲ့ အဒဲလ်ဟာ ဟိတ်မဂ္ဂဇင်းက ရွေးချယ်ဖော်ပြခဲ့တဲ့ အချမ်းသာဆုံးအနုပညာရှင်တွေထဲမှာ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တာဖြစ်ကြောင်း စကိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ဝင်ငွေတွေကို အဒဲလ်ဟာ သူ့ရဲ့တေးအယ်ဘမ် ရောင်းချရမှုတွေနဲ့ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကနေ ရရှိခဲ့တာဖြစ်ကြောင်းလည်း အဆိုပါမဂ္ဂဇင်းရဲ့ အယ်ဒီတာတစ်ဦးဖြစ်သူ ဆူဇီကောက်ဇ်က ပြောကြားခဲ့ပါတယ်။

အဒဲလ်ရဲ့နောက် ဒုတိယဝင်ငွေအများဆုံးအနုပညာရှင်အဖြစ် လိုက်ပါနေသူကတော့ "Harry Potter" မင်းသား ဒန်နီရယ်ရက်ဒ်ကလစ်ဖ်ဖြစ်ကာ သူကတော့ ဝင်ငွေပေါင် ၇၄ သန်းခန့် ရရှိခဲ့တာဖြစ်ပါတယ်။

တတိယနေရာကို ပိုင်ဆိုင်ထားနိုင်ခဲ့တဲ့အနုပညာရှင်ကတော့ ဗြိတိန်ပေါ့ပ်အဆိုတော် အက်ဒ်ရှီရန်ဖြစ်ပြီး ပေါင် ၄၅သန်းခန့် ဝင်ငွေရရှိခဲ့တာဖြစ်ပါတယ်။

ယခင်က သုံးနှစ်ဆက်တိုက်ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "One Direction"ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ဇေမာလိခ်ကတော့ ယခုနှစ်အတွင်း ဝင်ငွေ ပေါင် ၃၈သန်းခန့်ရရှိခဲ့ကာ ယခုနှစ်ရဲ့ စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံး အနုပညာရှင်ဖြစ်လာခဲ့ပါတယ်။ အခြားအဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဟယ်ရီစတိုင်ကတော့ ပေါင် ၃၇ သန်းနဲ့ ပဥ္စမနေရာ၊ လီယမ်ပိန်းကတော့ ပေါင် ၃၄ သန်းနဲ့ သတ္တမနေရာ၊ နီရယ်လ်ဟော်ရန်ကတော့ ပေါင် ၃၄ သန်းနဲ့ပင် အဋ္ဌမနေရာ၊ လူးဝစ်တွမ်လင်စန်ကတော့ ပေါင် ၃၃သန်းနဲ့ နဝမနေရာတွေမှာ အသီးသီးရပ်တည်နိုင်ခဲ့ကာ " Harry Potter "မင်းသမီး အမ်မာဝပ်ဆန်ကတော့ ဝင်ငွေပေါင် ၃၅ သန်းရရှိခဲ့ကာ ဝင်ငွေအကောင်းဆုံး ဆဋ္ဌမ နေရာမှာ ရပ်တည်လျက်ရှိပါတယ်။

ယင်းမဂ္ဂဇင်းကပဲ ထုတ်ပြန်ခဲ့တဲ့ဝင်ငွေအကောင်းဆုံး နိုင်ငံတကာအနုပညာရှင်များစာရင်းမှာတော့ အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်က ထိပ်ဆုံးမှ ရပ်တည်ခဲ့ကာ သူ့ရဲ့ဝင်ငွေဟာ အဒဲလ်ရဲ့ဝင်ငွေထက် နှစ်ဆကျော်များပြီး ဝင်ငွေ ပေါင် ၁၉၂ သန်းခန့် ရရှိခဲ့တယ်လို့လည်း သိရပါတယ်။

အေး ပြည့် - ၉ စည်း ရေး သား သည်



## တောင်ကိုရီးယားကြယ်ပွင့်စုံတွဲသစ် ဟွန်ကီနဲ့ ဟန်ဘိုရမ်

ယခုနှစ်အတွင်း ထပ်မံပေါ်ထွက်ခဲ့တဲ့ တောင်ကိုရီးယားရဲ့ ထိပ်တန်းကြယ်ပွင့်စုံတွဲတစ်တွဲကတော့ အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ " F.T. Island"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟွန်ကီနဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဟန်ဘိုရမ်တို့ပဲ ဖြစ်ကြပါတယ်။

သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့သတင်းကို ဟွန်ကီရဲ့ ဖျော်ဖြေရေးအေဂျင်စီ ဖြစ်တဲ့ အက်ဖ်အန်စီအန်တာတိန်းမန့်က အတည်ပြုပြောကြားခဲ့တာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါအေဂျင်စီက ဟွန်ကီအနေနဲ့ ဟန်ဘိုရမ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း ဟွန်ကီဆီက အတည်ပြုချက်ကို ရယူပြီးတဲ့နောက် တရားဝင်ထုတ်ပြန်ပြောကြားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းအေဂျင်စီရဲ့ ဖော်ပြချက်အရ ကြယ်ပွင့်နှစ်ဦးဟာ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက စတင်ကာ ချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ ကောလာဟလတွေပေါ်ထွက်လာခဲ့ပြီး အစပိုင်းမှာ ဘိုလင်းကစားရတာ ဝါသနာပါတဲ့ သူတို့နှစ်ဦးဟာ ကစားဖော်ကစားဖက်မိတ်ဆွေတွေဖြစ်ခဲ့ကြပြီး နောက်ပိုင်းမှာမှ ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ကြောင်း သိရပါတယ်။

ဟွန်ကီနဲ့ ဟန်ဘိုရမ်တို့ဟာ SBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Modern Farmer"မှာ စတင်တွေ့ဆုံခဲ့ကြကာ ဘိုလင်းကစားရင်း သံယောဇဉ်တွယ်ရာမှ ချစ်သူတွေဖြစ်ခဲ့ကြတာ ဖြစ်ပါတယ်။

## ကြန့်ကြာဦးမယ့် " Deadpool 2 "



ပြီးခဲ့တဲ့နှစ်အတွင်းက ရုံတင်ပြသခဲ့တဲ့ လူစွမ်းကောင်းရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Deadpool"ရဲ့ နောက်ဆက်တွဲရုပ်ရှင်ဖြစ်တဲ့ " Deadpool 2"ကို ထုတ်လုပ်ပြသသွားဖို့ ကြန့်ကြာဦးမှာဖြစ်တယ်လို့ သတင်းများပေါ်ထွက်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ကို လာမယ့် ၂၀၁၇ ခုနှစ်အတွင်း ရိုက်ကူးထုတ်လုပ်သွားမှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာပြီးနောက် အဆိုပါသတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း ရုပ်ရှင်သတင်းတွေကို ရေးသားဖော်ပြတဲ့ ကလိုက်ဒါဒေ့ါကွန်းက ပထမဆုံး တုံ့ပြန်ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ထွက်ရှိခဲ့ပြီးဖြစ်တဲ့ရုပ်ရှင်ကို တာဝန်ယူရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ တင်မ်မေလာစ်က "Deadpool 2"ကိုလက်ခံရိုက်ကူးပေးဖို့ မငြင်းဆိုမီက အဆိုပါရုပ်ရှင်သစ်ကို မတ်လအတွင်း စတင်ရိုက်ကူးသွားဖို့စီစဉ်ထားခဲ့တာဖြစ်ပြီး လတ်တလောမှာ ဖောက်စ်ရုပ်သံလိုင်းနဲ့ ယင်းရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသား ရိုင်ယန်ရေးနော့စ်တို့က ရုပ်ရှင်သစ်အတွက် တာဝန်ယူရိုက်ကူးပေးမယ့် ဒါရိုက်တာသစ်ကို ရှာဖွေနေဆဲဖြစ်တယ်လို့လည်း သိရပါတယ်။

ပထမဆုံး "Deadpool"ရုပ်ရှင်မှာ ပါဝင်တဲ့ အချို့အခန်းတွေဟာ လိင်ကိုအသားပေးတဲ့အခန်းတွေဖြစ်တာကြောင့် တရုတ်နိုင်ငံရဲ့ ဆင်ဆာဥပဒေအရ တားမြစ်ခြင်းကို ခံခဲ့ရပါတယ်။

## "Mission Impossible 6" ရုံတင်ပြသမည့်ရက် ထုတ်ပြန်ကြေညာ

ဟောလိဝုဒ်ထိပ်တန်းကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မင်းသားတွမ်ခရူးစ် ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင် " Mission Impossible 6"ကို အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမယ့်ရက်ကို ပါရာမောင့်ထ် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်ပြန်ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

Mission Impossible ရုပ်ရှင်တွေရဲ့ ခြောက်ကားမြောက်ရုပ်ရှင်ဖြစ်တဲ့ အဆိုပါရုပ်ရှင်ကို " Mission Impossible: Rogue Nation" လို့ အမည်ပေးထားကာ လာမယ့် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါရုပ်ရှင်မှာလည်း မင်းသားတွမ်ခရူးစ်ဟာ ယခင်ရုပ်ရှင်တွေမှာကဲ့သို့ IMFရဲ့ စုံထောက်တစ်ဦးဖြစ်တဲ့ အီသန်ဟန့်ထ်အဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ လတ်တလောမှာ မင်းသားတွမ်ခရူးစ်အတွက် ဇာတ်ညွှန်းကို စတင်ရေးသားနေပြီဖြစ်ကာ ယခုရိုက်ကူးမယ့် ရုပ်ရှင်သစ်မှာ မင်းသမီး ရေဗက်ကာဖာဂူဆန်လည်း ပြန်လည်ပါဝင်လာမှာဖြစ်တယ်လို့ သိရပါတယ်။ ■

## ထူးခြားမြစ်ရေ အခြေအနေသတင်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဧရာဝတီမြစ်ရေသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ရက် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့တွင် ၈၀၄ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး၊ ၁ရက်အတွင်း ၁၇ ပေခန့်နှင့် ဗန်းမော်မြို့တွင် ၉ ပေခွဲခန့် မြင့်တက်ခဲ့ပါသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက် ၁ရက်မှ ၂ရက်အတွင်း ဗန်းမော်မြို့တွင် ၃ ပေမှ ၄ ပေခန့်၊ နောက် ၁ ရက်မှ ၃ ရက်အတွင်း ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၈ပေမှ ၁၀ပေခန့်၊ နောက် ၃ ရက်မှ ၇ ရက်အတွင်း သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၇ ပေမှ ၁၀ ပေခန့်နှင့် နောက် ၅ရက်မှ ၁၀ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၅ပေမှ ၇ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါ ကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၀-၁၁-၂၀၁၆(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | "လီဆူးမျိုးနွယ်တို့၏ ရိုးရာ အထည်များ ရက်လုပ်ခြင်း အကြောင်း" |
| ၈း၃၅ | ရှန်းကန်လှုပ်ရှားဘဝများ (အညာမုန့်သည်၊ ယွန်းထည်လုပ်သူ၊ ဆိုက်ကားသမား) |
| ၈း၅၅ | "၂၀၁၆ အာဆီယံချန်ပီယံရှစ် ဆူဇူကီးဖလားပြိုင်ပွဲကို သန့်ရှင်းမျှတစွာ အားပေးကြပါစို့" |
| ၉း၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၅ | ASEAN Spotlight [လေကြောင်းထိန်းသိမ်းရေးစီမံညွှန်ကြားမှု (ကမ္ဘောဒီးယား)]၊ ကန့်သတ်ချက်ထက်ကျော်အောင် ကြိုးစားခြင်း (အင်ဒိုနီးရှား)] |
| ၁၀း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၁၅ | Graphic Info (Stock Exchange (အသင်းအဖွဲ့ခေါင်းဆောင်မှု-၁) |
| ၁၁း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျွန်မအမှုတော့ရှုံးပါပြီ ရှေ့နေကြီးရယ်" (ညီညီမင်း၊ ကေကေမိုးမြင့်၊ ရှိန်း၊ ပိုင်ဇေ၊ ဘုန်းကျော်) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ"(အပိုင်း-၂၉) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ"(အပိုင်း-၃၇) |
| ၂း၁၀ | သုခုမရင်ခွင်အငြိမ့်သဘင် "ရင်သွေးငယ်လေးများအငြိမ့်" (မင်းသမီး-ဇာလီထက်၊ လူရွှင်တော်-သော်ဘုန်းဆက်၊ ဇူကျို၊ ကောင်းထက်ဇော်၊ သတိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၂း၃၅ | Weekly Sport Info |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၃၈) |
| ၄း၃၅ | Football Magazine (ရှမ်းယူနိုက်တက်အသင်း) |
| ၅း၁၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၆း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၃၉) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "တန်ဖိုးထားစရာသက်မွေးပညာ ကျောင်းပြင်ပ ပညာရေး" |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၃၈) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်(အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ မောင်နှင်းမိုး) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



# ဘရာဇီးကို ဂိုးပြတ်အနိုင်ယူခဲ့ခြင်းအတွက် ဒေးဗစ်လုဇ်ကို တောင်းပန်ခဲ့ဟု အိုဇေးလ် ဖွင့်ဟ

၂၀၁၄ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲစဉ် ဂျာမနီအသင်းက ဘရာဇီးအသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ ပွဲအပြီး ဂျာမနီကွင်းလယ်လူ မီဆပ်အိုဇေးလ်က ငိုကြွေးနေတဲ့ ဒေးဗစ်လုဇ်ကို သွားရောက်တောင်းပန်ခဲ့တယ်လို့ အိုဇေးလ်က အာဆင်နယ်အသင်း ဝက်ဘ်ဆိုက်ကတစ်ဆင့် နိုဝင်ဘာ ၉ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင် ဘရာဇီးအသင်းက ဂျာမနီအသင်းကို မိနစ် ၂၀အတွင်း လေးဂိုးခွင့်ပြုခဲ့ရပြီး ပွဲအပြီးတွင် ခုနစ်ဂိုးပြတ်ရလဒ်နဲ့ အရေးနိမ့်ခဲ့ရာ ဘောလုံးလောကတွင် ဂုဏ်သိက္ခာ ကြီးမားစွာရပ်တည်နိုင်ခဲ့တဲ့ ဘရာဇီးအသင်းအတွက် အရှက်ရဖွယ် ကိစ္စရပ်ဖြစ်ခဲ့ပါတယ်။ အဲဒီရလဒ်က တစ်ကမ္ဘာလုံးရှိ ဘောလုံးပရိသတ်တွေကို မှင်တက်အံ့သြစေခဲ့ပြီး ကမ္ဘာ့ဖလားငါးကြိမ် ဆွတ်ခူးနိုင်ခဲ့တဲ့ ဘရာဇီးအသင်း ပရိသတ်တွေ မျှော်လင့်ချက်မဲ့စွာ ငိုကြွေးခဲ့ရတဲ့ နေ့ရက်တစ်ရက်လည်း ဖြစ်ခဲ့ရပါတယ်။ ဘရာဇီးနောက်ခံလူ ဒေးဗစ်လုဇ်ရဲ့ ကွင်းထဲကနေ ငိုကြွေးထွက်ခွာသွားတဲ့ ပုံရိပ်ဟာ ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲ ကာလအတွင်း အထင်ရှားဆုံး ပုံရိပ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

အိုဇေးလ်က "ပြိုင်ပွဲကြီး တစ်ပွဲမှာ ခင်ဗျားတို့ ရှုံးနိမ့်မယ်ဆိုရင် ကွင်းအပြင်ဘက်က ပရိသတ်တွေ ငိုနေတာကိုရော ကွင်းထဲက ကစားသမားတွေ ငိုနေတာကိုပါ တွေ့ကြရမှာဖြစ်ပြီး ကိုယ်လည်းပဲ သူတို့လို ထပ်တူ လိုက်ခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒေးဗစ်လုဇ်ဆီကိုသွားပြီး တောင်းပန်ခဲ့သလို နှုတ်ကလည်း ခင်ဗျားမှာ လှပတဲ့ တိုင်းပြည်နဲ့ ချစ်ခင်နှစ်သက်စရာ နိုင်ငံသားတွေရှိပါတယ်လို့ ပြောခဲ့ပါတယ်" ဟု ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

ယခုအခါ သူတို့နှစ်ဦး ပရီမီယာလိဂ်မှာ ပြိုင်ဘက်များအဖြစ် ဆုံစည်းနေခဲ့ပြီး အိုဇေးလ်ရဲ့ အာဆင်နယ်က လုဇ်ရဲ့ ချယ်လ်ဆီးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့တာကြောင့် ဒေးဗစ်လုဇ်ဟာ အိုဇေးလ်ကို အရင်က ရှုံးကြွေးမဆပ်နိုင်ရုံသာမက နောက်ထပ်အကြွေးတစ်ခုပါ ထပ်မံပိုင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးက အဲဗာတန်ကို ငါးဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့ပြီးနောက် အာဆင်နယ်ရဲ့အထက် အမှတ်ပေးဇယားဒုတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့တာကိုတွေ့ရပါတယ်။

မေလှဲ့သင်း
ရေးသားသည်



## ဆန်းချက်ဇ် ဒဏ်ရာ ပြဿနာကြုံ

အာဆင်နယ်စတား ဆန်းချက်ဇ်သည် ချီလီလက်ရွေးစင် အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်နေစဉ်အတွင်း ကြွက်သားကြွခိုင်မှုအနေအထား မပြည့်ဝသည့် ဒဏ်ရာ ရရှိခဲ့သည်ဟု ချီလီဘောလုံးအဖွဲ့ချုပ်က နိုဝင်ဘာ၉ရက်က အတည်ပြုခဲ့သည်။

ယင်းအခြေအနေကြောင့် ဆန်းချက်ဇ်မှာ ကိုလံဘီယာနှင့် ရင်ဆိုင်မည့် အရေးကြီး ကမ္ဘာ့ဖလားပွဲစဉ်ကို လွဲချော်ရန် သေချာသွားပြီဖြစ်သော်လည်း ချီလီအသင်းက သူ၏ ဒဏ်ရာပြဿနာ အတိမ်အနက်ကို စမ်းသပ်ဦးမည်ဖြစ်သဖြင့် နိုဝင်ဘာ၁၅ရက် ဥရုဂွေးအသင်းနှင့် တွေ့ဆုံမည့်ပွဲစဉ်ကို ဝင်ရောက်ကစားနိုင်ရန်လည်း မသေချာသေးသည့် အခြေအနေပင်ဖြစ်သည်။

ဝင်းဂါးက ဆန်းချက်ဇ်၏ အင်အားသုံးလွန်းသည့် ကစားဟန်ကြောင့် ဒဏ်ရာပြဿနာ ကြုံတွေ့မည်ကို စိုးရိမ်သဖြင့် မကြာခဏ သတိပေးမှုများ ပြုလုပ်လေ့ရှိသလို အနားပေးရန် ဆုံးဖြတ်သည့် ပွဲစဉ်များရှိတတ်သည်။ သို့သော် ဆန်းချက်ဇ်က သူ့အား အနားပေးသည့်အခါ စိတ်မကောင်းဖြစ်ပြီး ၎င်းမှာ အသင်းအတွက် အမြဲဝင်ရောက်ကစားပေးလိုသည့် ဆန္ဒပြင်းထန်နေသူဖြစ်ကြောင်း တုံ့ပြန်တတ်သူဖြစ်သည်။


ဆန်းချက်ဇ်သည် အာဆင်နယ် အသင်းအတွက် ပြိုင်ပွဲစုံ ပွဲစဉ် ၂၀ ဝင်ရောက်ကစားခဲ့ပြီး သွင်းဂိုး ကိုးဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ရာ အကယ်၍ ဆန်းချက်ဇ်၏ ဒဏ်ရာ မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားနေခဲ့သည်ဆိုလျှင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်မည့် ပရီမီယာလိဂ် ပွဲစဉ်ကိုပါ လွဲချော်နိုင်ကြောင်း သိရသည်။

## စပါးနောက်ခံလူ ဗန်ဒေးဗီးစ် ဝက်စ်ဟမ်း၊ ချယ်လ်ဆီးတို့နှင့် ပွဲစဉ်ကိုပါ လွဲချော်မည်ဖြစ်

စပါးအသင်း နောက်ခံလူ ဗန်ဒေးဗီးစ်မှာ လေဗာကူဆင်နှင့်ပွဲတွင် ရရှိခဲ့သည့် ခြေချင်းဝတ် ဒဏ်ရာကြောင့် အာဆင်နယ်နှင့် ပွဲစဉ်ကို လွဲချော်ခဲ့ပြီးဖြစ်သလို နောက် ရက်သတ္တပတ်အနည်းငယ်အထိ အနားယူရဦးမည်ဖြစ်ရာ ဝက်စ်ဟမ်း၊ ချယ်လ်ဆီးတို့နှင့် ပွဲစဉ်ကိုပါ လွဲချော်တော့မည်ဖြစ်သည်။

ဒေးဗီးစ်သည် အဆိုပါ ဒဏ်ရာကြောင့် ဆားဗီးယားနှင့်ရင်ဆိုင်မည့် ဝေလလက်ရွေးစင်အသင်းတွင် ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။

နိုင်ငံတကာ ပွဲစဉ်များအပြီးတွင် ကလပ်အသင်းပွဲစဉ်များ ပြန်လည်စတင်မည်ဖြစ်ရာ စပါးအနေဖြင့် ဝက်စ်ဟမ်း( အိမ်ကွင်း)၊ စပါး(အဝေးကွင်း) ပွဲစဉ်များကြားတွင်ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မိုနာကိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ဗန်ဒေးဗီးစ်မှာ အဆိုပါပွဲစဉ်များအားလုံးကို လွဲချော်ရန် သေချာခဲ့ပြီဖြစ်သည်။



## အားကစားလောက သတင်းတိုများ

❍ အသက်(၁၉)နှစ်အရွယ်သာ ရှိသေးသည့် အေဂျက်စ်လူငယ်တိုက်စစ်မှူး ဒေါ်လ်ဘာ့ဂ်သည် ပွဲစဉ်၁၀ပွဲ၌ ငါးဂိုးအထိ သွင်းယူနိုင်ခဲ့ရာ ၎င်းကို မန်စီးတီးနှင့် ချယ်လ်ဆီးတို့မှ ခေါ်ယူရန်အပြိုင်ကြိုးပမ်းလာပြီဖြစ်သည်။သူသည် လက်ရှိတွင် ဒိန်းမတ်လက်ရွေးစင်အသင်းအတွက်ခေါ်ယူခံထားရကြောင်းလည်း သိရသည်။

**❍ အာဆင်နယ်တိုက်စစ်မှူး ဂီရောဒ်မှာ အရန်ခုံပေါ်ထိုင်နေရခြင်းကို မပျော်မရွှင်ဖြစ်နေပြီး သူ၏ အနာဂတ်အရေးကိစ္စနှင့် ပတ်သက်၍ နည်းပြ ဝင်းဂါးနှင့် အမြန်ဆုံးတွေ့ဆုံ ညှိနှိုင်းသွားရန် လိုလားနေသည်။**

❍ ဝက်စ်ဟမ်းအသင်းသည် ချယ်လ်ဆီးတွင် နေရာပျောက်နေသည့် ဖာဘရီဂတ်စ်အား အငှားဖြင့် ခေါ်ယူရန် ဆက်သွယ်ခဲ့သော်လည်း ဖာဘရီဂတ်စ်က အခြားဥရောပအသင်းကြီး တစ်သင်းသို့ ပြောင်းရွှေ့ရန် လိုလားသဖြင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်မရှိတော့ချေ။

**❍ လီဗာပူးသည် မာဆေးလ်အသင်းလူငယ်ကစားသမား လိုပက်ဇ်ကို ခေါ်ယူရန် ပြင်ဆင်နေပြီး လိုပက်ဇ်မှာ နာဆရီ လက်သစ်ဟု အမည်ရသူလည်းဖြစ်သည်။**

❍ ပြင်သစ်ပထမတန်း ချန်ပီယံပီအက်စ်ဂျီအသင်းသည် အဲဗာတန်တိုက်စစ်မှူး လူကာကူအား ဆက်သွယ်နေခဲ့ရာ အဲဗာတန်ဘက်မှ ရောင်းချမည်မဟုတ်ကြောင်း အကြောင်းပြန်ထားသော်လည်း ချိတ်ဆက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။




## ဝေလ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဂါရတ်ဘေးလ် ခြောက်ကြိမ်မြောက်ဆွတ်ခူး

ရီးယဲလ်မက်ဒရစ် စူပါစတား ဂါရတ်ဘေးလ်သည် ၂၀၁၆ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး ဝေလကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ရာ နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် ဝေလဘောလုံးအဖွဲ့ချုပ် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ယင်းဆုကို လက်ခံရယူခဲ့သည်။ ဘေးလ်သည် ယင်းဆုကို လေးကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ပြီး နောက်ဆုံးခုနစ်နှစ်တွင် ခြောက်ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ရာ ဘေးလ်လွှမ်းမိုးသော ဆုဟုပင် သတ်မှတ်နိုင်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။

သူသည် ဝေလအသင်း ယူရို-၂၀၁၆ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ရာတွင် အဓိကနေရာမှ ခြေစွမ်းပြခဲ့သူဖြစ်ပြီး ဝေလအသင်းအတွက် ဘေးလ်မှာ မန်ယူကစားသမားဟောင်း ရိုင်ယန်ဂစ်ထက်ပင် ပိုမိုစွမ်းဆောင်ရည်ကောင်းသည့် ကစားသမားအဖြစ် ဝေလပရိသတ်များက သတ်မှတ်ထားကြသည်။

စတုတ်စီးတီးကွင်းလယ်လူ ဂျိုးအလန်မှာ ပရိသတ်အကြိုက်ကစားသမားဆုနှင့် ကစားသမားများအကြိုက် ကစားသမားဆု နှစ်ဆု၊ နာတာရှာဟာဒင်က တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆု၊ ရက်ဒင်းနောက်ခံလူ ခရစ္စဂန်တာက မီဒီယာအကြိုက် ကစားသမားဆုနှင့် ဝေလအမျိုးသားလက်ရွေးစင်အသင်းနည်းပြ ခရစ္စကိုးလ်မန်းက အထူးဆု အသီးသီး ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

## ဝေဖန်မှုများကြားထဲက မက်ဆီရဲ့ နောက်ဆုံးတက်တူး



အာဂျင်တီးနားနဲ့ ဘာစီလိုနာ စူပါစတား လီယွန်နယ်မက်ဆီဟာ တက်တူးထိုးခြင်း ယဉ်ကျေးမှုနဲ့ စိမ်းသက်သူမဟုတ်ပေမယ့် ခုနောက်ဆုံးထိုးထားတဲ့ တက်တူးကြောင့် သူ့ပရိသတ်တွေ စိတ်ပျက်ခဲ့ရတယ်လို့ မေးလ်အွန်လိုင်းက ဖွင့်ချပါတယ်။ မက်ဆီဟာ အာဂျင်တီးနားလက်ရွေးစင်အသင်းအတွက်လေ့ကျင့်ရေးဆင်းစဉ် သူ့ရဲ့ ဘယ်ဘက်ခြေထောက် ဒူးအောက်တစ်ပြင်လုံး နီးပါးဟာ ခြေအိတ်အမည်းရောင်အရှည်ကြီး စွပ်ထားသလို တက်တူးအသစ် ထိုးထားတာကြောင့် အတော်ကြည့်ရဆိုးတယ်လို့ သူ့ပရိသတ်တွေက ဝေဖန်ခဲ့ပါတယ်။

မက်ဆီဟာ သူ့သားကြီး သီယာဂိုမွေးဖွားတုန်းက သီယာဂိုရဲ့ အမည်ကို တက်တူးရေးထိုးခဲ့သလို အတောင်ပံပုံ၊ ပန်းပုံ၊ ဓားသွားပုံနဲ့ ဘောလုံးပုံတွေကို ပခုံး၊ ခြေထောက်၊ လက်မောင်း စတဲ့ နေရာအနှံ့အပြားမှာ တက်တူးတွေထိုးထားခဲ့သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တလေးပတ်ကတင် မက်ဆီက သူ့ရဲ့ တက်တူးတွေနဲ့ တက်တူးရေးထိုးနေစဉ်က ဓာတ်ပုံတွေကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာမှာ တင်ခဲ့သေးပါတယ်။

ဒါပေမယ့် ဘရာဇီးလို အင်အားကြီး ပြိုင်ဘက်နဲ့ ရင်ဆိုင်ရမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ အခုလို အချိန်အတော်ကုန်တဲ့ တက်တူး ကိုရေးထိုးခဲ့တာကြောင့် မက်ဆီပွဲအပေါ် အာရုံစိုက်မှုမရှိမှာကိုလည်း ပရိသတ်တွေက စိုးရိမ်နေပါတယ်။ ၂၀၁၈ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေမှာ အာဂျင်တီးနားအသင်းဟာ ၁၀ပွဲကစားပြီးချိန် ရမှတ်၁၆မှတ်သာ စုဆောင်းထားနိုင်ပြီး ဇယားထိပ်က ဘရာဇီးအသင်းနဲ့ ငါးမှတ်အထိကွာဟနေပြီဖြစ်သလို အမှတ်ပေးဇယား အဆင့်(၆)နေရာမှာသာ ရပ်တည်နေရတာကြောင့် အာဂျင်တီးနား ပရိသတ်တွေ စိုးရိမ်မှု ပိုနေတာဖြစ်ပါတယ်။ တောင်အမေရိကဇုန်မှာ ထိပ်ဆုံးအသင်းလေးသင်းသာ ကမ္ဘာ့ဖလားတိုက်ရိုက်ခြေစစ်ပွဲအောင်ပြီး ပဉ္စမနေရာက အသင်းဟာ ထပ်ကျော့ခြေစစ်ပွဲ ကစားရတာကြောင့် ဆဌမနေရာအထိရောက်နေတဲ့ အာဂျင်တီးနားအတွက် စိုးရိမ်စရာအနေအထားပါ။

REUTERS

## မှုခင်း

### စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်း ၃၀ ဒသမ ၆ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

သာစည်မြို့နယ် ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက်က သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်(၄၇/၄)အနီးတွင် ဆိုင်ကယ်နှင့်အတူတွေ့ရှိသူ ရဲဝင်းအားရှာဖွေရာ ဘိန်းစိမ်းအလေးချိန် ၃၀ ဒသမ ၆ ကီလိုကို လည်းကောင်း၊ အလားတူ တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့ (၁၄)ရပ်ကွက် MOB ဘဏ်ရှေ့တွင် ဖုန်းနိုင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၆ ပြား သိမ်းဆည်းရမိပြီး ၎င်းနေထိုင်သည့် တောင်ငူမြို့ (၁၄)ရပ်ကွက် (၇)လမ်း နေအိမ်ကို သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၃ ပြား ထပ်မံသိမ်းဆည်းရမိသည်။

ထို့အတူ နိုဝင်ဘာ ၇ ရက်က တောင်ကြီးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စု သရက်ချဉ်ကျေးရွာ မိုင်းပျဉ်း-တောင်ကြီး သွားကားလမ်းမပေါ်တွင် ဆန်းလီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



### အမြန်လမ်းမကြီးတွင် အိမ်စီးကားတစ်စီး မီးလောင်မှုဖြစ်ပွား

**ဖြူး နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန် -မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ( ၁၀၀ /၅ )အနီးတွင် နိုဝင်ဘာ ၈ ရက် ည ၉ နာရီခန့်က အိမ်စီးကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှရန်ကုန်သို့ မောင်းနှင်လာသောယာဉ်အမှတ် 5C/---- HONDA CRV အမျိုးအစားယာဉ်သည် နံပါတ်မပါဆိုင်ကယ်တစ်စီးအား ယာဉ်ပေါ်တွင်တင်ဆောင်၍မောင်းနှင်လာစဉ် ဆိုင်ကယ်အတွင်းမှဆီသည် ကား၏အိတ်ဇောပိုက်ပေါ်ကျကာ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရပြီး အခင်းဖြစ်ပွားရာနေရာသို့ မြို့ချောင်းအမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဖြူးအမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက မီးသတ်ကားများဖြင့် ငြိမ်းသတ်ရာ ည ၁၀ နာရီခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား မြို့ချောင်းအမြန်လမ်းရဲတပ်ဖွဲ့စခန်းက( ပ ) ၁၃၂ /၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၂၇၉/၂၈၅ /၂၀၂ အရအမှုဖွင့်၍ထွက်ပြေးလွတ်မြောက်နေသောယာဉ်မောင်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

### ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဒုတိယအုပ်ချုပ်ရေးမှူးတို့အား အဂတိလိုက်စားမှုအတွက် စစ်ဆေးရန် ထပ်မံရုံးချိန်း

**မန္တလေး နိုဝင်ဘာ ၉**

အဂတိလိုက်စားမှုဖြင့် တရားစွဲခံထားရသည့် ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်တို့အား နိုဝင်ဘာ ၈ ရက်က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၌ ရုံးထုတ်စစ်ဆေးခဲ့ပြီးနောက် နိုဝင်ဘာ ၁၇ ရက်သို့ ထပ်မံချိန်းဆိုခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဒုတိယဦးစီးမှူးဦးကျော်ကျော်နိုင်အား ၂၀၁၃ ခုနှစ် အဂတိတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ ဦးအောင်စိုးမိုးအား ၂၀၁၃ ခုနှစ် အဂတိတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ တို့ဖြင့် အမှုဖွင့်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



### ဝါးဖောင်တွင် တရားမဝင်သစ်များတွဲချည်ကာ ချင်းတွင်းမြစ်အတွင်းစုန်ဆင်းလာစဉ် ရွှေစာရေးကျေးရွာအနီး ဖမ်းမိ

**ဘုတလင် နိုဝင်ဘာ ၉**

တရားမဝင် အင်ခွဲသားဆိုဒ်စုံနှင့် သရက်သစ်များကို ဝါးဖောင်တွင် တွဲချည်လျက် ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းလာသူခုနစ်ဦးကို ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၆ ရက် ည ၁၁ နာရီခွဲခန့်က ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီးမှ စောင့်ဆိုင်းဖမ်းဆီးနိုင်ခဲ့ကြောင်း ဘုတလင်မြို့မရဲစခန်း ဒုတိယရဲအုပ်နိုင်လင်းအောင်ထံမှ သိရသည်။

"ဘုတလင်မြို့နယ် သစ်တောဦးစီးဌာနက တောအုပ်ဦးအောင်ကျော်ငြိမ်းနဲ့အဖွဲ့၊ ဘုတလင်မြို့မရဲစခန်းတပ်ဖွဲ့ဝင်တွေပါတဲ့ပူးပေါင်းအဖွဲ့က သက်သေတွေနဲ့အတူ ရွှေစာရေးရွာအနီး ချင်းတွင်းမြစ်ထဲကစောင့်နေတုန်း ဖမ်းမိတာဖြစ်ပါတယ်" ဟု ဒုတိယရဲအုပ်နိုင်လင်းအောင်က ပြောသည်။

ဟုမ္မလင်းမြို့နယ် ရှမ်းတောင်ရွာမှ စုန်ဆင်းလာသော ရေစကြိုမြို့နယ် ပေါက်တောရွာမှ ရင်အောင်အပါအဝင် လိပ်စာတူ ခုနစ်ဦးပါဝင်သော ဝါးဖောင်ကိုစစ်ဆေးရာ ဝါးဖောင်တွင် တွဲလျက် တန်ဖိုးကျပ် ၁၁ သိန်း ၈ သောင်းကျော်ရှိ တရားမဝင်အင်ခွဲသားဆိုဒ်စုံအချောင်း ၄၂၀(၁၄ ဒသမ ၇၇၂၆ တန်)၊ တန်ဖိုး ၁ သိန်း ၄သောင်းကျော်ရှိ သရက်သစ်ခြောက်လုံး (၅ ဒသမ ၅ တန်)ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင်သစ်များကို ဝါးဖောင်ဖြင့်တွဲချည်သယ်ဆောင်လာသူခုနစ်ဦးအား အရေးယူပေးပါရန် နိုဝင်ဘာ ၈ ရက် ည ၉ နာရီခွဲက ဒုတိယရဲအုပ်နိုင်လင်းအောင်က တရားလိုပြုလုပ်၍ ဘုတလင်မြို့မရဲစခန်းက သစ်တောအက်ဥပဒေပုဒ်မ ၄၁(က) အရ အမှုရေးဖွင့်ကာ အမှုစစ်ရဲအုပ်ဝင်းမင်းထွန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❖


**"ကန့်ကွက်နိုင်ပါသည်"**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(ဓ/၁)(ဂ)ခန်းတွဲ၊ (၈)ထပ်တိုက်၏ အခန်းအမှတ်(၅၀၈) Room Typeအကျယ်အဝန်း(၁၀၄၃)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးပြေဟိန်းဦး(၉/မထန(နိုင်)၂၃၆၇၉၆)မှ ရောင်းချပိုင်ခွင့်စီမံခန့်ခွဲ ပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ရောင်းချသည့် တန်ဖိုးငွေအနက်မှ အချို့ကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| အထက်တန်းရှေ့နေများ | | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း | ဒေါ်ခင်မိမိစိုး | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B)(စဉ် ၃၁၃၃၅) | (LL.B,D.M.L)(စဉ် ၄၁၄၀၀) | (LL.B,D.B.L,D.M.L,D.I.L) WIPO,DL.101Switzerland(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) DL-101(WIPO)Geneva |

မိတ်သားစု အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ

အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

☎ - 0973054542, 0973494343, 0973161672



ရေတာနာရှင် -- ကျိုက်ထီးရိုး/ချောင်းသာ

- မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်။ (Hotel package) Nov 11,12 18,23,25
- ပုပ္ပါး ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ (၃)ရက်။
- ပြင်ဦးလွင် ဒီးဒုတ်ရေတံခွန် မန္တလေး (၃)ရက်။ ဆက်၍-စစ်ကိုင်း မုံရွာ (၄)ရက်။
- တောင်ကြီး(မီးပုံးပျံပွဲတော်)၊ အင်းလေး ပင်းတယ၊ မိန်းမရဲတောင် (၄)ရက်။
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်(၅)ရက်။ ဆက်၍-မြိတ်ပါ (၆)ရက်။

Ph: 01-392704, 09 73017110,09 795066657,09 785066657



POST ရာထူးဝင်ခွင့်သင်တန်း

နိုင်ငံခြားရေး နှင့် ဦးစီးအရာရှိ ဝင်ခွင့်များ 'တစ်ပတ် တစ်ရက်တက်'

စနေ(၁၂.၁၁.၂၀၁၆စမည်) တနင်္ဂနွေ(၁၃.၁၁.၂၀၁၆စမည်)

၁၆၅၊ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃


**ပျောက်ဆုံးကြောင်း ကြေညာခြင်း**

ကျွန်တော်များ ဟိန်းကျော်စျာန်ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် ကတ်ပြားနှင့် ကုမ္ပဏီနှင့် ပတ်သက်သော စာရွက်စာတမ်းများသည် ပျောက်ဆုံးသွားပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

Ph-092009843,096812312,0274589

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

**လူမှုဖူလုံရေးအဖွဲ့ ဝန်ထမ်းများ လူမှုရေးအသင်း သက်ကြီးပူဇော်ပွဲနှင့် မိတ်ဟောင်းမိတ်သစ်တွေ့ဆုံပွဲ ဖိတ်ကြားခြင်း**

လူမှုဖူလုံရေးအဖွဲ့ဝန်ထမ်းများ လူမှုရေးအသင်းမှ ကြီးမှူး၍ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့်မိတ်ဟောင်းမိတ်သစ်တွေ့ဆုံပွဲကို ၂၄-၁၁-၂၀၁၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအနီး၊ အလုပ်သမားဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါ၍ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ နှင့် အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၈၀)နှင့် အထက် အငြိမ်းစား ပုဂ္ဂိုလ်များနှင့် ပါဝင်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| ဦးလွန်းအောင် | -၀၉-၂၅၄၃၈၆၂၁၀ |
| ဦးအေးသိန်း | -၀၉-၂၅၄၅၄၂၈၆၉ |
| ဒေါ်ကေသီခိုင် | -၀၉-၄၃၀၅၀၇၃၅ |

**သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့ ဝန်ထမ်းများ လူမှုရေးအသင်း**




OK$ ၁ ကျပ် ဖြင့် လက်ဖက်ရည်၊ ကော်ဖီ တစ်ခွက်ကို

အောက်ပါဆိုင်များတွင် သုံးဆောင်နိုင်ပြီ။

- Pioneer Food Center ( ၁၁၅ မိုင်၊ တောင်ငူမြို့ )
- ထပ်တစ်ရာလန်း လက်ဖက်ရည်ဆိုင် ( ဖြူးမြို့ )
- Classic လက်ဖက်ရည်ဆိုင် ( တောင်ငူမြို့ )
- အဖွားကြီး နှင့် သားများ လက်ဖက်ရည်ဆိုင် ( မဟာဝိဇယဘုရားအနီး - ရန်ကုန်မြို့ )

( ၃၀-၁၁-၂၀၁၆ ရက်နေ့အထိသာ )

INTERNET WALLET

Pioneer : 09-250925554 24 Hr Call Center : 01-377888, 09-450144455, 09-30000066 www.okdollar.com

# ထူးခြားဆန်းကြယ်လှပသည့် အသည်းနှလုံးပုံ ရိဒ်ရေကန်၏ ရှုခင်းသာ View Point ပြုလုပ်ဆောင်ရွက်ပြီးစီး



**ရိခေါဒါရ် နိုဝင်ဘာ ၉**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့ရှိ ရိဒ်ရေကန်၏ သဘာဝအလှအသည်းနှလုံးပုံ သဏ္ဍာန် ထင်ထင်ရှားရှားပေါ်လွင်သည့် တစ်ခုတည်းသော မြို့တွင်းရှုခင်းနေရာတွင် ရိဒ်ရေကန်၏ ရှုခင်းသာ View Point ကို ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စေတနာအလှူရှင်များ ပူးပေါင်းဆောင်ရွက်လျက် ရီ-ဘွာန်နဲလ် ကုမ္ပဏီက စေတနာထက်သန်စွာ ငွေကျပ် ၁၅ သိန်း အကုန်အကျခံ၍ ပြုလုပ်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရိဒ်ရေကန်ကြီးတွင် သဘာဝအလျောက် ပေါက်ရောက်သည့် ကြာဖြူကြာနီပန်းများ၊ ဇေဒါပန်းများ၊ မိုးမခပင်များနှင့် မိုးမခပင်ပေါ်မှ သဘာဝအလျောက်ပေါက်သည့် ရှားပါးသစ်ခွပန်းအလှမျိုးစုံများစွာဖြင့် အသည်းနှလုံးပုံ ရိဒ်ရေကန်ကြီးကို အလွန်သာယာလှပစေပြီး ရှုမောဖွယ်ဖြစ်အောင် အလှတန်ဆာဆင်ထားသည့်အတွက် စိတ်ဝင်စားဖွယ် အလွန်ကောင်းလျက် အလွန်ဆွဲဆောင်မှုရှိလှသော တစ်မူထူးခြားဆန်းကြယ်လှပသည့် ရေကန်ကြီး၏ အသည်းနှလုံးပုံသဘာဝအလှ ရှုခင်းအားလုံးကို ယခုအချိန်တွင် ရိဒ်ရေကန်၏ ရှုခင်းသာ View Point မှ ကြည့်ရှုခံစားရင်း ရိဒ်ရေကန်ကြီးကို ကြည်နူးဖွယ် လေ့လာနိုင်ကြတော့မည်ဖြစ်သည်။

ရိဒ်ရေကန်သည် ချင်းပြည်နယ် ဖလမ်းမြို့မှ ၆၄ မိုင် ၂ ဖာလုံအကွာ အိန္ဒိယ-မြန်မာ နယ်စပ် ရိခေါဒါရ် မြို့တွင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ ပေမြင့်သောတောင်တန်းများအကြားတွင် သဘာဝအလျောက် အသည်းနှလုံးပုံသဏ္ဍာန်သဖွယ် ထူးဆန်းစွာ ဖြစ်ပေါ်တည်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် ရှိသမျှ ရေကန်များနှင့်မတူဘဲ တစ်မူထူးခြားဆန်းကြယ်လှပသော ရေကန်ကြီးဖြစ်ကာ အေဒီ ၁၅၀၀ ခန့်တွင် စတင်တွေ့ရှိခဲ့သည်ဟုခန့်မှန်းရပြီး ရေကန်၏ အကျယ်အဝန်းမှာ ဧရိယာ ၈၃၂ ဧကရှိကာ ရေကန်ပတ်လည် အနားမှာ ၂ ဒသမ ၅ မိုင်ရှည်လျား၍ ပျမ်းမျှအနက် ပေ ၅၀ နှင့် အနက်ဆုံးနေရာတွင်ပေ ၆၀ ခန့်ရှိပြီး ချင်းပြည်နယ်၏ အမျိုးသားဂုဏ်ဆောင် သင်္ကေတတစ်ခုအဖြစ် တန်ဖိုးထားသတ်မှတ်သည့် ရေကန်ကြီးတစ်ခုဖြစ်သည်။

ရိဒ်ရေကန်၏ အံ့ဩဖွယ်ထူးခြားမှုများမှာ စတင်တွေ့ရှိသည့်အချိန်မှ ယခုအချိန်အထိ ရေကန်၏ ရေအတိမ် အနက်နှင့် အကျယ်အဝန်းများ ပြောင်းလဲခြင်းမရှိဘဲ ပကတိအတိုင်း တည်ရှိတည်မြဲနေခြင်း၊ ခြောက်သွေ့မြင့်မားသော တောင်တန်းများကြားတွင် ရေကန်ကြီးဖြစ်ပေါ်လာခြင်း၊ ချောင်းရေမြောင်းရေစီးမဝင်ဘဲ မိုးရာသီတွင် ကန်ရေပြင်ကြည်လင်၍ ဆောင်းနှင်းထန်သည့်အချိန်တွင် ကန်ရေပြင် ရဲရဲနီလျက် ရေနောက်မှု မရှိသော်လည်း နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလကုန်ပိုင်း အအေးဆုံးကာလတွင် ၇ ရက်မှ ၁၀ ရက်ခန့်အထိ ရေကန်မှ ရေများ အလိုအလျောက်နောက်ကျိသည့် အချိန်ရှိခြင်း၊ ရိဒ်ရေကန်မှ ရေကိုခပ်ယူပြီး အခြားအရပ်ဒေသသို့ယူဆောင်ပါက အဆိုပါရေသည် ရိဒ်ရေကန်နောက်ကျိနေချိန်တွင် ခပ်ယူသောရေလည်း နောက်ကျိနေပြီး ရိဒ်ရေကန်မှ ရေကြည်လင်နေချိန်တွင် ပြန်လည်ကြည်လင်နေခြင်း တို့ကြောင့် ထူးဆန်းသည့်ရေကန်ကြီးအဖြစ် ထင်ရှားလှကြောင်း သိရသည်။

**ဂျူးနက်**

# မန္တလေး – မြစ်ကြီးနားလမ်းပိုင်းတွင် ရထားများ အချိန်ပြောင်းလဲပြင်ဆင် ပြေးဆွဲမည်

**မြစ်ကြီးနား နိုဝင်ဘာ ၉**

မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် မန္တလေးဘူတာမှ မြစ်ကြီးနားဘူတာအထိနေ့စဉ် အစုန်အဆန် ပြေးဆွဲနေသောလူစီးရထားများအား မြန်မာ့မီးရထားက နိုဝင်ဘာ ၁၁ ရက်မှစတင်၍ အချိန်ပြောင်းလဲ ပြင်ဆင်ပြေးဆွဲမည်ဟု သိရသည်။

အမှတ် (၃၇) မန္တလာ-မြစ်ဆုံ အဆန်အမြန်ရထားသည် မန္တလေးဘူတာမှ နံနက် ၁၀ နာရီ မိနစ် ၂၀ စတင်ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အမှတ် (၅၅) အဆန်အမြန်ရထားသည် မန္တလေးဘူတာမှ မွန်းတည့် ၁၂ နာရီ စတင်ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ အမှတ် (၅၇) အဆန်အမြန်ရထားသည် မန္တလေးဘူတာမှ ညနေ ၄ နာရီစတင်ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ အမှတ် (၄၁) အဆန်စာပို့ရထားသည် မန္တလေးဘူတာမှ ညနေ ၆ နာရီစတင်ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့ ည ၉ နာရီတွင်လည်းကောင်း အသီးသီးဆိုက်ရောက်မည်ဖြစ်သည်။

အလားတူ အမှတ် (၄၂) အစုန် စာပို့ရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၅ နာရီစတင်ထွက်ခွာ၍ မန္တလေးဘူတာသို့နောက်တစ်နေ့နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ အမှတ် (၅၆) အစုန်အမြန်ရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၇ နာရီခွဲ စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၄ နာရီတွင်လည်းကောင်း၊ အမှတ် (၃၈) မြစ်ဆုံ - မန္တလာအစုန်အမြန်ရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၁၁ နာရီခွဲစတင်ထွက်ခွာ၍ မန္တလေးဘူတာသို့နောက်တစ်နေ့ နံနက် ၅ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၅၈)အစုန်အမြန်ရထားသည် မြစ်ကြီးနားဘူတာမှ ညနေ ၃ နာရီစတင်ထွက်ခွာ၍ မန္တလေးဘူတာသို့နောက်တစ်နေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း အသီးသီးဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၉)**

# မတ္တရာမြို့၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေး(၁၁/၀ ဒသမ ၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်

**မတ္တရာ နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အာပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မတ္တရာမြို့ အမှတ်(၅)ရပ်ကွက်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးနှင့် ဗို့အားပြည့်မီရေး အတွက် (၁၁/၀ ဒသမ ၄)ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံးကို တိုးချဲ့တည်ဆောက်ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် ဓာတ်အားထည့်၍ လျှပ်စစ်မီးစတင်သုံးစွဲနိုင်ခဲ့သည်။

အဆိုပါ ထရန်စဖော်မာသို့ မတ္တရာ ဓာတ်အားခွဲရုံ၏ (၁၁)ကေဗွီ စကျင်ဓာတ်အားလိုင်းမှ ဓာတ်အားရယူသုံး၍ အမှတ် (၅) ရပ်ကွက် နေချင်စရာရပ်နှင့် ရန်နိုင်စိုးရပ်ရှိ မီးသုံးစွဲသူ ၅၀၀ ခန့်အား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ ယခင်က အဆိုပါရပ်ကွက်အတွင်းရှိ မီးသုံးစွဲသူပြည်သူများသို့ (၁၁/၀ ဒသမ ၄) ကေဗွီ (၂၀၀) ကေဗွီအေ သာလွန်ဖြူထရန်စဖော်မာနှင့် (၁၁/၀ ဒသမ ၄)ကေဗွီ(၂၀၀)ကေဗွီအေ ရန်နိုင်စိုး ထရန်စဖော်မာတို့မှ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ တိုးတက်များပြားလာသော မီးသုံးစွဲသူနှင့် စက်မှုလုပ်ငန်းများကြောင့် ရပ်ကွက်အတွင်း ဓာတ်အားပြည့်ဝစွာမသုံးစွဲရခြင်းနှင့် ဗို့အားလျော့နည်းကျဆင်းခြင်းများနေရာအချို့တွင် ဖြစ်ပေါ်ခဲ့သည်။

ယခုအခါ New Ever Light ကုမ္ပဏီ နှင့် မတ္တရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့ပူးပေါင်း၍ (၁၁) ကေဗွီလိုင်း ပေ ၁၀၀၊ (၁၁/သုည ဒသမ ၄) ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့လိုင်း ပေ ၂၀၀၀ တိုးချဲ့တည်ဆောက်ပေးခဲ့ခြင်းကြောင့် အမှတ် (၅) ရပ်ကွက် နေချင်စရာရပ်နှင့် ရန်နိုင်စိုးရပ်တို့တွင် ဓာတ်အားကြံ့ခိုင်မှုပိုမိုကောင်းမွန်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းခြင်းနှင့် ယခင်တပ်ဆင်ပြီး ထရန်စဖော်မာများထံမှ ဗို့အားမျှခြင်းတို့ကြောင့် ရပ်ကွက်အတွင်းရှိ မီးသုံးစွဲသူများသည် လျှပ်စစ်ဓာတ်အားကို အပြည့်အဝဗို့အားပြည့်မီစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

မတ္တရာမြို့နေ လျှပ်စစ်သုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် New Ever Light ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီးနောက် အမှတ် (၂) ရပ်ကွက်တွင် ၃၁၅ ကေဗွီအေထရန်စဖော်တစ်လုံး၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံး၊ အမှတ် (၃) ရပ်ကွက်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ အမှတ် (၄) ရပ်ကွက်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် အမှတ် (၅) ရပ်ကွက်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၂၀၀ ကေဗီအေ ထရန်စဖော်မာ ငါးလုံး မတ္တရာမြို့ပေါ်တွင် စုစုပေါင်း ထရန်စဖော်မာ၁၂ လုံးကို တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ရဲတပ်ဖွဲ့ဝင်မှီခိုသူမိသားစုရဲမေများအား အခြေခံစစ်ပညာသင်တန်းဖွင့်

**ဗန်းမော် နိုဝင်ဘာ ၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်ရဲစခန်း၌ နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ရဲတပ်ဖွဲ့ဝင် မှီခိုသူမိသားစုရဲမေများ အခြေခံစစ်ပညာသင်တန်း (၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရဲတပ်ဖွဲ့ဝင်မှီခိုသူမိသားစု ရဲမေများ ၁၉ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် မန်စီမြို့ မန်ဝိန်းကြီးနယ်မြေရဲစခန်း၌လည်း အဆိုပါသင်တန်းကို ဖွင့်လှစ်ရာ ရဲမေရှစ်ဦးတက်ရောက်သင်ကြားကြောင်း သိရသည်။ **ခိုင်ပြန်/ဆက်**



# မကွေးတိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ကညနမှ ရှင်းလင်းဆွေးနွေး

**မကွေး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းနှင့် ယာဉ်တိုက်မှု အချက်အလက်များနှင့် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအား မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထွဋ်က အများပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိနားလည်စေရန်အတွက် အသိပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးခဲ့ပြီး မော်တော်ဆိုင်ကယ်မောင်းယာဉ်လိုင်စင်များကို ရက် ၁၀၀ စီမံချက်အတွင်း မကွေးတိုင်းဒေသကြီးအတွင်း၌ ၈၀၀၀၀ ကျော် ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဒေသများရှိ ပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်လိုင်စင်များအပါအဝင်၊ ယာဉ်မောင်းလိုင်စင်များပါ ပြုလုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်းနှင့် မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီးများက မိမိတာဝန်ယူရသည့် နယ်မြေများအတွက် လိုအပ်ပါက ရုံးပိတ်ရက်များတွင် လာရောက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းရာ မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။ လိုင်စင်မဲ့ယာဉ်များကို ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ပါက လိုင်စင်လာရောက်လုပ်ကိုင်သူများပြားလာမှာဖြစ်ပြီး အမြဲတမ်း စစ်ဆေးခြင်းများ ဆောင်ရွက်နေပါက လိုင်စင်မဲ့စီးနင်းမှုများ ပပျောက်သွားလိမ့်မည်ဟု လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ပြောကြားကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ရှင်းလင်းဆွေးနွေးပွဲအပြီးတွင် လွှတ်တော်ကိုယ်စားလှယ်များအား ယာဉ်မောင်းလိုင်စင် လျှောက်ထားရန်အတွက် လျှောက်လွှာများ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ **ညီညီမောင် (ပြန်/ဆက်)**

## ပေါင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတွေ့ဆုံပွဲ ကျင်းပ

**ပေါင် နိုဝင်ဘာ ၉**
မွန်ပြည်နယ် ပေါင်မြို့နယ်တွင် လွှတ်တော်ကိုယ်စားများနှင့် ပြည်သူလူထုတွေ့ဆုံပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ကဒုံးစီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပေါင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) မှ ဦးထွန်းမင်းအောင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အမှတ် (၂) မှ ဦးဇော်ဇော်ထူးတို့က လွှတ်တော်အတွေ့အကြုံများနှင့် ပြည်သူများ၏ လိုအပ်ချက်များနှင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ပြီး ရပ်ကွက်၊ ကျေးရွာများတွင်ဖြစ်ပေါ်သော အခက်အခဲများ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့်တို့ကို ပြည်သူများနှင့်တွေ့ဆုံကာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူများမှ ကျေးရွာအတွက် လိုအပ်လျက်ရှိသော သောက်သုံးရေ ရှားပါးမှု၊ လမ်း၊ တံတား၊ စာသင်ကျောင်း စသည့်လိုအပ်ချက်များကို တင်ပြကာ လွှတ်တော်ကိုယ်စားလှယ်များမှ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူလူထုများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**

## ပဲခူးမြို့ယာဉ်ကြောကျပ်တည်းမှုဖြေရှင်းနိုင်ရေးတွေ့ဆုံဆွေးနွေး

**ပဲခူး နိုဝင်ဘာ ၉**
ပဲခူးမြို့ပေါ်ယာဉ်ကြောကျပ်တည်းမှု ဖြေလျော့နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းနှင့် တိုင်းဒေသကြီး လွှတ်တော် အမှတ်(၁)မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေတို့သည် ဒေသအခေါ် တုတ်တုတ်သုံးဘီးမော်တော်ဆိုင်ကယ် ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးမြို့ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူးရုံး ယာဉ်စစ်ဆေးဆောင်၌ ခေါ်ယူတွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲ၌ ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်များမှ သုံးဘီးဆိုင်ကယ်များကြောင့် ယာဉ်ကြောကျပ်တည်းခြင်းမဟုတ်ကြောင်း၊ ပဲခူးမြို့အတွင်းပြေးဆွဲနေသောယာဉ်များ သတ်မှတ်သော ယာဉ်ပြေးဆွဲခွင့် လမ်းကြောင်းအတိုင်း မပြေးဆွဲသောကြောင့် ယာဉ်ကျပ်တည်းမှုဖြစ်ရကြောင်း၊ စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုပိုင်း အားနည်းကြောင်း၊ စည်ကမ်းနှင့်အညီမဟုတ်လျှင် သုံးကြိမ်မြောက်၌ ယာဉ်လိုင်းပိတ်သိမ်းနိုင်သည်အထိ အရေးယူနိုင်ကြောင်း၊ တုတ်တုတ်ဆိုင်ကယ်များ သီးခြားရပ်တန့်နိုင်သောနေရာ သတ်မှတ်ပေးနိုင်ရေး စသည့်အခက်အခဲအသီးသီးအား တင်ပြကြသည်။

ပဲခူးမြို့ သည် ရန်ကုန်-မန္တလေးလမ်းမကြီး မြို့ထဲမှ ဖြတ်သန်းရာ အဓိကလမ်းမကြီးပေါ်တွင် တည်ရှိနေသောကြောင့် အဝေးပြေးယာဉ်များသာမက မြို့တွင်း ပြေးဆွဲသော မော်တော်ယာဉ်များ၊ ခွေးဘီးလူးယာဉ်ငယ်၊ တုတ်တုတ်ဆိုင်ကယ်၊ မှန်လုံကားများဖြင့် ယာဉ်လိုင်းမျိုးစုံတွင် ကားပေါင်းရာကျော်သောမြို့ဖြစ်သည်။

ပဲခူးမြို့ မင်းလမ်းမပေါ်နှင့် ဈေးတံတားထိပ်တို့တွင် ယာဉ်ပေါင်းစုံ ရပ်တန့်ဂိတ်ထိုးနေပြီး ကားများနှစ်ထပ် သုံးထပ်ဂိတ်ထိုးနေသောကြောင့် လမ်းကျဉ်းနေပြီး မော်တော်ယာဉ်ထိခိုက်သောပြဿနာနှင့် နေ့စဉ်ကြုံတွေ့နေရခြင်းဖြစ်သည်။

တချို့သော တုတ်တုတ်ဆိုင်ကယ်များသည် အစားထိုးယာဉ်ဖြစ်သော ခွေးဘီးလူးယာဉ်များဖြင့် ပြောင်းလဲပြီးသော်လည်း လက်ရှိ တုတ်တုတ်ဆိုင်ကယ်များအား လိုင်းထဲတွင် ဆက်လက်ပြေးဆွဲနေကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်များမှ ဝန်ကြီးနှင့် ဒေသခံတိုင်းလွှတ်တော်အမတ်တို့အား အသိပေးရှင်းပြခဲ့သည်။

ဝန်ကြီး ဦးသန်းဝင်းက ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများမှ ယာဉ်/လမ်းစည်းကမ်းများ လိုက်နာရေး ပူးပေါင်းကူညီသွားမည်ဖြစ်၍ ကျေးဇူးတင်ပါကြောင်းနှင့် တိုင်းဒေသကြီးလွှတ်တော်အမတ် ဦးညွန့်ရွှေက ယာဉ်ကြောကျပ်တည်းမှုပြဿနာသည် တုတ်တုတ်ဆိုင်ကယ်ယာဉ်တစ်မျိုးတည်းကြောင့် မဟုတ်ဘဲ လမ်းဘေးပလက်ဖောင်းပေါ်ထိ တည်ခင်းရောင်းချနေသော ဈေးဆိုင်များကြောင့်လည်း လမ်းမကျဉ်းသွားပြီး ယာဉ်ကြောရှုပ်ထွေးမှုများဖြစ်ပေါ်နေသဖြင့် လမ်းမပေါ်ရှိ ကျူးကျော်ဆိုင်များအား ရှင်းလင်းသွားသည်အထိ ဖယ်ရှား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။ ယင်းတွေ့ဆုံပွဲသို့ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်း ၁၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၄၂၈)**

## ရေးမြို့နယ်တွင် အဆောက်အအုံဆောက်လုပ်ရာ၌ သစ်အစား သံထည်များကို အသုံးပြုမှုများလာ



**ရေး နိုဝင်ဘာ ၉**
မွန်ပြည်နယ် ရေးမြို့နယ်တွင် လမ်းတံတား၊ လူနေအိမ်၊ အဆောက်အအုံ၊ သာသနိက၊ အစိုးရရုံး၊ ပုဂ္ဂလိကကွန်ဒိုဆီဆိုင်ကြီးများနှင့် စာသင်ကျောင်းများတွင် သစ်အသုံးပြုမည့်နေရာ၌ သံထည်(steel structure) ကို ၂၀၁၂ ခုနှစ်မှ စတင်ကာ အသုံးပြုလာကြပြီး ယနေ့အချိန်မှာ လူကြိုက်များလာ၍ ပိုမိုသုံးစွဲလာနေလျက်ရှိကြောင်း သိရသည်။

"သစ်ကုန်ကြမ်းက ရှားလာတာရယ်၊ သစ်ဈေးကလည်း မြင့်မားလာတယ်။ သံထည်ကတော့ သဘာဝဘေးအန္တရာယ်အရ ခိုင်ခံ့ကြံ့ခိုင်မှုကပိုများတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်ပါတယ်။ အချိန်အနည်းငယ်အတွင်းမှာ လုပ်ငန်းပြီးစီးတဲ့အတွက် လုပ်ခနှင့်ကုန်ကျစရိတ်လည်း သက်သာလို့ တည်ဆောက်ရေးလုပ်ငန်းအပိုင်းကို ပြည်တွင်းက ကျွမ်းကျင်အလုပ်သမားများနဲ့ တည်ဆောက်ပေးနေပါတယ်" ဟု လုပ်ငန်းကြီးကြပ်ပေးနေသူ ဦးဆန်းအေးက ပြောသည်။

ရေးမြို့နယ်တွင် သံထည်များကို ရန်ကုန်မြို့မှတစ်ဆင့် တိုက်ရိုက်မှာ ယူတင်သွင်း ဝင်ရောက်လာပြီး သံထည်ကို တစ်တန်လျှင် ကျပ်ခြောက်သိန်းမှ ခုနစ်သိန်းဝန်းကျင်ခန့် ရှိနေသည်။ သစ်ဈေးမှာ ယခင်က ပျဉ်းကတိုးသစ် တစ်တန် ခြောက်သိန်းခွဲရှိရာ ယခုအချိန်အခါ တစ်တန်လျှင် ရှစ်သိန်းရှိနေပြီး အခြားသစ်ရောရာအုပ်စုများမှာ ခြောက်သိန်းအထက်၌ တည်ရှိနေသော်လည်း သစ်ကုန်ကြမ်းများမှာမူ ဈေးကွက်အတွင်း အဝင်မရှိကြသည့်အတွက် သစ်လုပ်ငန်းလုပ်ကိုင်သူများနှင့် သစ်အချောထည်ပရိဘောဂထုတ်လုပ်နေသူများမှာ လုပ်ငန်းကျဆင်းလာဖွယ်ရှိနေကြောင်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**

## ကော့သောင်းမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၌ အသိပညာပေး ဟောပြောပွဲကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၉**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းတွင် နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ စာဖတ်ခြင်းဖြင့်ရရှိနိုင်မည့်အသိပညာဗဟုသုတနှင့် စဉ်းစားဆင်ခြင်တွေးခေါ်နိုင်မှုနှင့် အခြားသိသင့်သိထိုက်ဖွယ်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ အမျိုးသမီးများနှင့် အိမ်စရိတ်ခြိုးခြံချွေတာရေး မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှု သိမှတ်ဖွယ်ရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ အမျိုးသမီးများနှင့် ဓာတုဗေဒဆိုးဆေးများပါ အစားအသောက်၊ အလှကုန်ပစ္စည်းများ အန္တရာယ်ကြုံတင်ကာကွယ်နိုင်ရေး သိမှတ်ဖွယ်ရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ တိုင်းရင်းဆေး ပညာဦးစီးဌာနမှ အမျိုးသမီးရောဂါနှင့် တိုင်းရင်းဆေး အသုံးဝင်မှုဆိုင်ရာဆက်နွယ်မှုများ၊ အိမ်သုံးတိုင်းရင်းဆေးပင်စိုက်ပျိုးခြင်းနှင့် အသုံးဝင်မှုဆက်စပ်ပုံများ စသည့်ဗဟုသုတဖြစ်ဖွယ်များအား အိမ်တွင်းမှုသင်တန်းကျောင်း ဆရာမများနှင့် သင်တန်းမှ ငယ်ရွယ်သူ အမျိုးသမီးကလေးများအား အသီးသီးအသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## လှိုင်ကော်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မီဒီယာများသို့ အသိပေးရှင်းလင်း

**လှိုင်ကော် နိုဝင်ဘာ ၉**
လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် လုပ်ငန်းများအား ကော်မတီနှစ်ရပ်၊ ကိုယ်စားလှယ်သုံးရပ်မှ မီဒီယာများသို့ အသိပေးရှင်းလင်းခြင်းကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက လှိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူက အဖွင့်အမှာစကားပြောကြားပြီး လှိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း က ခရိုင်ကျေးလက်လုပ်ငန်းအကြောင်းအရာများအား ရှင်းလင်းတင်ပြခြင်းကိုလည်းကောင်း၊ လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လုပ်ငန်းအကြောင်းအရာများအားလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်နေသည့် မထောခူကျေးရွာအုပ်စုမှ ဦးချစ်ကောင်းက မြစိမ်းရောင် စီမံကိန်းအကျိုးရရှိမှုအခြေအနေများ၊ မထောခူကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးငါးရယ်ရွှေထွန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မိမိတို့ကျေးရွာအတွက် လမ်းများဆောင်ရွက်ပေးနိုင်မှု ရှိ-မရှိနှင့် ကျေးရွာများသို့ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပါက ကျေးရွာနေ ပြည်သူများ သက်ရောက်နိုင်အောင် ဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက် ပြုလုပ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီဒီယာအဖွဲ့များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

**မြို့နယ်ပြန်/ဆက်**

## ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)တွင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းဆောင်ရွက်



**ရန်ကုန် နိုဝင်ဘာ ၉**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၉) ရပ်ကွက်ရှိ ပုဏ္ဏမီလမ်းနှင့် အောင်သပြေလမ်းထောင့်တွင် ကားလမ်း ဝဲ/ယာ၌ ပေါက်ရောက်လျက်ရှိနေသည့် ကိုင်းပင်ရှည်များ၊ ချုံနွယ်ပိတ်ပေါင်းများအား ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စည်ပင်သာယာ လက်ထောက် အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများမှ နိုဝင်ဘာ ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းခြင်း လုပ်ငန်းများကို လစဉ်အလိုက် ဆောင်ရွက်လျက်ရှိသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

## ကြံခင်းမြို့နယ်၌မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကြံခင်း နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သည် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သည့် မြို့နယ်ဖြစ်သည့်အားလျော်စွာ စိုက်ဧရိယာတိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် သီးထပ်စွမ်းအား မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၆ ရက်က ကြံခင်းမြို့နယ် သဲဖြူကျေးရွာအုပ်စု ကွင်းအမှတ်(၄၈/က) ဦးပိုင်အမှတ်(၃၇၅) မြေကွက်အမှတ် ၇၈၃ ဧက ရှိ တောင်သူဦးအောင်သန်းဦးစိုက်ပျိုးထားသော ဆင်းသုခမိုးစပါးစံပြကွက်အား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၀၅ ဒသမ ၉၇ တင်း(အစို)ထွက်ရှိကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူလယ်သမားများ လက်ရှိစိုက်ပျိုးနေသော နည်းစနစ်ဖြင့် စပါးသီးနှံ၏ အမှန်အထွက်နှုန်းကိုရရှိစေရန်၊ မြို့နယ်အတွင်းရှိ တောင်သူများ၏ လက်ရှိအထွက်နှုန်းကို မှတည်၍ မျိုးကွဲအလိုက် အထွက်နှုန်းရရှိနိုင်မှုနှင့် မျိုးကွဲဈေးကွက်အလားအလာကို ခန့်မှန်းတွက်ချက်ရန်နှင့် မြို့နယ် ဆန်ပိုလျှံမှုကို တွက်ချက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူမွေးက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်သိန်းဇော်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## မြေပဲစိုက်တောင်သူများ သီးနှံဈေးမကောင်း၍ အရှုံးပေါ်

**မကွေး နိုဝင်ဘာ ၉**

မြေပဲပေါ်ချိန် ဈေးကွက်အစရာသီကာလတွင် ယမန်နှစ်ဈေးကွက်အဖွင့်ဈေးအောက် ထက်ဝက်ခန့်လျော့နည်းနေခြင်းကြောင့် မကွေးမြို့နယ်အတွင်း မြေပဲစိုက်တောင်သူများ အရှုံးပေါ်နေကြောင်း ကျစ်ဆုံပွေးကျေးရွာ ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



"ပြီးခဲ့တဲ့နှစ်က မြေပဲပေါ်ပေါ်ခြင်း တစ်တင်းကျပ် ၁၃၀၀၀ ရတယ်။ ဒီနှစ်တော့ ပွဲရုံတွေက ကျပ် ၆၄၀၀ ဈေးပေးတယ်။ ပဲဈေးက တစ်တင်းကျပ် ၇၀၀၀ ရမယ်။ တစ်ဧကခွဲကို တင်း ၁၀၀ ထွက်တယ်ဆိုမှ ငွေကျပ် ၂၀၀၀၀ ခန့်ပဲ အမြတ်ကျန်မယ်။ အနည်းဆုံး ကျပ် ၇၀၀၀ ဈေးလည်း မရဘူး၊ တင်း ၁၀၀ လည်းမထွက်ဘူးဆိုရင် ရှုံးပြီ။ ခုဈေးနဲ့ဆိုတော့ ဒီနှစ်ပဲစိုက်တစ်ရာသီလုံးအတွက် ကျပ် ၃၀၀၀၀ ခန့်တော့ရှုံးနေပြီ။ ဒါတောင်မှ တောင်သူမိသားစုတွေရဲ့ လုပ်အားစရိတ်တွေ ထည့်တွက်ထားတာမဟုတ်သေးဘူး။ ဒုက္ခခံခ မစားရဘူးပေါ့" ဟု ကျစ်ဆုံပွေးရွာ တောင်သူကိုငွေထွန်းက ပြောသည်။

ဒေသအခေါ် ယာတစ်လယ် (တစ်ဧကခွဲ) အကျယ် ပဲဆန်မျိုးသုံးတင်းခွဲကျအတွက် မြေဩဇာ(နွားချေး၊ ဆိတ်ချေးနှင့် အပင်ကောင်းအဆန်အောင်ရန် တက်တိုးမြေဆီအိတ်တစ်ဝက်၊ အာမိုတစ်အိတ်) ထည့်သွင်းခြင်း၊ ပဲမျိုး၊ စက်ထိုးခ၊ ပဲကျဲ၊ အူကြောင်းဖောက်၊ အောက်ကြောင်းလှန်၊ နှစ်ပါးသွား၊ ဘတ်ထိုး၊ ပေါင်းနှစ်ကြိမ်ထိုးခြင်း၊ ပဲချ၊ ပဲနုတ်၊ ပဲဆွတ်၊ ယာတောမှ မကွေးသို့သယ်ယူစရိတ်၊ ပွဲရုံပွဲခများ စုစုပေါင်းမှာ ၆၇၇၇၀၀ ကျပ် ကုန်ကျပြီး ထွက်ရှိသည့် ပဲဆန်တင်း ၁၀၀ ရောင်းလျှင် လတ်တလော ကျပ် ၆၄၀၀၀၀ သာ ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အိမ်ခြေ ၂၀၀၀ ခန့်ရှိပြီး ပဲစိုက်တောင်သူ ၅၀၀ ခန့်ရှိသော ကျစ်ဆုံပွေးဒေသ၌ လက်လုပ်လက်စားဦးရေမှာ ရွာ၏လေးပုံသုံးပုံလောက်ရှိနေကြောင်း၊ ပဲဆွတ်ခတစ်တင်း ကျပ် ၈၀၀၊ ပေါင်းထိုးခ နေ့တွက် ကျပ် ၄၀၀၀ ပေးရပြီး လက်လုပ်လက်စားများ အဆင်ပြေကြောင်း၊ အခြားဒေသများတွင် လုပ်သားစရိတ်ပိုရသည်ဟု သိရကြောင်း ဒေသခံတောင်သူ ဦးစိုးတင်က ဆိုသည်။

"အဆင်ပြေလို့ လုပ်စားတာတော့ မဟုတ်ဘူး။ ဘာမှလုပ်မစားတတ်လို့ လုပ်နေရတာ၊ မလုပ်လည်း စားဝတ်နေရေးက မပြေလည်ဘူးလေ။ မိုး၊ လေဖျက်ရင်တော့ ယာတွေလယ်တွေပြုတ်ကုန်တာပေါ့။ မိုးပြေး၊ လေပြေး အဆင်မသင့်တဲ့ ရာသီတွေမှာ ယာတွေ ပေါင်နှံစားရတယ်။ တောင်သူနားတဲ့ကာလတွေမှာ တစ်ဦးတည်း ဧကရာချီပိုင်ဆိုင်တဲ့ ယာကျယ်တဲ့လူတွေဆီမှာ ထွန်မောင်းတို့ဘာတို့၊ လေဘာအလုပ်လေးတွေခေါ်ရင် သွားလုပ်ရတာပေါ့" ဟု လုပ်ကွက်ငယ် ယာသမားတစ်ဦးက ယာသမားဘဝကို ပြောသည်။

ကျစ်ဆုံပွေးကျေးရွာ တောင်သူများနည်းတူ လင့်မြင့်ကျေးရွာအုပ်စု၊ အလယ်တည်ကျေးရွာနေ တောင်သူများလည်း ယမန်နှစ်က ပဲအထွက်နည်းပြီး ဈေးကောင်းရကာ ယခုနှစ်တွင်မူ ပဲအထွက်ကောင်းပြီး ဈေးကောင်းမရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ သယ်ယူစရိတ်ကြီးမြင့်ခြင်း၊ လယ်ယာလုပ်သားရှားပါး၍ လုပ်သားစရိတ် ကြီးမြင့်နေခြင်းများကြောင့် လက်ရှိပေါက်ဈေးအရ အရှုံးပေါ်နေပြီဖြစ်၍ ဈေးကောင်းရရန် မျှော်လင့်နေရကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မုံရွာမြို့တွင် ပဲမျိုးစုံမျိုးစေ့ဘဏ် မျိုးသန့်မျိုးပွားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးပြီး Australia Centre for International Agricultural Research(ACIAR) ပရောဂျက်မှ တိုင်းဒေသကြီးအတွင်း ပဲမျိုးစုံကို စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများအနေဖြင့် ပဲသီးနှံများ စိုက်ပျိုးချိန်တွင် မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ပြီး သီးနှံပေါ်ချိန်တွင် မျိုးကောင်းမျိုးသန့်များကို ထိန်းသိမ်းနည်းစနစ်များကို သိရှိနိုင်စေရန်အတွက် ပဲမျိုးစုံ မျိုးစေ့ဘဏ်မျိုးသန့် မျိုးပွားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီခွဲမှ စတင်ပြီး နှစ်ရက်ကြာ ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မျိုးစေ့အဆင့်မှ သီးနှံအဖြစ်စိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်ရောက်သည်အထိ လိုအပ်သောအသိပညာဗဟုသုတများရရှိစေရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ Australia Centre for International Agricultural Research(ACIAR) ပရောဂျက် ပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ဈေးကွက်ပညာရှင်များ ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အလုပ်ရုံဆွေးနွေးပွဲမှာ စိုက်ပျိုးရေးပညာရှင်တွေ၊ ဈေးကွက်ပညာရှင်တွေ၊ စိုက်ပျိုးထုတ်လုပ်ကြမယ့်တောင်သူတွေ၊ ဝယ်ယူကြမယ့် ပွဲရုံပိုင်ရှင်တွေပါမယ်။ အဓိကတောင်သူရဲ့သဘောက စိုက်ပျိုးချိန်ကျမှ မျိုးစေ့တွေကို ဝယ်ယူစိုက်ပျိုးကြသလို၊ စိုက်ပျိုးပြီးချိန်များတွင် တောင်သူများ လက်ထဲတွင် ကျန်ရှိသောမျိုးများကို နောင်နှစ်စိုက်ပျိုးရာသီတွင် ပြန်လည်စိုက်ပျိုးရန်နှင့် ထိန်းထားခြင်းမျိုးမရှိဘဲ ပွဲရုံများသို့ လက်ငင်းငွေရရှိရန် စားသုံးရန်အတွက် ရောင်းချကြမယ်။ အဲဒီအတွက် ကုန်သည်များလက်ထဲသို့ ရောက်ရှိမည့် မျိုးစေ့ကို ကုန်သည်များအနေဖြင့်ထိန်းထားပြီး စိုက်ပျိုးတဲ့ရာသီ ရောက်ရင် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ပြန်လည်ရောင်းချ နိုင်ဖို့ဆိုတဲ့ အသိပညာပေးချင်လို့ အခုလိုအလုပ်ရုံဆွေးနွေးပွဲကျင်းပတာပါ" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ကမ္ဘာတစ်ဝှမ်းတည်ဆောက်လျက်ရှိသည့် မျိုးသန့်မျိုးပွားရေးဆိုင်ရာ မျိုးစေ့ဘဏ်၏ အခြေခံသဘောတရားများ၊ မျိုးစေ့ဘဏ်မော်ဒယ်များအကြောင်းနှင့် တည်ထောင်ထားရှိသည့် ပဲမျိုးစုံဆိုင်ရာ မျိုးသန့်မျိုးစေ့ပွားများရန် လက်ရှိမျိုးစေ့ဘဏ်စနစ်၏ အခြေအနေနှင့်အခက်အခဲများအကြောင်းအား ACIAR ပရောဂျက်မှ တာဝန်ခံ ဒေါက်တာဒေါ်စန်းစန်းရီကလည်းကောင်း၊ ကုန်ကျစရိတ်နည်းစွာဖြင့် ပဲမျိုးစုံ အထွက်တိုးရေးဆောင်ရွက်ရန် နည်းလမ်းများအကြောင်းကို စိုက်ပျိုးရေးပညာရှင် ဒေါ်ချိုချိုခိုင်ကလည်းကောင်း၊ ပဲမျိုးစုံဆိုင်ရာ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုနှင့် ဈေးကွက်ချိတ်ဆက်မှု နည်းစနစ်များအကြောင်းကို စိုက်ပျိုးရေးပညာရှင်များဖြစ်သော ဒေါ်ခင်မာရီနှင့် ဒေါ်ဖြူလေးမြင့်တို့ကလည်းကောင်း၊ ပဲမျိုးစုံဆိုင်ရာ ရောဂါကာကွယ်နှိမ်နှင်းရေးအကြောင်းကို အထက်မြန်မာပြည် သီးနှံကာကွယ်ရေး တာဝန်ခံကလည်းကောင်း၊ ပဲမျိုးစုံမျိုးသန့်မျိုးပွားမှု၌ မျိုးစေ့အရည်အသွေးစစ်ဆေးခြင်းနှင့် ထောက်ခံချက်ပေးခြင်းများကို အထက်မြန်မာပြည် မျိုးစေ့တာဝန်ခံကလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော တောင်သူများနှင့် ပွဲရုံလုပ်ငန်းရှင်များ မုံရွာကုန်စည်ဒိုင်မှ တာဝန်ရှိသူများက သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ကဏ္ဍအလိုက်ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင်လည်း ပဲမျိုးစုံမျိုးသန့်ရရှိရေးအတွက် အရေးကြီးသီးနှံအလိုက် ပဲစင်းငုံ၊ ကုလားပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ မျိုးကွဲပယ်နည်းစနစ်များနှင့် ဗီဇမပျက်မျိုးထိန်းသိမ်းနည်းစနစ်များ၊ လက်တွေ့နယ်ပယ်၌ မျိုးကွဲပယ်မှုအခက်အခဲများ၊ လယ်ယာမှတ်တမ်းထားရှိခြင်းနည်းလမ်းများ၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၊ နိုင်ငံခြားတင်ပို့မှုနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ပညာရှင်များမှ ဆက်လက်ဆွေးနွေးသွားကြကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



## ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းနည်းနှင့် တောင်သူအကျိုးပြုကွင်းသရုပ်ပြပွဲကျင်းပ

**မြိတ် နိုဝင်ဘာ ၉**

ဆီအုန်းနှင့် ရော်ဘာသီးနှံများတွင် ကျရောက်ဖျက်ဆီးလျက်ရှိသော ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းနည်း ဆွေးနွေးပွဲနှင့် တောင်သူ အကျိုးပြု ပညာပေးသရုပ်ပြပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွှေဒူးကျေးရွာရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)နေပြည်တော်မှ ကြွက်ဂေဟ ဗေဒပညာရှင် ဒေါက်တာညိုမီထွေးနှင့် ဒေါ်ပြည့်ဖြိုးမော်၊ တိုင်းဒေသကြီးသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချယ်ရီ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးသူ၊ မြိတ်ခရိုင်နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာနမှ သုတေသနဌာနမှူး ဦးဇော်ဝမ်းနှင့် ဝန်ထမ်းများ၊ ဒေသခံရော်ဘာ၊ ဆီအုန်းခြံရှင် တောင်သူများ စုစုပေါင်းအင်အား ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ သုတေသနဌာနမှူး ဦးဇော်ဝမ်းက ဒေသခံတောင်သူများနှင့် ခြံရှင်များစိုက်ပျိုးထားသော သီးနှံများတွင် ပိုးမွှားရောဂါနှင့် သတ္တဝါဖျက်ဆီးမှုအန္တရာယ်များမှ ရှောင်လွှဲမရနိုင်ဘဲ ကြုံတွေ့နေရသောကြောင့် အဆိုပါဖျက်ဆီးမှုများမှ ကြွက်ဖျက်ဆီးမှုလည်း တစ်ခုအပါအဝင်ဖြစ်၍ ယခု ရှင်းလင်းဆွေးနွေးပွဲ၌ လယ်ယာသီးနှံများသာမက နှစ်ရှည်သီးနှံဖြစ်သော ရော်ဘာ၊ ဆီအုန်းသီးနှံများတွင် ကျရောက်ဖျက်ဆီးတတ်သော ကြွက်များ၏သဘာဝအမူအကျင့်နှင့် ခလေ့စရိုက်၊ ကိုက်ဖြတ်ဖျက်ဆီးမှုအခြေအနေများနှင့် ကာကွယ်နှိမ်နင်းနည်းများကို အကျယ်တဝင့် ပညာပေးရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)နေပြည်တော်မှ ကြွက်ဂေဟဗေဒပညာရှင် ဒေါက်တာညိုမီထွေးက သီးနှံများတွင် ဖျက်ဆီးတတ်သော ကြွက်ကာကွယ်နှိမ်နင်းနည်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဒေသခံခြံရှင်များက မိမိတို့ဒေသများတွင် ကြုံတွေ့နေရသော ကြွက်များ ဖျက်ဆီးမှု အခြေအနေများနှင့် အတွေ့အကြုံများကိုပြောကြား၍ မိမိတို့သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)နေပြည်တော်မှ ကြွက်ဂေဟဗေဒပညာရှင် ဒေါက်တာ ညိုမီထွေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ ကြွက်ကာကွယ်နှိမ်နင်းနည်း လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# ပုဂံ–ညောင်ဦးသွား ကတ္တရာလမ်းကို ၂၄ ပေအထိ တိုးချဲ့ဖောက်လုပ်မည်

**မန္တလေး နိုဝင်ဘာ ၉**

ပုဂံဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအနေဖြင့် ပုဂံ-ညောင်ဦး သွားကားလမ်းကို ပုဂံဘူတာ၊ ညောင်ဦးလေဆိပ်ဘက်မှလာသည့် နှစ်လမ်းသွားကတ္တရာလမ်း ခုနစ်မိုင်ကျော်အား လမ်းအကျယ် ၁၈ ပေရှိရာမှ ကားတစ်စီးနှင့်တစ်စီး ရှောင်တိမ်းသွားလာရန် အခက်အခဲများရှိသဖြင့် တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းချဲ့ထွင်နိုင်ရန်အတွက် လမ်းဘေးရှိ ပလက်ဖောင်းနှင့် မီးတိုင်များကို ရွှေ့ပြောင်းရမည်ဖြစ်ပြီး မီးတိုင်များကို လမ်းလယ်ကျွန်းသို့ပို့၍ ဘယ်ညာ မီးလုံးများတပ်ဆင်ခြင်းဖြင့် မီးတိုင်အကုန်အကျသက်သာသွားနိုင်ကြောင်း၊ လမ်းတိုးချဲ့ရေးလုပ်ငန်းများကို ယခုနှစ်မကုန်ခင် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ယခုလက်ရှိမှာ နှစ်လမ်းသွားကတ္တရာလမ်းတွင် တစ်ဖက်လျှင် ၁၈ ပေရှိရာမှ ၂၄ ပေထိချဲ့မည်ဖြစ်သည့်အတွက် တစ်ဖက်လျှင် ခြောက်ပေတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

"ညောင်ဦးလမ်းမှာက နိုင်ငံခြားသားတွေလာတဲ့ ကားကြီးတွေဆိုရင် ကားအကြီးကြီးတွေနဲ့ လမ်းနဲ့က ဘယ်လိုမှ အဆင်မပြေဘူး။ ဒါကြောင့်မို့လို့ ဒီလမ်းကိုမြတ်နိုးသူကုမ္ပဏီကနေပြီးတော့ လမ်းချဲ့ဖို့အတွက် ဆောင်ရွက်နေပါပြီ။ လမ်းမီးတိုင်တွေက ဝဲ/ယာဖြစ်နေတဲ့အတွက် ဒါတွေကို ရွှေ့ဖို့ဆိုရင် ပြန်သုံးလို့မရတော့တဲ့အတွက် တိုင်အသစ်တွေလိုတယ်။ အဲ့ဒါတွေအတွက်က သိန်းပေါင်း ၁၀၀၀ လောက်တော့ ကုန်ကျနိုင်တယ်" ဟု တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးဇာနည်အောင်က ပြောသည်။

ယင်းနှင့်ပတ်သက်၍ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ကလည်း ညောင်ဦးကမှ ပုဂံသို့လာရောက်သည့် လမ်းအရှည် ခုနစ်မိုင်အား တိုးချဲ့နိုင်ရေးအတွက် လုပ်ငန်းစဉ်အနေဖြင့် လမ်းနှင့်မလွတ်သည့် ဓာတ်တိုင်များ၊ လမ်းဘေးပလက်ဖောင်းများကို အရင်ရွှေ့ပြောင်းရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများကို ဆောက်လုပ်ရေးနှင့် လမ်းကို ဘီအိုတီစနစ်နှင့်ယူထားသည့် မြတ်နိုးသူကုမ္ပဏီက လမ်းချဲ့ထွင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောပြသည်။

"ပုဂံဒေသဟာ ရှေးဟောင်းယဉ်ကျေးမှုဇုန်ဖြစ်သလို Tourism လုပ်ငန်းအတွက်လည်း အရေးပါပါတယ်။ ဒါကြောင့်မို့လို့ ရှေးဟောင်းယဉ်ကျေးမှုဇုန်ထဲမှာရှိတာတဲ့။ ဒီကန့်သတ်ချက်တစ်ခုတည်းနဲ့ ဖုန်းလိုင်းတွေ မကောင်းဘူး။ အင်တာနက်သုံးလို့မကောင်းဘူးဆို Tourism လုပ်ငန်းအတွက်ထိခိုက်သလို ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးပါတယ်။ အဲဒီဒေသမှာ ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ ကောင်းဖို့အတွက် ဒုတိယသမ္မတဦးမြင့်ဆွေကလည်း ဒီကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့ ဆက်သွယ်ရေး၊ ရှေးဟောင်းယဉ်ကျေးမှုနဲ့ တိုင်းဒေသကြီးဆောက်လုပ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးတို့ ညှိနှိုင်းပါပြောတဲ့အတွက် အကောင်အထည်ဖော်နေပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးကပြောသည်။

ဖုန်းတာဝါတိုင်များသည် ပုံမှန်အားဖြင့် ပေ ၁၃၀ (၄၂ မီတာ)လောက်မြင့်သည့်အတွက် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း စိုက်ထူရန်မဖြစ်နိုင်သည့်အတွက် ထန်းပင်ပုံစံရှိသည့် တာဝါဖြစ်အောင်ဆောင်ရွက်မည်ဖြစ်ကာ ယင်းထန်းပင်ပုံစံတပ်ဆင်၍မရသော နေရာများတွင် မီးတိုင်ပုံစံပြုလုပ်သွားမည်ဟုဆိုသည်။ ဖုန်းလိုင်းများတွင် အော်ပရေတာသုံးခုစလုံး တပ်ဆင်နိုင်ရေးအတွက်လည်း ညှိနှိုင်းနေပြီး တစ်ချက်ခုတ်နှစ်ချက်ပြတ်အနေဖြင့် လမ်းမီးတိုင်တွေကိုလည်း နေရာအနှံ့တပ်ဆင်သွားမည်ဟုဆိုသည်။

အလားတူ မန္တလေးတွင်လည်း ယင်းကဲ့သို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်ကုမ္ပဏီများဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်ပေါင်းနှစ်သောင်းခန့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖိုင်ဘာကေဘယ်များ တပ်ဆင်သွားမည်ဟု သိရသည်။

ယင်းတိုင်များတွင် CCTV တွေတပ်ဆင်၍ ဒုစရိုက်လုပ်ငန်းများကိုလည်း စောင့်ကြည့်နိုင်မည်ဖြစ်ကာ ထိုသို့ဆောင်ရွက်ရန် အဲဒီကုမ္ပဏီများက Control Room တွင်မည်သို့ ဆောင်ရွက်မည်ဆိုသည့် နည်းလမ်းများပါ လာရောက်သင်ကြားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဆောက်လုပ်ရေးလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးဇာနည်အောင်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြင်းခြံခရိုင်ပြည်သူ့ဆေးရုံတွင် လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်း အခမဲ့ဆောင်ရွက်ပေးမည်

**မြင်းခြံ နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အိမ်ထောင်ရှင်အမျိုးသမီးများအား လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းထည့်ခြင်းသင်တန်းကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာကေသီဝင်းမောင်က လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်း၏ အကျိုးကျေးဇူးများ၊ ထည့်သွင်းသည့်အချိန်၊ ပြန်ထုတ်သင့်သည့်အချိန်၊ ပစ္စည်းသုံးရန်သင့်တော်သူများ၊ ထိုပစ္စည်းသည် အချိန်သုံးနှစ်နှင့် ငါးနှစ်အထိ တာရှည်ခံခြင်းစသည်များကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို PSI အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်တို့မှ ဆရာဝန်များ၊ သူနာပြုများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ဖြစ်ကြောင်း သိရသည်။

ထိုလက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းသင်တန်းပြီးဆုံးပါက ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင်ပါ လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းကို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြင်ပလူနာကုဌာနတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဦးဇော်မင်းနိုင်(မြင်းခြံ)**

# မအူပင်–ဖျာပုံ ကားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် မြို့တွင်းလမ်းများ စတင်ပြုပြင်ရန် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေး



**ဖျာပုံ၊ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံကားလမ်းမကြီးကို ADB ချေးငွေဖြင့် ယခုနှစ်အောက်တိုဘာလမှစတင်၍ အဆင့်မြှင့်ပြုပြင်လျက်ရှိရာတွင် ကျိုက်လတ်မြို့တွင်းလမ်းနှင့် ဖျာပုံမြို့တွင်းလမ်းများကို အကျယ် ၂၃ ပေရှိ ကွန်ကရစ်လမ်းအဖြစ် ပြုပြင်မည်ဖြစ်ရာ ဖျာပုံချောင်းတွင်းတံတားမှ ဖျာပုံတံတားကြီးအောက် ဖျာပုံ-ဘိုကလေးကားလမ်းမအထိ မြို့တွင်းလမ်းကို ကွန်ကရစ်လမ်းအဖြစ် စတင်ပြုပြင်နိုင်ရန်အတွက် ကျိုက်လတ်-ဖျာပုံကားလမ်းအား တာဝန်ယူဖောက်လုပ်မည့် ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူများက နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမ၌ ဖျာပုံမြို့နယ်ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ဖျာပုံမြို့တွင်းကားလမ်း 1.1 KM အား ကွန်ကရစ်လမ်းခင်းနိုင်ရန်အတွက် တွေ့ကြုံရင်ဆိုင်ရမည့်အခြေအနေများတွင် လမ်းဘေးဝဲ၊ ယာရှိ ဒေသခံပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ ဈေးဆိုင်များ ရွှေ့လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခြင်း၊ ဖြတ်လမ်းလမ်းသွယ်များရှိသောနေရာတွင် ရှောင်လမ်းများ သတ်မှတ်ထားရှိစေခြင်း၊ လမ်းတည်ဆောက်မည့်ပုံစံများကို ရွှေတောင်ကုမ္ပဏီမှ ဆောက်လုပ်ရေးမန်နေဂျာ ဦးတင်အေးနှင့် စီမံကိန်းမန်နေဂျာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့တက်ရောက်လာသော ဖျာပုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က လမ်းပြုပြင်ရာတွင် တစ်ခြမ်းစီပြုပြင်ရန်၊ သတ်မှတ်တန်ချိန် ခံနိုင်မည့်ဝန်၊ တူးဖော်ရာတွင်ပြန်လည်အသုံးပြုမည့်မြေအမျိုးအစား၊ လမ်းဖောက်လုပ်မည့်မြေနေရာများနှင့် ပတ်သက်ဆက်နွှယ်သည့် ပြည်သူများကို လျော်ကြေးပေးမည့်အခြေအနေများကို မေးမြန်းရာတွင် လမ်းစီမံကိန်းမန်နေဂျာက လမ်းကို တစ်ခြမ်းစီပြုပြင်မည်ဖြစ်ပြီး သတ်မှတ်ခံနိုင်ဝန် တန် ၆၀ သတ်မှတ်ထားကြောင်း၊ လမ်းမြေနှင့်ပတ်သက်သည့် ပြည်သူများကို သတ်မှတ်လျော်ကြေးပေးရန်အတွက် ထဲထဲဝင်ဝင်တွေ့ဆုံဆွေးနွေးပြီး လျော်ကြေးပေးရန်စီစဉ်ထားပြီးဖြစ်ကြောင်းတို့ကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့မိမြို့ဖများ၊ ပြည်သူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက လမ်းပြုပြင်ရာတွင် လမ်းဘေးရေနုတ်မြောင်းများနှင့် ဖောက်လုပ်ပြီးလမ်းနှင့် လမ်းသွယ်များဆက်သွယ်ရာတွင် အဆင်ပြေစွာဆောင်ရွက်ပေးရန်ရှိ-မရှိ ဆွေးနွေးမေးမြန်းပြီး ဖျာပုံမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က လမ်းတည်ဆောက်ရေးလုပ်ငန်းတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံရှင်းလင်းမှုအားနည်းခြင်း၊ လူမှုထိခိုက်မှုပြည်သူများကို လျော်ကြေးပေးရာတွင် ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိရေးတို့ကို ဆွေးနွေးရာ အင်္ဂလန်နိုင်ငံမှ Consultant Team Leader နှင့် ဆောက်လုပ်ရေးမန်နေဂျာ၊ တာဝန်ရှိသူတို့က အကျေအလည်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မအူပင်-ဖျာပုံကားလမ်းမကြီးအား ADB ချေးငွေဖြစ် အဆင့်မြှင့်တင်ပြုပြင်ရာတွင် အမေရိကန်ဒေါ်လာ ၈၀ ဒသမ သုညသန်းနှင့် နိုင်ငံတော်အစိုးရမှ ကျခံငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၈ သန်းဖြင့် အဆင့်မြှင့်တင်ပြုပြင်သွားမည်ဖြစ်ပြီး ၂၀၁၅ အောက်တိုဘာမှ ၂၀၁၈ အောက်တိုဘာလထိ ၃ နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသရေးဌာန ၁၀ ထပ်အဆောက်အအုံဆောက်လုပ်မည်

**မန္တလေး နိုဝင်ဘာ ၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသဌာနတွင် ၁၀ ထပ် အဆောက်အအုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အအုံအဖွဲ့(၆) က တည်ဆောက်သွားမည်ဖြစ်သည်။

အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် Press Pile လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် ရွေးချယ်ဝယ်ယူလိုပါသဖြင့် တင်ဒါများခေါ်ယူလျက်ရှိသည်။ နိုဝင်ဘာ ၈ ရက် မှစတင်၍ တင်ဒါပုံစံများရောင်းချလျက်ရှိပြီး နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထားတင်သွင်း ရန်ဖိတ်ခေါ်ထားပြီး နိုဝင်ဘာ ၁၈ ရက်တွင် တင်ဒါစိစစ်ဖွင့်မည်ဖြစ်ကြောင်း သိရသည်။ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် အများပြည်သူများလှူဒါန်းငွေဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံး ၉ ထပ်မန်းတောင်ရိပ် ဆေးကုသဆောင်သစ်ကြီးကို ၂၀၁၄ ခုနှစ်က ဆောက်လုပ်ဖွင့်လှစ်ခဲ့သည်။ ဒုတိယမြောက်အထပ်မြင့် ဆေးကုသရေးအဆောက်အအုံကြီးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# မုံရွာ–အရာတော်–ရွှေဘိုဖြတ်လမ်းပေါ်ရှိတံတားများတည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ဝက်လက် နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မုံရွာ-အရာတော်-ရွှေဘို ဖြတ်လမ်းပေါ်ရှိ ရွှေပန်းကုန်းတံတား (၁/၃၉) တည်ဆောက်နေမှုအား ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေပန်းကုန်းတံတား(၁/၃၉) မှာ ၄၂ ဒသမ ၀၅ မီတာ အရှည်ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး လမ်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၀၅ သန်းဖြင့် ရွှေတောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း လမ်းဦးစီးဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။

ဆက်လက်ပြီး ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ခွင့်ပြုငွေကျပ် ၁၆၂ သန်းဖြင့် တည်ဆောက်နေသော အဆိုပါလမ်းပေါ်ရှိ တံတားအမှတ် (၁/၄၃) တည်ဆောက်နေမှုကိုလည်း ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

## မိုးရွာသွန်းမှုရက်ရှည်သဖြင့် စိုက်ပျိုးသီးနှံများဆုံးရှုံးမှုများဖြစ်ပွား



**မြင်းမူ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ယခုနှစ်မိုးတွင်းကာလတွင် မိုးရွာသွန်းမှုများပြားခြင်း၊ မိုးနှောင်းကာလ ရက်ရှည်မိုးရွာသွန်းမှုတို့ကြောင့် တောင်သူများစိုက်ပျိုးထားသော ပဲတီစိမ်း၊ ကုလားပဲနှင့် ဆောင်းမြေပဲစိုက်ခင်းများ မိုးရေဝင်ရောက်နစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ပထမ ပဲတီစိမ်းစိုက်တာ မိုးများပြီး ပေါင်းပင်တွေ အလွန်များပြီး အပင်တွေသေကုန်တယ်။ နောက်တစ်ပြန် (ဒေသအခေါ် ဩဂုတ်ပဲ) ဆောင်းမြေပဲ အမီပြန်စိုက်သေးတယ်။ မိုးတွေရွာပြီး ရေနစ်ပျက်စီးပြန်တယ်။ ဆောင်းမြေပဲဆိုရင် ချေးငှားပေါင်နှံအရင်းထုတ်ရတာ၊ မြေပဲမျိုး၊ ထွန်ထယ်၊ လုပ်အားခ၊ အခြားပိုးသတ်ဆေး အားဆေး စုစုပေါင်းငွေ ၄၀၀၀၀၀ လောက်ရှုံးသွားတယ်ဗျ။ လေဖိအားနည်းရပ်ဝန်းတွေ ဆက်တိုက်ဖြစ်ပေါ်နေတာကို အမြဲနားစွင့်လုပ်ကိုင်နေရတယ်။ ဒီနှစ် တောင်သူတွေ တော်တော်များများရှုံးကြတယ်။ ပြီးတော့ သီးနှံဈေးကွက်က မငြိမ်ပြန်ဘူး။ သီးနှံတွေ လှိုင်လှိုင်ပေါ်ပြီဆိုရင် ပွဲရုံက ဈေးဖြုတ်ချပြန်ရော။ ရေရှည်တောင်သူလုပ်ငန်းတွေ ခက်များသွားမလားလို့ထင်ပါတယ်" ဟု မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက် တမက်ဆေးကုန်းကွင်းတွင် တောင်သူလုပ်ငန်းလုပ်ကိုင်နေသူ ဦးသဲမောင်က သူကြုံတွေ့နေရသည့်အခက်အခဲကို ပြောပြသည်။

ယခုအခါ တောင်သူစိုက်ပျိုးရာတွင် ရင်းနှီးစိုက်ထုတ်မှု များပြားခြင်း၊ ရာသီဥတုဖောက်ပြန်မှုများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းတို့ကြောင့် မိရိုးဖလာတောင်သူလုပ်ငန်းများမှ သရက်ခြံ၊ မာလကာခြံ၊ သနပ်ခါးခြံ စသဖြင့် ခြံစိုက်ပျိုးမှုများသို့ ပြောင်းလဲမှုများ အလွန်များပြားနေကြောင်းသိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

## တိုင်းဒေသကြီးဝန်ကြီးနှင့် ရေနံမြေအလုပ်သမားအဖွဲ့အစည်းများတွေ့ဆုံ

**ရေနံချောင်း နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးနှင့် တိုင်းဒေသကြီးအတွင်းရှိ ရေနံမြေအလုပ်သမားအဖွဲ့အစည်းများ မိတ်ဆက်တွေ့ဆုံပွဲကို နိုဝင်ဘာ ၅ ရက်က ရေနံချောင်းရေနံမြေရိပ်သာ ၁၇ ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး ဦးနေမျိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး ရေနံချောင်း ရေနံမြေ အထွေထွေမန်နေဂျာ ဦးမြင့်ကျော်က ရေနံမြေ ဖွဲ့စည်းလည်ပတ်ပုံများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တက်ရောက်လာကြသော ရေနံမြေအလုပ်သမားအဖွဲ့အစည်းများမှ ရေနံမြေတွင်လုပ်သက် ၁၅ နှစ်ကျော် နေ့စားဝန်ထမ်းများ တည်မြဲဝန်ထမ်းဖြစ်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဝန်ထမ်းအိမ်ရာများ ပြည့်စုံစွာဆောင်ရွက်ပေးရေး စသည့်အချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးနှင့်တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် ရေနံမြေအသုံးအဆောင်ပစ္စည်းများပြသထားမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်းနှင့် မိတ်ဆက်တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံမြေအလုပ်သမား အဖွဲ့အစည်း ခုနစ်ဖွဲ့မှ အလုပ်သမားခေါင်းဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးမွန်ကျော်**

## တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

**မအူပင် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းသည် လွှတ်တော်အတွေ့အကြုံနှင့် လူထုတွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက လယ်ယာမြေနှင့် အခြားမြေများ မတရားသိမ်းဆည်းခံရသော တောင်သူများ အနေဖြင့် လယ်ယာမြေနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ အမိန့်များအား အသေးစိတ်ရှင်းလင်းပြီး ၂၀၁၂ လယ်ယာမြေဥပဒေများ၊ လွှတ်တော်အတွေ့အကြုံများ၊ စိုက်ပျိုးစရိတ်ချေးငွေများ မှန်မှန်ကန်ကန်အသုံးချနိုင်ရန်နှင့် ၁၉၈၄ မြေသိမ်းယူခြင်းမှန်သမျှ မတရားမြေသိမ်းမှုဖြစ်ကြောင်းတို့အား ရှင်းလင်းပြောကြားရာ သိလိုသည်များကို တက်ရောက်လာသည့် တောင်သူများက မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

လူထုတွေ့ဆုံဆွေးနွေးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်မြင့်၊ ခရိုင်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်သမနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားအရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ မအူပင်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ရွှေပြည်သာမြို့နယ်တို့မှ လယ်ယာမြေနှင့် သိမ်းဆည်းခံရသည့် တောင်သူများ တက်ရောက်ကြသည်။

**(မအူပင်ခရိုင် ပြန်/ဆက်)**

## လယ်မြေများအား အခြားမြေအဖြစ် ပြောင်းလဲမှုများပြားလာသည်နှင့်အမျှ တောင်သူများ အခက်အခဲများကြုံတွေ့ရနိုင်

**ရေတာရှည် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံအတွင်း တိုးပွားလာနေသော လူဦးရေအချိုးအစားနှင့် နေထိုင်ရန်မြေနေရာ ရှားပါးမှုများကြုံတွေ့လျက်ရှိရာ လက်ရှိတွင် လယ်မြေများအား အခြားမြေအဖြစ်ပြောင်းလဲမှုများ ဒေသအနှံ့အပြား၌ရှိနေပြီး သက်ဆိုင်ရာဌာနများက ကွင်းဆင်းကာ စနစ်တကျစစ်ဆေးဆောင်ရွက်သင့်ကြောင်းပြောကြားမှုများရှိနေသည်။ အဓိကအားဖြင့် ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ဘေးဝဲ/ယာ မြေနေရာများအပြင် မြို့နယ်နိမိတ်နှင့် ကျေးလက်တောရွာများတွင်လည်း အလားတူ လူနေအိမ်များတိုးချဲ့တည်ဆောက်ခြင်း၊ စက်သုံးဆီဆိုင်များဖွင့်လှစ်ခြင်း၊ အခြားသောစီးပွားရေးလုပ်ငန်းများအတွက် အဆောက်အအုံများတည်ဆောက်လာကြသည်ကို မြင်တွေ့လာရသည်။

"တောင်သူတွေက မတန်တဆဈေးနဲ့ဝယ်တော့ ပြန်ရောင်းတယ်။ အဲဒီငွေက ဘယ်လောက်ရင်းနှီးစားနိုင်မလဲ ဒါစဉ်းစားရမဲ့အချက် ရေရှည်မှာ ငွေကြေးအရင်းအနှီးဆုံးရှုံးသွားရမဲ့အပြင် နေစရာတောင်မရှိအောင် ဖြစ်သွားနိုင်တယ်" ဟု ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။ မြေယာစီမံခန့်ခွဲမှုကော်မတီများကို တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးအဆင့်ထိ ဖွဲ့စည်းဆောင်ရွက်နေသော်လည်း များသောအားဖြင့် ရပ်ကျေးအဆင့် အုပ်ချုပ်ရေးမှူးများက လုပ်ငန်းနယ်ပယ်အလိုက် အမှန်တကယ်ဆောင်ရွက်ကြရန်လိုအပ်နေသေးကြောင်း ဝေဖန်မှုများလည်းရှိနေသည်။ငွေကြေးချမ်းသာသူများက ဝယ်ယူသည်ဟုဆိုရာတွင် အချို့မှာ လယ်ယာကဏ္ဍအတွက် ရင်းနှီးလုပ်ကိုင်ကြသော်လည်း များသောအားဖြင့် လယ်ယာကဏ္ဍနှင့်သက်ဆိုင်ခြင်းမရှိသည့် အခြားသောစီးပွားရေးလုပ်ငန်းများချဲ့ထွင်ဆောင်ရွက်မှုများသည် ရေရှည်အကျိုးကိုမျှော်ကြည့်လျှင် တောင်သူများ၊ လယ်သမားများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အခက်အခဲကြုံရဖွယ်ရှိနေသည်။

**၅၇၈**

# တရားမဝင် တိရစ္ဆာန်သယ်ယူရောင်းဝယ်ခြင်းကို ထိရောက်စွာ အရေးယူရန် အမှန်တကယ်ဆောင်ရွက်နိုင်မှု အားနည်းနေ

**ရေတာရှည် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်လိုက် တရားမဝင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် ကော်မတီများဖွဲ့စည်းတာဝန်များပေးအပ်ထားသော်လည်း အမှန်တကယ် အရေးယူဆောင်ရွက်မှု မရှိသလောက်နည်းပါးလျက်နေကြောင်း သုံးသပ်ပြောကြားမှုများရှိနေသည်။ များသောအားဖြင့် ကျွဲ၊ နွားများအား နွားပွဲဈေးများမှတစ်ဆင့်ဝယ်ယူ၍ တစ်ဖက်နိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ရောင်းဝင်မှုများပိုမိုများပြားလျက်ရှိရာ အမှန်တကယ်လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုရန်ဝယ်ယူလိုသည့်တောင်သူများအနေဖြင့် ငွေကြေးလက်လှမ်းမမီနိုင်တော့ကြောင်း တောင်သူများကပြောကြားသည်။

"ကျွန်တော်တို့တောင်သူတွေအနေနဲ့ စက်ကိရိယာတွေကို အရင်ကထက်ပိုသုံးစွဲလာကြတာမှန်တယ်။ ဒါပေမယ့် ဒီလိုဈေးနှုန်းကြီးမြင့်တဲ့ စက်ကိရိယာတွေကို တောင်သူတိုင်းမသုံးစွဲနိုင်ကြသေးဘူး ကျွဲ၊ နွားတွေကို လက်လွှတ်လို့မရသေးဘူး။ အခုကျွဲ၊ နွားဈေးတွေက အတော့်ကိုဈေးမြင့်တယ်။ ဘာကြောင့်လဲဆိုတော့ အမဲလိုင်စင်ယူထားတဲ့သူတွေ၊ နောက်တစ်ဖက်နိုင်ငံကို တောလမ်းကနေ တရားမဝင်တင်ပို့တဲ့သူတွေက ဈေးအမြင့်တွေနဲ့ဝယ်တော့ တောင်သူတွေအနားတောင်မကပ်နိုင်အောင်ဖြစ်နေတာ အမှန်တကယ်အရေးယူဆောင်ရွက်ဖို့လိုပါတယ်" ဟု တောင်သူတစ်ဦးကပြောကြားသည်။

**ကိုလွင်(ဆွာ)**





မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး အဝိုင်းကြီးမှ ရန်ကုန်ဘက်သို့အသွား ကျောက်ရေတွင်းဘတ်စ်ကားမှတ်တိုင်အနီးတွင် လမ်းအရှည်ပေ ၁၅၀ ခန့်သည် ပျက်စီးယိုယွင်းလျက်ရှိကာ လမ်းသွားလမ်းလာနှင့်မော်တော်ယာဉ်များ လမ်းအန္တရာယ်ကြုံတွေ့နိုင်သဖြင့် အမြန်ပြုပြင်ပေးစေလိုကြောင်း ခရီးသွားများက ပြောဆိုနေကြောင်း သိရသည်။

**၅၉၇**

## တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း ဆွေးနွေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာအက်ဒ်မာတာက နှုတ်ဆက်အမှာစကားပြောကြားကာ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်သိန်းထွန်းက အားပေးစကားပြန်လည် ပြောကြားခဲ့သည်။ အခမ်းအနားတွင် အခြေခံကျန်းမာရေးလုပ်သား ၆၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်္ဂလိပ်မှမြန်မာသို့ ဘယ်လိုဘာသာပြန်ဆိုကြမလဲ

## မောင်သောင်းဝင်း(တမန်ဟောင်း)

စာအုပ်စာပေသည်လူ့ဘဝတိုးတက်ရေးအတွက်ထောက်တိုင်များဖြစ်ကြသည်။ လူတစ်ဦးသည် ပုံမှန်အတန်းပညာဘွဲ့တစ်ခုခုကိုရရှိထားသည့်တိုင်အောင် စဉ်ဆက်မပြတ်ဆက်လက်လေ့လာသင်ယူဆည်းပူး နေခြင်းမရှိလျှင် ထိုသူသည် ဘွဲ့ရပညာမဲ့သာဖြစ်နေမည်။ ပုံမှန်အတန်းပညာသင်ကြားခွင့်မရရှိခဲ့သည့်တိုင်အောင် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသူများသည် အချို့သော ဘွဲ့လွန်ပညာရရှိထားသူများထက်ပင် ဗဟုသုတကြွယ်ဝပြီး တွေးခေါ်မြော်မြင်ဆုံးဖြတ်နိုင်စွမ်းမြင့်မားလျက်ရှိကြသည်။ ထိုသို့နှိုင်းယှဉ်ရေးသားခြင်းသည် ခေတ်ပညာဘွဲ့ရရှိထားသူများကို နှိမ်ချလိုသောစိတ် အလျဉ်းမရှိပါ။ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင်ကြုံတွေ့ရမှုများကိုအရှိအတိုင်းသာ တင်ပြရခြင်းဖြစ်သည်

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များသည် အချိန်နှင့်တစ်ပြေးညီ လွှမ်းခြုံဆက်စပ်ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ဆက်စပ်ဖြစ်ပေါ်နေမှုသဘောတရားကြောင့် ကမ္ဘာ့အဖြစ်အပျက် အားလုံးသည် လူသားတိုင်းနှင့်သက်ဆိုင်လျက်ရှိသည်။ ထိုဖြစ်စဉ်ဖြစ်ရပ်များကိုအချိန်မီသိရှိနားလည် သဘောပေါက်နိုင်ရန်အတွက် ကမ္ဘာသုံးအင်္ဂလိပ်စာကိုအခြေခံလောက်တော့ ပြောဆို၊ ရေးသားနိုင်အောင် လေ့လာသင်ယူထားသင့်ပေသည်။ တတ်နိုင်မည်ဆိုလျှင် အင်္ဂလိပ်မှမြန်မာ၊ မြန်မာမှအင်္ဂလိပ်သို့ ပြန်ဆိုနိုင်ရန် အတွက်လေ့ကျင့်ထားသင့်သည်။

အထူးသဖြင့် မြန်မာတစ်ဦးသည်အင်္ဂလိပ်မှမြန်မာဘာသာသို့ ပြန်ဆိုနိုင်ရန်အတွက် လေ့လာထားရန်လိုအပ်ပါသည်။ သို့မှသာလျှင် လုပ်ငန်းခွင်၌ဆက်စပ်ကြုံတွေ့ရနိုင်သော အင်္ဂလိပ်စာကို မြန်မာဘာသာသို့ပြန်ဆိုတင်ပြနိုင်မည်ဖြစ်သည်။ မိမိကိုယ်တိုင်သဘောပေါက်ထားမှသာလျှင် အထက်အကြီးအကဲများထံ တင်ပြရှင်းလင်းနိုင်မည်ဖြစ်သလို လက်အောက်ဝန်ထမ်းများကိုလည်း ရှင်းလင်းတိကျသော လမ်းညွှန်ချက်များချပြပေးနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်အတွင်း အင်္ဂလိပ်စာကို ထမင်းစား၊ရေသောက်လောက်မျှပင် ပြောဆို၊ရေးသားနိုင်စွမ်းမရှိလျှင် တိုးတက်အောင်မြင်သင့်သလောက်မအောင်မြင်ဘဲ နောက်ကျ ကျန်နေမည်ဖြစ်သည်။

သာဓကအနေဖြင့် စာရေးသူ ဘန်ကောက်တွင် တာဝန်ထမ်းဆောင်စဉ်က မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံသို့ လုပ်ငန်းတာဝန်ဖြင့် လာရောက်ကြသည့် အချို့သော ကိုယ်စားလှယ်များသည် လေယာဉ်ပေါ်၌ Arrival Form မဖြည့်တတ်သဖြင့် အခက်ကြုံတွေ့ရသည့် ဖြစ်စဉ်များကို ကြုံတွေ့ဖူးပါသည်။ ထိုပုံစံကိုဖြည့်ရန်သည် မခက်ခဲသော်လည်း အတွေ့အကြုံနှင့်အင်္ဂလိပ်စာအခြေခံရှိမထားလျှင် ချွေးပျံမှာသေချာပါသည်။ ရိုးသားစွာဝန်ခံရလျှင် စာရေးသူသည် အင်္ဂလိပ်စာအထူးပြုဖြင့် ဘွဲ့ရရှိခဲ့သူမဟုတ်ပါ။ သို့သော် အင်္ဂလိပ်စာသည် ကမ္ဘာသုံးဘာသာစကားဖြစ်နေသဖြင့် ငယ်စဉ်ကတည်းကတတ်နိုင်သမျှလေ့လာခဲ့ရပါသည်။

ဝန်ထမ်းဘဝတွင်လည်း စဉ်ဆက်မပြတ်လေ့လာသင်ယူခဲ့ ပြီး အင်္ဂလိပ်စာအချိန်ပိုင်းသင်တန်းကို သုံးနှစ်နီးပါးခန့် လစာမဲ့တက်ရောက်ခွင့်ရရှိခဲ့သဖြင့် ဆယ်စုနှစ်တစ်ခုခန့်ကြာသည့်အခါ အတိုင်းအတာ တစ်ခုအထိနားလည်သဘောပေါက်လာခဲ့ပါသည်။ ထိုသို့သင်ယူခဲ့သည့်အပြင် စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးနေခြင်းတို့ကြောင့် လုပ်ငန်းခွင်တွင်များစွာအထောက်ကူပြုအကျိုးဖြစ်ထွန်းစေပါသည်။ ထို့ ကြောင့် မျိုးဆက်သစ်များအနေဖြင့်လည်း အင်္ဂလိပ်စာကိုတတ်နိုင်သမျှ နေ့စဉ်လေ့လာဖတ်မှတ်ဆည်းပူးသွားသင့်ပါသည်။

အင်္ဂလိပ်မှ မြန်မာသို့ဘာသာပြန်ဆိုခြင်းသည် မူရင်းစာရေးဆရာ၏ရေးသားဖော်ပြချက်ကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းဖြစ်သည်ဆိုသောအချက်ကို လူတိုင်းသိထားကြသည်။ သို့ရာတွင်ထိုသို့ပြန်ဆို ရာ၌ မူရင်းစာရေးဆရာ၏ အာဘော်အတိုင်းရရှိရန်ဆိုသည့် အဓိကရည်ရွယ်ချက်ကို သွေဖည်သွားခြင်းမျိုး မရှိသင့်ပေ။ ထိုအာဘော်ကိုရရှိရန်အတွက် ဘာသာစကားနှစ်ခုစလုံးကို ကျွမ်းကျင်မှုရှိနေရန်လိုအပ်သည်။ မြန်မာစာ၊မြန်မာစကားကိုပင်ထဲထဲဝင်ဝင်လေ့လာမထားလျှင် မူရင်းစာရေးဆရာ၏ အာဘော်ကို ဖမ်းမိရန် ခက်ခဲနေမည်ဖြစ်သည်။

ဘာသာပြန်ဆိုရာ၌ အဘိဓာန်စာအုပ်ကောင်းများရှိနေရုံမျှဖြင့်မလုံလောက်ပေ။ မူရင်းစာရေး ဆရာ၏ အတွေးအခေါ်အယူအဆနှင့်စေတနာတို့ကိုထိမိအောင် ပြန်ဆိုနိုင်ရန်အတွက် အဘိဓာန်စာအုပ် တွင်ဖော်ပြထားခြင်းမရှိပေ။ ဆိုခဲ့ပါအတွေးအခေါ်နှင့် စေတနာတို့ကိုဖော်ထုတ်နိုင်ရန်သည် ဘာသာပြန်သူ ၏တာဝန်ပင်ဖြစ်သည်။ ဘာသာပြန်သူသည် စကားလုံးများ၏အနက်အဓိပ္ပာယ်ကို အဘိဓာန်မှရှာဖွေပြီး နောက် ဆိုလိုသည့်အတိမ်အနက်ကို ကိုယ်ပိုင်တွေးခေါ်မြော်မြင်မှုဖြင့် ပြန်ဆိုနိုင်ရန်လိုအပ်ပေသည်။

ထို့အပြင်အင်္ဂလိပ်စာလေ့လာနေသူတစ်ဦးသည် အင်္ဂလိပ်မှမြန်မာဘာသာသို့ ပြန်ဆိုနိုင်ရေးအတွက် အင်္ဂလိပ် စာအခြေခံသဒ္ဒါကိုတတ်မြောက်ထားရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အင်္ဂလိပ်စာ ဝါကျတည်ဆောက်မှုကိုထဲထဲဝင်ဝင်နားလည်ပြီး မြန်မာဘာသာသို့ ချောမောပြေပြစ်စွာ ပြန်ဆိုနိုင်မည် ဖြစ်သည်။ ထိုသို့ ပြန်ဆိုနိုင်ရန်အတွက်အင်္ဂလိပ်သဒ္ဒါအပြင် မြန်မာသဒ္ဒါကိုလည်း နားလည်ထားရန် လိုအပ်မည်ဖြစ်သည်။ အင်္ဂလိပ်မှမြန်မာသို့ပြန်ဆိုရာတွင် မြန်မာဝေါဟာရ ကြွယ်ဝနေရန်သည် အခရာပင်ဖြစ်သည်။

**အင်္ဂလိပ်မှမြန်မာဘာသာသို့ ပြန်ဆိုရာတွင်လေ့လာ ရန်အတွက် အထောက်အကူပြုစာအုပ် မြောက်မြားစွာရှိသည်။ လေ့လာကိုးကားရန် စာအုပ်များမည်မျှပင် များပြားနေစေကာမူ ကိုယ်တိုင်ဝီရိယ စိုက်ထုတ် လေ့လာထားမှသာလျှင် ဘာသာပြန်စွမ်းရည်တိုးတက်နိုင်မည်. . .**

မြန်မာသဒ္ဒါအခြေခံဖြစ်သောကတ္တားနောက်ဆက်ကိုပင် ကွဲပြားစွာမသိလျှင် ဆက်လက်ပြန်ဆိုရန်အတွက်များစွာ အခက်တွေ့စေမည်ဖြစ်သည်။ မြန်မာကျောင်းသားအများစုသည် မြန်မာသဒ္ဒါကို နားလည်အောင်အခြေခံကျကျသင်ယူထားခြင်းမရှိသဖြင့် ဘာသာပြန်ဆိုရာတွင် အခက်တွေ့လေ့ရှိကြသည်။ ထို့ကြောင့် မြန်မာ၊အင်္ဂလိပ်သဒ္ဒါနှစ်မျိုးစလုံးကိုအခြေခံလောက်သင်ယူထားသင့်ပေသည်။ သို့မှသာလျှင် ဘာသာပြန်ဆိုရာတွင် အဆင်ပြေချောမွေ့နေမည်ဖြစ်သည်။

အင်္ဂလိပ်မှမြန်မာဘာသာသို့ ပြန်ဆိုရာတွင်လေ့လာရန်အတွက် အထောက်အကူပြုစာအုပ် မြောက်မြားစွာရှိသည်။ လေ့လာကိုးကားရန်စာအုပ်များ မည်မျှပင်များပြားနေစေကာမူ ကိုယ်တိုင်ဝီရိယ စိုက်ထုတ်လေ့လာထားမှသာလျှင် ဘာသာပြန်စွမ်းရည်တိုးတက်နိုင်မည်ဖြစ်သည်။ ဘာသာပြန်စွမ်းရည် တိုးတက်ရေးအတွက် အခြေခံအကျဆုံးသောနည်းလမ်းသည် စာများများဖတ်ခြင်းပင်ဖြစ်သည်။

အထူးသဖြင့် ဝါရင့်ဆရာကြီးများ ရေးသားထားသည့် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေသောစာအုပ်များကို နှံ့စပ်စွာဖတ်မှတ်လေ့လာပြီး အတုယူပြန်ဆိုရေးသားသင့်သည်။ အင်္ဂလိပ်စာ သတင်းတစ်ပုဒ်နှင့်ဆောင်းပါးတစ်စောင်ကို ဘာသာပြန်ဆိုမည်ဆိုလျှင် ရှေးဦးစွာနောက်ခံအကြောင်းအရာကိုနားလည်အောင် ဖတ်သင့်ပေသည်။ ထို့နောက်ဝေါဟာရနှင့်ရေးထုံးဖွဲ့စည်းမှုတို့ကို အသေးစိတ်နားလည်အောင် ဖတ်မှတ်ပြီးမှသာ မြန်မာဘာသာသို့ပြန်ဆိုသင့်ပါသည်။ မိမိပြန်ဆိုထားသောလက်ရာကို မိမိကိုယ်တိုင်သဘောမကျလျှင် အခြားစာဖတ်သူများလုံးဝနားလည်မည်မဟုတ်ချေ။ ထို့ကြောင့် ဝါကျပြေပြစ်ချောမွေ့နေအောင် ကြိုးစားအားထုတ်ပြန်ဆိုသင့်ပေသည်။

အင်္ဂလိပ်စာ စာဖတ်တန်းများတက်ထားမည်ဆိုလျှင် ဘာသာပြန်ဆိုရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အင်္ဂလိပ်စာအုပ်ကောင်း တစ်အုပ်လောက်ကို ကျေညက်စွာဖတ်ထားနိုင်ပြီဆိုလျှင် ဘာသာပြန်ဖို့ရန်လွယ်ကူသွားပြီဖြစ်သည်။ ထိုသို့ဘာသာပြန်ဆိုနိုင်ရန်အတွက် အရေးကြီးဆုံးအချက်သည် ဝါကျရှိအဓိကကြိယာ(Main Verb)ကိုရှာနိုင်ရန်ဖြစ်သည်။ ဝါကျမည်မျှပင်ရှည်လျားနေစေကာမူ အဓိကကျသည့် ကြိယာကိုတွေ့လျှင် ဘာသာပြန်ဆိုနိုင်ပြီဖြစ်သည်။ ဝါကျတစ်ကြောင်းတွင် ကြိယာကိုတွေ့ရှိလျှင် ကတ္တား (Subject)၊ကံပုဒ်(Object)၊ အဖြည့်ပုဒ်(Complement)၊ စကားစု(Phrase) နှင့် ဝါကျပျက်(Clause)တို့ကို လွယ်ကူစွာ ရှာဖွေနိုင်ပြီဖြစ်သည်။ ထို့နောက်အချိန်ပြပုဒ်(Time)၊ နေရာပြပုဒ်(Place)၊ ရည်ရွယ်ချက်(Purpose)၊ အကြောင်းပြချက်(Reason) နှင့်(Manner) အပြုအမူတို့ကိုလည်းခွဲခြားဖော်ထုတ်နိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဝေါဟာရကြွယ်ဝနေခြင်းသည်လည်း ဘာသာပြန်ဆိုရန်အတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။ မြန်မာအများစုသည် ဝီရိယစိုက်ထုတ်မှုအားနည်းသောကြောင့် ဝေါဟာရခေါင်းပါးကြသည်။ အင်္ဂလိပ်စကားလုံးတိုင်းကို အဘိဓာန်စာအုပ်လှန်ပြီး ရှာဖွေနေရမည်ဆိုလျှင် ခရီးပေါက်မည်မဟုတ်ချေ။ အတွေးအခေါ်လည်းကွန့်မြူးနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ဝေါဟာရကြွယ်ဝနေအောင် စာများများဖတ်ထားရန်လိုအပ်သည်။

ဘာသာပြန်ဆိုရာတွင်အဓိကအားဖြင့် နည်းသုံးနည်းရှိ ကြောင်း ပညာရှင်များကဖွင့်ဆိုထားကြသည်။ ၎င်းတို့မှာ တိတိကျကျပြန်ဆိုခြင်း၊ သို့မဟုတ် လုံးစေ့ပတ်စေ့ပြန်ဆိုခြင်း၊ သို့မဟုတ် လုံးကောက်ပြန်ဆိုခြင်း (Metaphrasing)၊ သင့်တင့်လျောက်ပတ်အောင်ပြန်ဆိုခြင်း၊ သို့မဟုတ် မြန်မာဆန်အောင် ပြန်ဆိုခြင်း(Translating) နှင့်မွမ်းမံဖွဲ့နွဲ့ပြန်ဆိုခြင်း၊ဆီလျော်အောင်ပြန်ဆိုခြင်း၊မှီငြမ်းပြုခြင်း(Moderating, Adapting)တို့ ဖြစ်ကြသည်။

တိတိကျကျပြန်ဆိုခြင်းသည် မူလဆိုလိုရင်းအဓိပ္ပာယ်၊ စကားလုံးအသုံးအနှုန်း၊ မူလဆိုလိုချက် အကြောင်းအရာများအတိုင်း အပို၊အလိုမရှိအောင်ပြန်ဆိုခြင်းဖြစ်သည်။ တိကျမှုရှိသော်လည်း တစ်ခါတစ်ရံတွင် စာဖတ်သူပရိသတ်အတွက် ဖတ်ချင်စဖွယ်ချောမောပြေပြစ်မှုမရှိချေ။ ဥပဒေများ၊ စာချုပ်စာတမ်းများကို ပြန်ဆိုရာတွင် ထိုနည်းအတိုင်း ပြန်ဆိုကြပါသည်။

သင့်တင့်လျောက်ပတ်အောင်ပြန်ဆိုရာတွင် ဘာသာပြန်သူသည် မူရင်းအာဘော်ကို စောင့်ထိန်းရန် တာဝန်ရှိသည်။ ထို့အပြင် မြန်မာစာဖတ်ပရိသတ်နားလည်သဘောပေါက်စေရန်အတွက် ပြေပြစ်စွာ ရေးသားပြန်ဆိုပေးခြင်းလည်းဖြစ်သည်။ စာဖတ်သူလွယ်ကူစွာနားလည် သဘောပေါက်စေရန်အတွက် စာအထားအသိုနှင့် အစီအစဉ်များကို ပြုပြင်နိုင်သည်။ သို့ရာတွင် မူရင်းစာရေးဆရာ၏အာဘော်၏ မထိခိုက်အောင် ထိန်းသိမ်းရန်တာဝန်ရှိပါသည်။

မွမ်းမံဖွဲ့နွဲ့ခြင်းနှင့်ဆီလျော်အောင်ပြန်ဆိုခြင်းတို့သည် ဘာသာပြန်ကျွမ်းကျင်မှုအဆင့်သို့ရောက်ရှိနေပြီဖြစ်သည်။ မူရင်းစာကိုယ်ကို မှီငြမ်းပြု၍ပြောင်းလဲပြင်ဆင်ရေးဖွဲ့ခြင်း၊အတုခိုးခြင်း၊ မြန်မာစာဖတ် ပရိသတ်နားလည်စေရန်အတွက် ဖြည့်စွက်ခြင်းနှင့် ထုတ်နုတ်ခြင်းတို့ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ခြုံ၍တင်ပြရလျှင် ဘာသာပြန်ကောင်းတစ်ဦးဖြစ်လိုသူသည် စွယ်စုံကျွမ်းကျင်သူ (Versatile) ဖြစ်နေရန်လိုအပ်ပေသည်။ နယ်ပယ်အလိုက်နှံ့စပ်အောင်လေ့လာထားရန် လည်းလိုအပ်သည်။ စကားပြေ၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ သတင်း၊ သုတ၊ နည်းပညာ၊ ဥပဒေ၊ စာချုပ်စာတမ်း၊ ဆေးဘက်ပညာစသည်ဖြင့် နယ်ပယ်ပေါင်းစုံရှိဝေါဟာရနှင့်အသုံးအနှုန်းများကိုလေ့လာထားရန်လိုအပ်ပေသည်။ နယ်ပယ်ပေါင်းစုံကို လွှမ်းခြုံလေ့လာနိုင်စွမ်းမရှိခဲ့သည့်တိုင်အောင် နေ့စဉ်ဖြစ်ပေါ်နေသော သတင်းအချက်အလက်များကိုမူ ကျွမ်းကျင်ပိုင်နိုင်စွာပြန်ဆိုရေးသားနိုင်ရေးအတွက်စဉ်ဆက်မပြတ်လေ့လာထားရန်လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် အင်္ဂလိပ်နှင့် မြန်မာနှစ်ဘာသာစလုံးကို စဉ်ဆက်မပြတ်လေ့လာ သင်ယူသွားမည်ဆိုလျှင် ဘာသာပြန်စွမ်းရည်များ တဖြည်းဖြည်းတိုးတက်လာပြီး မူရင်းစာရေးဆရာ၏ အတွေးအခေါ် အယူအဆနှင့်စေတနာတို့ကို ထင်ဟပ်ပေါ်လွင်အောင် ပြန်ဆိုနိုင်ကြသူများဖြစ်လာမည်မှာ ဧကန်မုချပင်ဖြစ်ပေသည်။

## ဖားကန့်မြို့နယ်၌ သီရိရတနာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ဖားကန့် နိုဝင်ဘာ ၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မဇွပ်ယန်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ သီရိရတနာကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ဖွင့်ပွဲကို နယ်မြေခံ စစ်ဆင်ရေးကွပ်ကဲရေးမှူး တပ်မမှူးဗိုလ်မှူးချုပ် သန်းဦး၊ ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ လုံးခင်းကျောက်စိမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်စန်းအောင်၊ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် ရတနာဆင်သုံးကောင်နှင့် ကောင်းစွမ်းထက်ကျောက်မျက်ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ရတနာဆင်သုံးကောင်ကုမ္ပဏီမှ ဦးအောင်ကျော်မြင့်က အဆိုပါ ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် အချက်အလက်များနှင့် သင်ထောက်ကူပစ္စည်းများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုဆောက်လုပ်လှူဒါန်းသည့် သီရိရတနာကျောင်းဆောင်သစ်သည် ပညာရေးဌာန၏ သတ်မှတ်စံချိန်စံညွှန်း (၂-၁) နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၈၅၀ အကုန်ကျခံကာ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဝေးလံခေါင်သီတဲ့ ဒီဖားကန့်ဒေသမှာ ကျွန်တော်တို့ အခုလိုလှူဒါန်းခွင့်ရတာ အများကြီးဝမ်းသာပီတိဖြစ်ရတယ်။ ပညာရေးကဏ္ဍတွေကို တစ်ဖက်တစ်လမ်းကနေ တစ်တပ်တစ်အား ပါဝင်ဖြည့်ဆည်းကူညီပေးခြင်းဖြင့် ဒေသခံပြည်သူလူတွေ ပညာရေးအသိဉာဏ်ဖွံ့ဖြိုးတိုးတက်ပြီး ဗဟုသုတတွေကြွယ်ဝလာစေဖို့၊ နောက်ပြီး ပညာရေးကို အခြေခံပြီးတော့ သူတို့ရဲ့ လူနေမှုဘဝတွေလည်း ပိုမိုတိုးတက်မြင့်မားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အခုလိုဆောက်လုပ်လှူဒါန်းခဲ့တာ ဖြစ်ပါတယ်။ ဒီကျောင်းဆောင်သစ်မှာ ကျောင်းသားကျောင်းသူဦးရေ ၄၀၀ ခန့်ကိုလည်း လုံလုံလောက်လောက်နဲ့ အဆင်ပြေစွာစာသင်ကြားနိုင်မှာဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့ ဒီဒေသရဲ့လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍလိုအပ်ချက်တွေမှာ ကျွန်တော်တို့ တတ်စွမ်းသမျှ ပါဝင်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပါဟု ရတနာဆင်သုံးကောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးအောင်ကျော်မြင့်က ပြောသည်။

**မောင်မွေး**

## ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်

သုညတမွေဆရာတော် အရှင်စန္ဒသေန (သုညတမွေမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း၊သာကေတ) ဦးဆောင်ဖူးမြော်မည့် (၀၇.၁၂.၂၀၁၆)နေ့မှ (၂၃.၁၂.၂၀၁၆) နေ့ထိခရီးစဉ်ကို ဓမ္မမိတ်ဆွေများလိုက်ပါနိုင်ရန် အမြန်ဆုံး စာရင်းပေးသွင်း နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် ၀၉.၇၈၅၁၁၂၄၇၀/၀၉.၅၁၁၂၄၄၇၀/၀၉.၇၃၂၄၁၆၈၇/၀၁.၂၃၀၅၉၂၈/၀၂.၇၆၀၂၄/၀၉.၄၄၄၀၃၀၂၇၀



## JetCoJet Travel and Tour

Travel and Tour

| | |
|---|---|
| မန္တလေး – ပြင်ဦးလွင် – ဝက်ကိုင်း – မုံရွာ (အဓိကလားရောက်ကာသသ) | 190000 ကျပ် (၄ည/၅ရက်) |
| တောင်ကြီး – အင်းလေး – ပင်းတယ – ကလော (မီးပုံးပျံ) | 180000 ကျပ် (၄ည/၅ရက်) |
| ပုဂံ (ရွှယ်တော်လေးရေ) – ပုပ္ပါး – ပခုက္ကူ | 140000 ကျပ် (၄ည/၅ရက်) |
| မြဝတီ – မဲဆောက် – ဘားအံ | 120000 ကျပ် (၄ည/၅ရက်) |

Ph :09 773222093, 09 773222094, 09 773222095, 09 773222096



# GUSTO COLLEGE

*In a partnership with*

UNIVERSITY OF GLOUCESTERSHIRE




## "Official MOA Signing Ceremony between GUSTO College (Yangon) and University of Gloucestershire (UK)"

ရန်ကုန်မြို့ရှိ ပုဂ္ဂလိက College တစ်ခုဖြစ်သော GUSTO သည် UK's High Ranking တက္ကသိုလ်တစ်ခုဖြစ်သော University of Gloucestershire (UoG) နှင့် ပူးပေါင်း၍ ဘွဲ့ဒီဂရီသင်တန်းများ မြန်မာနိုင်ငံတွင် သင်ကြားပို့ချနိုင်ရန် သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

မကြာမီအချိန်ကာလအတွင်း မြန်မာကျောင်းသူကျောင်းသားများအတွက် ရွေးချယ်စရာတစ်ခုအဖြစ် GUSTO College ၌ University of Gloucestershire (UoG) ၏ Computing နှင့် Business Management ဘာသာရပ်များကို Degree level အထိ သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

www.facebook.com\GUSTOInternationalCollege

No. 289 (A), Pyay Road, Sanchaung Tsp., Yangon.

**Call Now - (09) 86 28806, (09) 789 888 222**



# BUILD MYANMAR 2016

**10 – 12 NOVEMBER**

၁၀ - ၁၂ နိုဝင်ဘာ

# DON'T MISS BUILD MYANMAR 2016!

## လက်မလွတ်စတမ်းလေ့လာရမည့် BUILD MYANMAR 2016

**The international event for building construction & infrastructure development in Myanmar**

မြန်မာ့ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတကာကုန်စည်ပြပွဲ

**Venue:**
Inn Gyin Ballroom, Rose Garden Hotel
Yangon Myanmar

**Opening Hours:**
10 - 11 November 2016 10.00am to 6.00pm
12 November 2016 10.00am to 4.30pm

**နေရာ**
အင်ကြင်း ခန်းမ၊ Rose Garden ဟိုတယ်၊
ရန်ကုန်။

**ပြပွဲ အချိန်**
၁၀ - ၁၁ နိုဝင်ဘာ ၂၀၁၆ နံနက် ၁၀နာရီ မှ ညနေ ၆နာရီ
၁၂ နိုဝင်ဘာ ၂၀၁၆ - နံနက် ၁၀နာရီ မှ ညနေ ၄း၃၀နာရီ

**Features:**
√ Source for products & solutions
√ Meet international exhibitors from China, India, Japan, Korea, Malaysia, Myanmar, Singapore, Thailand and more!

**ပြပွဲ အင်္ဂါရပ်များ**
√ ထုတ်ကုန်များ နှင့်ဖြေရှင်းချက်ရင်းမြစ်များရရှိခြင်း
√ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ မြန်မာ အစရှိသည့်အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းရောင်းချသူများနှင့်တွေ့ဆုံနိုင်ခြင်း

**Attend seminars - FREE:**
Session 1: Myanmar Construction Outlook & Technology Seminar
Session 2: Exhibitor Workshops - Responsible Pest Management & Electricity Safety Consideration
Session 3: Tunnelling & Underground Construction Seminar
Session 4: Myanmar Real Estate Seminar

**အခမဲ့ နည်းပညာ ဆွေးနွေး ဟောပြောပွဲ ကိုတက်ရောက်နိုင်ခြင်း**
ဆွေးနွေး ဟောပြော ပွဲ (၁)။ မြန်မာ့ဆောက်လုပ်ရေး အလားအလာ နှင့် နည်းပညာဖလှယ်ပွဲ

ဆွေးနွေး ဟောပြော ပွဲ (၂)။ တာဝန်သိသီးနှံဖျက်ပိုးစီမံခန့်ခွဲမှု နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအလုပ်ရုံဆွေးနွေးပွဲ

ဆွေးနွေး ဟောပြော ပွဲ (၃)။ ဥမင်လိုဏ်ခေါင်း နှင့် မြေအောက်တွင်းဆောက်လုပ်ရေးဆိုင်ရာ နည်းပညာဖလှယ်ပွဲ

ဆွေးနွေး ဟောပြော ပွဲ (၄) ။ မြန်မာအိမ်ခြံမြေ ဆိုင်ရာ နှီးနှောဖလှယ်ပွဲ

Check out more details on our show website:
www.build-myanmar.com

**PRE-REGISTER ONLINE!**
Or register at the event with your business card
အွန်လိုင်းဖြင့် ဖြစ်စေ၊ ပြပွဲတွင်၌ ဗီဇိတ်ကတ်ဖြင့်ဖြစ်စေ မှတ်ပုံတင်နိုင်ပါသည်။
www.build-myanmar.com/visitor-pre-registration/

Organized By: GLOBE INTERNATIONAL EVENTS CONSULTANCY

Associate Partner

Supported By: MYANTRADE Dept. of Trade & Promotion Ministry of Commerce, ACCI, Csda, IFMA, MCEA

Media Parter: ASIA Outlook, BCI ASIA, BUILDING, buildviet, CONSTRUCTION SHOWS, DC&B, FRONTIER, Ib, Building

**သီတာဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ နိုဝင်ဘာလ ၂၆၊ ၂၇ (၇၀)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

နိုဝင်ဘာလ ၁၂ ရက်တွင် စတင်လက်ခံ၍ နိုဝင်ဘာလ ၂၆၊ ၂၇ ရက်များတွင် ၇၀-ကြိမ်မြောက် ဦးရေ (၈၈၇၀) ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတာဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စနေမာသိရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ကျေးဇူးတင်လွှာ

ပညာအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အောင်မြေပညာသင်ကျောင်းမှ ကျောင်းသား/သူများ၏ လေ့လာရေးခရီးစဉ် (၄-၁၁-၂၀၁၆)ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော -


- ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးလေ့လာရေးအတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ
- အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးလေ့လာရေးတွင် အစစအရာရာ ကူညီပေးပါသော ဆရာမန်းအောင်ကိုမင်း (တိုင်း-၁ လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကွမ်းခြံကုန်းမြို့နယ်) အားလည်းကောင်း
- ရွှေတိဂုံစေတီတော်လေ့လာရေးခရီးစဉ်အတွက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များအားလည်းကောင်း
- အာဇာနည်ဗိမာန်လေ့လာရေးအတွက် အာဇာနည်ဗိမာန်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် တာဝန်ကျရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း
- နက္ခတ်တာရာပြခန်းမှ တာဝန်ရှိပုဂ္ဂိုလ်နှင့် ဝန်ထမ်းများအားလည်းကောင်း
- မြန်မာ့ပထမဦးဆုံးလေယာဉ်လေ့လာရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ကျဝန်ထမ်းများအားလည်းကောင်း
- ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားပြတိုက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဝန်ထမ်းများအားလည်းကောင်း
- အထူးသဖြင့် အမျိုးသားပြတိုက်လေ့လာရေးအတွက် မြန်မာ့သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှုများအကြောင်း ရှင်းလင်းပြောကြားပေးပါသော ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာဦးမင်းသစ်ထွန်း (ပညာအောင်မြေအထက်တန်းကျောင်း ဂီတနည်းပြဆရာ) အားလည်းကောင်း
- လေ့လာရေးကားများအတွက် Ever Clean Travel & Tour Company နှင့်
- ဆရာ/ဆရာမများ၊ လိုက်ပါကူညီဆောင်ရွက်ပေးကြသူများအားလုံးတို့ကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

Panna Aung Myay
AM EC
PRIVATE HIGH SCHOOL
**ပညာအောင်မြေ**
ကိုယ်ပိုင်အထက်တန်းကျောင်း

အုပ်ချုပ်ရေးအဖွဲ့
ပညာအောင်မြေကိုယ်ပိုင်အထက်တန်းကျောင်းနှင့်
အောင်မြေပညာသင်ကျောင်း

အမှတ်(၄၇၆-A) မြလေးရုံလမ်းနှင့် ဒဂုံလွင်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09-25 222 9991, 09-25 222 9992, 09-25 222 9993, 09 730 33212**


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
**MECHANICAL CAR PARKING**










TPW
(BRNo.200904356H)
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

**ငှားရန်ရှိသည်**
လုပ်ငန်းလုပ်ရန်နေရာကောင်းရှာနေသူများအတွက် အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်တွင် လုံးချင်းအိမ် ငှားရန်ရှိသည်။
Ph:09 264807699

**ဖခင်အမည်မှန်**
မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ မြောက်ချောကုန်းအထက(ခွဲ)၊ ပဉ္စမတန်း(A)တွင် မောင်သူရထွန်း၏ ဖခင်အမည်မှန်မှာ ဦးမာဒင် [၈/မမန(နိုင်)၀၇၁၅၀၅] ဖြစ်ပါသည်။

" ရာထူးဝင်ခွင့်
လုပ်ငန်းဝင်ခွင့်
တက္ကသိုလ်ဝင်ခွင့်
ဝင်ခွင့်အားလုံး
အတွက်... "

**ESSAYS ON IMAGE OF MYANMAR & OTHERS**
မြန်မာ့ပုံရိပ် နှင့် အခြား အက်ဆေးများ
**UTA**
(ရန်ကုန်တက္ကသိုလ်)
ထွက်ပြီ

စာအုပ်တိုက်
၀၉၅၀၇၃၆၀၅၊ ၀၉၄၂၅၃၂၃၄၆၃၊ ၀၉၉၆၅၀၇၃၆၀၅
City Mart ဆိုင်များနှင့် အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါပြီ

**Taxi ပိုင်ရှင်များအတွက်အပိုဝင်ငွေ**
ကြော်ငြာ Sticker မှန်ကန်စွာကပ်ခြင်းဖြင့်
အပိုဝင်ငွေ ၂သိန်း ၅သောင်း အား
တစ်နှစ်အတွင်း အရစ်ကျရယူပါ။
(ကြော်ငြာအတွက်သင့်တော်သော
မည်သည့် Taxi မဆို)
Ph:09-420050111, 09-420050222

**ဒေါ်ခင်သန်း(AD-၀၂၃၉၀၇)[ယခင်လိပ်စာ အမှတ် က/၃၊ ကျောင်းလမ်း၊ လျှပ်စစ်ရိပ်သာ၊ စော/တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့] ယခုနေရပ်လိပ်စာမသိ သိရှိရန်**

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အမာရီနှင့် ၁၀-၈-၁၉၈၉ရက်တွင် ချုပ်ဆိုခဲ့သော မြေနှင့်အိမ်အရောင်းအဝယ်ကတိစာချုပ်၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြေအရောင်းအဝယ်စာချုပ်ကို လိုက်လံလက်မှတ်ရေးထိုးချုပ်ဆိုပေးရန်ဖြစ်သော်လည်း ယခုအချိန်ထိ ချုပ်ဆိုနိုင်ခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဆက်သွယ်၍ စာချုပ်ချုပ်ဆိုပေးရန် သိစေအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိစေအပ်ပါသည်။

**ဦးလှဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၈)**
**အမှတ် ၂၂၊ ၆-လွှာ၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်။**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့
"မုံရွာဆရာမိုး" အမှတ်တံဆိပ်
**ကျောက်တစ်လုံးဝမ်းမှန်ဆေး**




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR004687(0415)

ပင်ရင်း-ရ-၃၅၆၊ မေခါ်ဦးလမ်းမကြီး။ ရ/ချုပ်ကွက်၊ ရတနာသီရိဈေးအနီး။ မ/ဥက္ကလာပ၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၉-၅၄၁၆၄၇၆


IKBZ Insurance
“ယုံကြည်အားထား IKBZ အာမခံစွမ်းအား”
IKBZ Insurance You Can Rely On
မြန်မာနိုင်ငံတွင် ပထမဦးဆုံး " အွန်လိုင်း အာမခံစနစ် " အား
IKBZ မှစတင်လိုက်ပါသည်။
www.i-kbz.com သို့ဝင်ရောက်၍
မီးနှင့်သဘာဝဘေးအန္တရာယ်အာမခံနှင့် အလုံးစုံမော်တော်ယာဉ်အာမခံတို့အား
အွန်လိုင်းအာမခံစနစ်ဖြင့် (၁၁.၁၁.၂၀၁၆) မှစတင်၍
ဝယ်ယူအာမခံထားရှိနိုင်ပြီဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
အခြားအာမခံဝန်ဆောင်မှုများကိုလည်း
မကြာမီ အချိန်တွင်
အွန်လိုင်း စနစ်ဖြင့်ဝယ်ယူ
အာမခံထားရှိနိုင်တော့မည်ဖြစ်ပါသည်။
အမှတ်(၅၃) Strand Square၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။
Phone : 01-2307000, 378842, Fax : 01-2307126, www.facebook.com/ikbzinc , www.i-kbz.com

# ကြော်ငြာ


**GOLDEN STAR Travels & Tours**
◆ပုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး–ပခုက္ကူ Nov-11, 23
◆မန္တလေး–ပြင်ဦးလွင်(မီးပုံးပျံပွဲ)–စစ်ကိုင်း Nov-11, 23
◆တောင်ကြီး(မီးပုံးပျံပွဲ)–အင်းလေး–ဝင်းတော Nov-11, 23
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)
09-2028080, 09-5081580, 09-5036640, 09-5080860

Since 1985
**ငွေတာနာရှင်**
ကျိုက်ထီးရိုး ◆ မြဝတီ
ချောင်းသာ ◆ ငပလီ
01-392704, 09 73017110
09795066657,09785066657

**ရွှေပင့်ကူ**
တောင်ကြီးမီးပုံးပျံပွဲတော်
Nov-11 ထွက်မည်
53000/-

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
01-503815 ,09-333 777 82,09-42 101 3085

**ရွှေလမ်းခရီး...** 095124678,09401589907
◆တောင်ကြီးမီးပုံးပျံပွဲတော်၊(ဗွေတော်ကတ္တူ)၊ပင်းတယ၊အင်းလေး၊ရွှေအင်းတိန်
◆ပြင်ဦးလွင်မီးပုံးပျံပွဲတော်၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်းဝေတီ
◆ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ–သီဟိုဠ်ရှင်၊ ရွှေတန့်တစ် အပါ
◆ထားဝယ်(ရှင်ကိုရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ
◆မော်လမြိုင်ဘုရားစုံနှင့် ဖွားစေတီတော်၊ ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ
◆ကရင်ပြည်နယ်ဘားအံဘုရားစုံနှင့် မြဝတီ၊ မဲဆောက် ဆရီးစဉ် (သောကြာနေ့တိုင်း)
(ထမင်းဘျာ၊ ကား၊ တစ်ဆင့်သွားကား/ စက်လှေ၊ တည်းခိုခန်း ရရှိနိုင်သည်)
ကျိုက်ထီးရိုး(နေ့စဉ်) ◆လွှန် ◆ ပြည်၊ အကောက်တောင် ◆ ချောင်းသာ/ငွေဆောင်

**သန်းငွေနှင့်ရောင်းရင်းများမှ တန်ဆောင်တိုင်ဘုရားစုံရှူး**
◆ တန်ဆောင်တိုင်မီးပုံးပျံပွဲ၊ တောင်ကြီး၊ ပင်းတယ၊ ကုံလုံ၊ ထမ်စမ်းလိုဏ်ဂူ၊ မွှေတော်ကတ္တူ(၄)ရက် ◆ လွိုင်ကော် ပါ(၆)ရက်။ Nov 4,11,18,25 ထွက်မည်
◆ ပုဂံ၊ ပုပ္ပါး၊(စွယ်တော်လေးဆူ)၊ ပြည့်ငါးပြည့်(၄)ရက်။ ◆ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်။ အားလုံးပါ(၇/၁၀)ရက်။ ◆ ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်ကမ်းခြေ(၆)ရက်။
◆ မန္တလေး၊ ပြင်ဦးလွင်၊ ဒီဒုတ်ရေပြာအိုင်၊ ကျောက်စိစ်(၄)ရက်။ ကျိုက်ထီးရိုး ချောင်းသာ } နေ့စဉ်
◆ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး)(၂/၃)ရက်။
◆ လွှန်၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်...(နေ့ချင်းပြန်)...(စနေ/တနင်္ဂနွေ)
ထားဝယ် မြိတ် ကော့သောင်း (ရနောင်း) (၈)ရက် အထူးခရီးစဉ်
အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422


**ပျောက်ဆုံးကြောင်း**

အမှတ်(၈)၊ မင်းလမ်း၊ ရပ်ကွက်(၂)၊ ခိုလမ်မြို့၊ Solo သောက်ရေသန့် လုပ်ငန်းမှ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက် လက်မှတ် စ၁/ ၁၂၅၅၅/ ထလမှာ ပျောက်ဆုံးသွားကြောင်း အသိပေးကြေညာအပ်ပါသည်။

Soloသောက်ရေသန့်လုပ်ငန်း


**ဓါတ်သုခအခြင်း**(စာရင်းကိုင်သင်တန်း) LCCI Approved Centre
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)
**LCCI 1, 2, 3**
**AutoCount & MYOB**
April/ 2017 series တန်းခွဲသစ်များကျောင်းအပ်လက်ခံပြီ
သီးသန့်တစ်ဦးချင်း(သို့)အုပ်စုဖွဲ့ဝိုင်းများစီစဉ်ပေးသည်။
Ph:09-5029621,09-250371045,09-5402724

အညီအညွတ်နှင့် တန်ကိုးညီမျှစေမည့်...
**Anakku** Baby Products
Fashion Selected Items
30% To 50% OFF
✔ Junction Square (ရန်ကုန်)
သားသားမီးမီးတို့အတွက် တန်ဆောင်တိုင် အထူးဈေးရောင်းပွဲ





● Junction Square Showroom (ရန်ကုန်)
● Sein Gay Har (ပါရမီ) Showroom (ရန်ကုန်)
● Diamond Plaza Showroom (မန္တလေး)
● GMP (ကမ္ဘာအေး) Showroom (ရန်ကုန်)
● City Mart Supermarket (ဆိုင်များ)
● Ocean Supercenter (ဆိုင်များ)
● Capital Hypermart (ဆိုင်များ)
● Super One (ဆိုင်များ)
● Orange Supercenter (မန္တလေး)
● Fuji (မန္တလေး)
● Fashion Minimart (တောင်ကြီး)

*ISO 9001: 2008* **လက်မှတ်ရရှိထားသော**
**သုခစစ်** ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းအတွေ့အကြုံရှိ ကျွမ်းကျင်သော
**I. (a) Admin (b) Computer (c) Accountance**
(d) Marketing ဝန်ထမ်းများ (ကျား/မ) အလိုရှိသည်
**II. (a) Electrical (b) Mechanical (c) Welder**
(d) Pipe Fitting (e) Steel Fitting – လုပ်ငန်းများအား
(စာတွေ့(သို့) လက်တွေ့ကျွမ်းကျင်သော လုပ်ငန်းအတွေ့အကြုံရှင် သင်တန်းဆရာများ) နှင့်
(f) စက်မှုလက်မှုသင်တန်းကျောင်းတွင် အုပ်ချုပ်စီမံနိုင်သူများ အလိုရှိသည်။
ကျောင်း > ကျန်းမာရေးလမ်း၊ (၆) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
လျှောက်လွှာများ ⇨ သုခစစ်ကုမ္ပဏီ – ပန်းဆိုးတန်းမှတ်တိုင်ကုန်သည်လမ်းမကြီး (39–လမ်းထောင့်)တိုက်အမှတ်(506)၊ အခန်းအမှတ်(A-2)သို့ပေးပို့ပါရန်။





Since 1996
Home think of house, think of Home
ပါကေး အစားထိုး ကြမ်းခင်း
100,000 ကျပ် ဝန်းကျင် မှစတင်၍
Floor ၆ ကျင်း ဝယ်လျှင် → နံရံကပ် ကြွေပြား (ဗွေညီ-သီးသန့်) ၁ ကျင်း လက်ဆောင်
* Terms & Condition Applied
အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သာကေတ၊ ရန်ကုန်မြို့။ ☎ 09-79 700 70 73, 09-79 700 70 83

CaféPOS® စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်
Dine In · Reservation · Bill · Tax · Discount · Table · Ordering · Print · Reports · Fast Food
Galaxy Software www.galaxy.com.mm Website
▲ (6)months Free Service
▲ Over (100) Employees
▲ (4) Branch Offices
Services
Galaxy Software Co., Ltd.
Yangon • 09-252424002 09-254151516 • 09-43029798, 09-43064181
Mandalay • 09-440067577, 09-978030881
Naypyitaw • 09-974432762, 09-974432763
Pathein • 09-455042499, 09-455042500

**အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်**
**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**





**W.S.D Pile**
Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။





Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com
Add: အမှတ်(ဘီ-၁၀)၊ (၃၃)လမ်း၊ (၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507



Ocean
SUPERCENTER
SUPER SAVER
တန်မှတန်
11th Nov ~ 1st Dec
BEST VALUE PRODUCTS
AND MORE...
YOYAR
Instant Noodle Curry
-Chicken 59g
-Pork Bamboo 58g
WOW!
Buy Same 5
1,000
Ks. 1,250
GOODY
Vegetable Oil 2 Ltr
WOW!
2,950
Ks. 3,450
4 SEASONS
Facial Tissue Box 2 Ply 100's x 4
WOW!
1,900
Ks. 2,350
NAOMI
Microtex Bed Sheet
5's 6x6.5ft (King)
WOW!
20,700
Ks. 25,900
DANISH
Traditional Butter
Cookies 454g
3,300
Ks.3,750
HAIHACO
Gallent Butter Biscuits
235g
1,450
Ks.1,600
MISTER POTATO
Crisps (Hot & Spicy/
Barbecue 160g)
1,400
Ks.1,600
BKY
Pumpkin Seed
160g
1,850
Ks.2,050
CALSOME
Instant Cereal
30's 750g
Buy 1
Get
Cup
free
DUTCH MILL
Pasteurized Milk (Plain)
1.8 Ltr
2,700
Ks.2,900
NESTLE
Milo UHT Drink
4's x 180ml
1,400
Ks.1,700
100 PLUS
Original 1.5 Ltr
Buy Same 2
2,160
Ks.2,400
HI-Q
Mackerel in Tomato
Sauce 185g
700
Ks.780
AYEYAR
Shwe Bo Paw San Hmwe
2kg
2,750
Ks.3,050
Men T-Shirt Q/S
Size-S/M
4,100
Ks.4,900
Men shorts
8,500
Ks.9,800
Men Slip On
5,900
Ks.6,800
JASMINE
Indonesia Batik (2 Y)
8,800
Ks.9,500
KODOMO
Baby ttttGift Set ( S/ L)
Buy (L) size 1pc,
Buy (S) size 2pcs
Get 1
Shokubutsu 250ml
free
PANTENE
Shampoo
340ml
3,350
Ks.3,700
POND'S
Facial Foam
100g
2,450
Ks.2,750
REVLON
New Complexion
Milk Bath 700ml
6,200
Ks.6,900
GP
Deodorant with Net
-Jasmine/ Lemon/ Rose
4's
1,450
Ks.1,600
SOFY
Maxi Wings
Extra Night 8's
2,050
Ks.2,300
MP
Plain Gold Line
Cup & Saucer
3,900
Ks.4,200
BREEZE LIVING
Stainless Steel
(Kitchen Lutensils)
3,650
Ks.4,050
PREMIUM
Catering Film Plastic
Wrap 300mmx300m
8,700
Ks.9,700
ELEPHANT
Storage Box with Lock
64x46x41cm
9,300
Ks.9,700
SAHACHAI
Dish Drainer with Cover
41.5x48x27cm
17,400
Ks.18,300
PHILIPS
Dry Iron
GC-160/02
21,300
Ks.22,900
ACLASS
BBQ ND Hot Pot
SK3003
33,300
Ks.35,000
MIDEA
Rice Cooker (1.8 Ltr)
MRCM-18SD
20,000
Ks.22,100
MIDEA
Induction Cooker
RT-2120
24,300
Ks.27,000
MD
Table Fan (16in)
FT40-8J
19,900
Ks.22,100
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...


ချစ်ခင်ရသူတွေနဲ့ အတူရှိနေခြင်းဟာ
သီတင်းကျွတ်အတွက် အကောင်းဆုံးလက်ဆောင်ပါ...
Complete and balanced nutrition
Ensure
Life
Ensure
nutrition shake
vanilla flavour
ENL290816M
Ensure Life နှင့် ခွန်အားပြည့်ဝစွာနေထိုင်ပါ
PAHTAMA GROUP
Abbott Nutrition
Careline
01-8551428
09 260 35 62 62
abbottnutrition@pahtama.com
Abbott

# ကြော်ငြာ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတွတ် (တပ်မတော်-ငြိမ်း) (၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပျဉ်ပုံကျေးရွာနေ (ဦးဘညွန့်-ဒေါ်အေးကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမှတ် (၄၂/ခ)၊ ဘုရင့်နောင်လမ်းနေ (ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ ကိုတင်ဝင်း-မစန္ဒာ၊ ကိုရဲထွန်း-မသီဂီ (Newyork City, USA)၊ ကိုကျော်ထွန်း-မနီလာ၊ ကိုကျော်အောင် (Tokyo Japan)၊ ကိုစိုင်းဝင်းထွန်း-မခင်စန္ဒာကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၆ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင် (၈၄)နှစ်
**B.A,B.C.S (Senior Branch, 1957 Batch)**
**မိုးညှင်း(မြစ်ကြီးနားအသင်း)**
**အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်း**
**ဌာနခွဲမှူး၊ စီမံ(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်**

မိုးညှင်းမြို့၊ နန်းခါရပ်နေ ဦးထွေး-ဒေါ်စောမေတို့၏သား၊ ဒေါ်တင်မြင့်၏ အစ်ကို၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၂) လမ်း၊ အမှတ် (၁၃၇)နေ (ဒေါ်ခင်သိန်းညွန့်)၏ ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်ခင်ခင်ဦး (လ/ထညွှန်မှူး၊ မွန်ပြည်နယ် ပြန်/ဆက်)၊ ဦးဉာဏ်ထွန်း (R.O)-ဒေါ်မိုးမိုးသန်း (ဦးစီးအရာရှိ၊ မန်းစည်ပင်)၊ ဦးကျော်ငြိမ်း (2nd Officer MT HAISOON-12)ဒေါ်မာလာညွှန့် (လ/ထညွှန်မှူး၊ အကောက်ခွန်)၊ ဦးသန်းအေး-ဒေါ်ယဉ်ယဉ်မေ (ဦးစီးအရာရှိ၊ အကောက်ခွန်)၊ ဦးတင်ထွန်း၊ ဒေါ်ခင်ခင်ထွေး၊ ဒေါက်တာဥမ္မာခင် (ကထိက၊ သွားဆေးတက္ကသိုလ်)တို့၏ဖခင်၊ မဖူးမျက်ချယ်၊ မင်းကောင်းရဲရင့်ယံ၊ မြသန္တာ၊ ကျော့ကျော့ကေခိုင်ထွန်း၊ မင်းသတိုးညီ၊ မြမှူးခင်တို့၏ဘိုးဘိုးကြီးသည် ၈-၁၁-၂၀၁၆ရက် နံနက် ၂နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ အာရုံခံတိုက်၊ တံတား ဒါယကာကြီး
## ဦးခင်မောင်စိန် (B.A; B.L)
**တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ်**
**အသက်(၉၁)နှစ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်၏ ဖခင်ဖြစ်သူ ဦးခင်မောင်စိန် အသက် (၉၁)နှစ်သည် ၈-၁၁-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တွေ (၉၉)နှစ်
**(မိုးကုတ်ယောဂီ၊ မိုးကုတ်ရိပ်သာကြီး)**

ဦးသိန်းအောင်(ငြိမ်း) (ဒုညွှန်ချုပ်၊ ငြိမ်း၊ အား/ကာ) (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်)-ဒေါ်ရီလေး(မေဇကရီစတိုး)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်သည် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျင်ဦး(နာယက)**
**မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်**
**Popular Plastic Group**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ အာရုံခံတိုက်၊ တံတားဒါယကာကြီး
## ဦးခင်မောင်စိန် (B.A; B.L)
**တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ်**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကျောက်ကုန်းရွှေယင်းမာလမ်း၊ ခြံအမှတ်(၃၆/ခ)၊ စိန်စီရိပ်မွန်နေ ဒေါ်ခင်စီ၏ ခင်ပွန်းသည် ၈-၁၁-၂၀၁၆ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်ပို၊ တာဝန်ခံကျောင်းအုပ်ကြီး**
**ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေဘိုမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ အာရုံခံတိုက်၊ တံတား ဒါယကာကြီး
## ဦးခင်မောင်စိန် (B.A; B.L)
**တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ်**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကျောက်ကုန်း ရွှေယင်းမာလမ်း၊ ခြံအမှတ် (၃၆/ခ)၊ စိန်စီရိပ်မွန်နေ ဒေါ်ခင်စီ၏ခင်ပွန်းသည် ၈-၁၁-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးငွေအောင်-ဥက္ကဋ္ဌ၊ အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ မန္တလေးမြို့**
**စိုင်းသာအောင်-အယ်ဒီတာချုပ်၊ MANDALAY TODAY မဂ္ဂဇင်း၊ မန္တလေးမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ဝင်း (မော်လမြိုင်မြို့) (၄၈)နှစ်
**B.Econ (Eco)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (D-11/B)၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာနေ ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၈၆-၉၃) ကျောင်းသူ ဒေါ်တင်တင်ဝင်း [B.Econ(Eco)] (သိင်္ဂီရွှေဇင်ရတနာဆိုင်) (၄၈)နှစ်သည် ၈-၁၁-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း . . .။

**စီးပွားရေးတက္ကသိုလ်**
**၁၉၉၃ ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ**
**ပရဟိတဖောင်ဒေးရှင်း**

# အနိဋ္ဌ

## ဒေါ်အွှင်ရှုခင်(ခ)ဒေါ်ခင်လှ
**အသက်(၉၅)နှစ်**
**(မြိတ်)**

ရန်ကုန်မြို့၊ အမှတ်(၇၁)၊ ပထပ်(ဝဲဘက်)၊ (၇) လမ်း၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နေ (ဦးလံဘား)၏ ဇနီး၊ ဒေါက်တာစိုးတင့်-ဒေါ်သိန်းအေး၊ ဦးကာရီ-ဒေါ်ချိုချို၊ ဦးစိန်မောင်-ဒေါ်ဘိလေး၊ ဦးကံမင်း-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ဝေ-ဒေါ်ဘီးဘီး၊ ဦးကံထိန်-ဒေါ်ရီရီမြင့်၊ ဦးတင်စန်း-ဒေါ်ထွေးထွေးမြတ်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၈ ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားသည် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ငွေး(ခ) ဦးမောင်မောင်သိန်း (၇၅)နှစ်
**လက်ထောက်စက်ရုံမှူး၊ဘဏ္ဍာရေး-ငြိမ်း၊ အထည်အလိပ်၊ စက်မှု(၁)ဌာန**

ရန်ကုန်မြို့နေ (ဦးကျော်မြင့်-ဒေါ်ခင်ခင်လေး)တို့၏သား၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၈၇)နေ (ဦးဘချွန်)-ဒေါ်ဝိုင်းတို့၏သားသမက်၊ (ဒေါ်ရီရီနွယ်)၏ခင်ပွန်း၊ ကိုသူရငွေးနွယ်၊ မဆုဝင်းဖေတို့၏ဖခင်၊ မဆိုဖိယာဆုနွယ်၏ အဘိုး၊ ဒေါ်ကြည်ကြည်မြင့်-(ဦးအောင်မြင့်)၊ ဒေါ်ရီရီမြင့်-ဦးကျော်သောင်း၊ ဦးကျော်စိန်ဝင်း၊ (ဒေါ်ရင်မြ)၊ ဦးမောင်မောင်လေး-ဒေါ်ခင်စန်းဝေ၊ ဒေါ်လှလှမြင့်-ဦးခင်မောင်ဝင်း၊ ဒေါ်သန်းသန်းမြင့်-ဦးအောင်မြင့်ဝင်းတို့၏အစ်ကိုကြီး၊ ဦးမောင်မောင်ငွေး(ခ) ဦးမောင်မောင်သိန်းသည် ၉-၁၁-၂၀၁၆ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းတင့်(ခ) ဒေါ်အရှည်ကြီး
**အသက် (၅၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် (၄၃)၊ ခြောက်လွှာ(ခြေရင်းခန်း)နေ (ဦးလှအောင်)-ဒေါ်အုန်းမြင့်တို့၏သမီး၊ (ဦးဝင်းရွှေ)၏ဇနီး၊ ရဲအုပ်ဦးစန်းလွင်(ငြိမ်း)-ဒုရဲမှူးကြီး ဒေါ်စန်းစန်းရီတို့၏ညီမ၊ ဦးနိုင်ဝင်းအောင်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးသိန်းလွင်-ဒေါ်စန္ဒာဝင်းတို့၏ အစ်မ၊ ဆရာအောင်သူဟိန်း (CHAW SCHOOL)၊ မောင်ကျော်သူဟိန်း (မူလတန်းပြ၊ အမက-၆၊ ခနောင်တို)၊ မောင်ပြည့်ဟိန်းကျော်(ခ)ပြည့်စုံတို့၏ မွေးသမိခင်၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မလင်းဝသန်ခိုင်(ခ)ဂျူးဒီ၏ တီတီဘွားဘွားသည် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ည ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(အနောက်ပိုင်း)၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးနန်းဦး (၅၄)နှစ်
**(Roman ကြွေပြား)**

မော်လမြိုင်မြို့၊ ပဲခူးချောင်ရပ်၊ ဝတ်ကြီးလမ်း၊ အမှတ် (၁၅၀)နေ ဦးစိန်မောင် - ဒေါ်တင်သိန်းတို့၏ သားကြီး၊ ရန်ကုန်မြို့၊ (၈)ရပ်ကွက်၊ မဲဇလီကုန်းလမ်း၊ အမှတ် (၃၂)နေ မချိုဝါ၊ မခိုင်ခိုင်၊ ကိုဇော်ဝင်းထွန်း(ခ) ကိုဖိုးဇော် (Roman ကြွေပြား)- မခိုင်ခိုင်မြင့်တို့၏အစ်ကိုကြီး၊ မယွန်းမီမီ၊ မဟန်သူသူထက်တို့၏ ဘကြီးသည် ၉-၁၁-၂၀၁၆ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၆ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထွေထွေရောဂါကုဆေးရုံသစ်ကြီး-ရန်ကုန်မှ ကားများ မွန်းလွဲ ၁း၄၅နာရီနှင့် လှိုင်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၆ ရက် နံနက်တွင် လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ဖော်ဇံ [B.A(Cinema-USA)] (၉၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရုပ်ရှင်ကော်ပိုရေးရှင်း**

စစ်တွေမြို့နေ (ဦးဂူရာဖြူ-ဒေါ်လှမဖြူ)တို့၏ သား၊ ရန်ကုန်မြို့နေ (ယစ်မျိုးမင်းကြီး ဦးစောလှဖြူ-ဒေါ်မိုး)တို့၏ သားသမက်၊ (ဦးအောင်ကျော်ထွန်း-ဒေါ်စံဝင်းဦး)၊ (ဦးစံမြကျော်-ဒေါ်စံသိန်း)တို့၏ညီ/မောင်၊ (ဦးအောင်ဘထွန်း)-ဒေါ်နှင်းခိုင်၊ (ဦးအောင်လှဖော်)-ဒေါ်မဖြူ (ဦးအောင်သိန်း)-ဒေါ်နှင်းအေး၊ ဦးမြသိန်း (အငြိမ်းစား၊ ညွှန်ချုပ်၊ ကြေး/မြေ)-ပါမောက္ခ ဒေါ်ဦးခင်လှ(ငြိမ်း)၊ ဦးအောင်ကျော်ဇံ-ဒေါ်စောအေးတို့၏အစ်ကို၊ Australia နိုင်ငံ၊ Perth မြို့နေ (ဒေါ်လှမေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သိန်းဇံ-ဦးဘထွန်းအောင်၊ (ဒေါ်သူဇာဇံ)တို့၏ဖခင်ကြီး၊ ကိုဇံမြအောင်-Aik Aung၊ ကိုမိုးထွန်းအောင်တို့၏ အဘိုးရှင်၊ Jasper Aung ၏အဖိုးရှင်သည် ၇-၁၁-၂၀၁၆(တနင်္လာနေ့) နံနက် ၁ နာရီတွင် Australia နိုင်ငံ Perth မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးလှလွင်(ခ)LAWRENCE (ခ)အန်ကယ်ဘွိုင်း
**အသက် (၈၈)နှစ်**
**ဒု-ရေကြောင်းမှူးချုပ်(ငြိမ်း)၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးလူနီလမ်း၊ ရွှေမောင်အိုလမ်းသွယ်၊ အမှတ်(၈)နေ (ဦးထွန်းလွင်-ဒေါ်ဂလိုရီချစ်)တို့၏ သားကြီး၊ ဒေါ်သန်းသန်းနွဲ့၏ ခင်ပွန်း၊ (ဒေါ်သန်းလွင်)၏မောင်၊ (ဦးခင်အောင်)-ဒေါ်ခင်မေလွင်၊ ဒေါက်တာကျော်ဝင်း-ဒေါ်တင်မေပြုံးတို့၏အစ်ကို၊ ဦးဝင်းလွင်-ဒေါ်ခင်လှမင်း၊ ဦးမြင့်သန်း-ဒေါ်ချစ်မာလွင်၊ ဦးလှမိုး-ဒေါ်ခင်ငြိမ်းလွင်တို့၏ဖခင်၊ မောင်သန်းထိုက်ဦး (PINKY)၊ မောင်အာရှဏ်မိုး(AARON)၊ မောင်ဧရက်မိုး(EVEREST)၊ မောင်လီယိုလွင်(LEO)၊ မောင်အုပ်စိုးလွင်(BOTE BOTE)၊ မထာဝရလွင်တို့၏ အဘိုးသည် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ၁း၁၇ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် သီတာလမ်းရှိ ရန်ကုန်မြို့မအသင်းတော်(SSKBMS)၌ ဝတ်ပြုဆုတောင်းပြီး ညနေ ၃ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဦးလူနီလမ်းထိပ်နှင့် သီတာလမ်းထိပ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်မြင့်(တူးတူး) (အထက-၃၊ ပဲခူး၊ ငြိမ်း)
**အသက် (၇၇)နှစ်**

ပဲခူးမြို့၊ သွန်းဘုရားလမ်း၊ အမှတ် (၃၆)နေ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်နှင်းမြိုင်)တို့၏ သမီးချွေးမ၊ ဦးသိန်းကြည်၏ ချစ်လှစွာသောဇနီး၊ (ဦးအေးမြင့်-ဒေါ်ခင်မလေး)၊ (ဗိုလ်မှူး အတာ)-ဒေါ်နန်းမြလေးတို့၏ညီမ၊ ဦးဝင်းမြင့်(အစူး)-ဒေါ်ချိုချို၊ ဒေါ်သီသီမြင့်တို့၏အမြွှာညီမ၊ ဗိုလ်ချုပ် ဝင်းမြင့်(ငြိမ်း)-ဒေါ်နီနီ၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဝင်း၊ (ဒေါက်တာကြည်သိန်း)-ဒေါ်ယုယုအေး၊ (ဦးထိန်ဝင်း)-ဒေါ်အေးငွေး၊ (ဦးဝေလင်း)တို့၏ ချစ်လှစွာသောအစ်မကြီး ဒေါ်ရင်ရင်မြင့် (အထက-၃၊ ပဲခူး၊ ငြိမ်း)သည် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [၁၅-၁၁-၂၀၁၆ (အင်္ဂါနေ့)တွင် အမှတ်(၃၆)၊ သွန်းဘုရားလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်မြင့်(တူးတူး) (အထက-၃၊ ပဲခူး၊ ငြိမ်း)
**အသက် (၇၇)နှစ်**

ပဲခူးမြို့၊ သွန်းဘုရားလမ်း၊ အမှတ် (၃၆)နေ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်နှင်းမြိုင်)တို့၏ သမီးချွေးမ၊ ဦးအောင်မြတ်သူ-ဒေါ်ကြည်ဆုလှိုင် (အထက-၃၊ ပဲခူး)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်သျှမ်းထက်-မဖြူနှင်းကို၊ မဝင်းပြည့်လျှံ၊ မောင်ခင်လင်းခန့်၊ မလှလှဝင်း၊ မမြရီတို့၏အဘွား၊ ဦးသိန်းကြည်၏ချစ်လှစွာသောဇနီး ဒေါ်ရင်ရင်မြင့် (အထက-၃၊ ပဲခူး၊ ငြိမ်း)သည် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [၁၅-၁၁-၂၀၁၆ (အင်္ဂါနေ့)တွင် အမှတ်(၃၆)၊ သွန်းဘုရားလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မိုး(ခ)ဦးဖိုးချို
**AGTI(MT) ချောက် (1984)**
**1984 ချောက် GTI နှင့်**
**နတ်မောက်စက်မှုလက်မှုသိပ္ပံကျောင်း ဆရာဟောင်း**
**အသက် (၅၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ မင်းရဲကျော်စွာ (၄)လမ်း၊ အမှတ် (၁၀၃၈/က)နေ (ဦးအုန်းညွှန့်)-ဒေါ်ခင်ထွေးနွဲ့တို့၏သားလတ်၊ ချောက်မြို့နေ (ဦးလှ-ဒေါ်လှ)တို့၏သားသမက်၊ ဒေါ်ခင်မာချို၏ခင်ပွန်း၊ ဦးဉာဏ်ထူး-ဒေါ်စမ်းစမ်းအုန်း၊ ဦးလှအုန်း-ဒေါ်ထွေးတို့၏ညီ/မောင်၊ ဦးထွန်းမြင့်-ဒေါ်စုစုလွင်၊ ဦးလှဘုန်း-ဒေါ်နော်တင်မြင့်၊ ဒေါ်မေမေခင်တို့၏အစ်ကို၊ ဦးဇေယျာအောင်-ဒေါ်သိမ့်ပြည့်စုံ၊ (ဦးသက်ဇော်အောင်)-ဒေါ်ဇင်မာဝင်း၊ မဥမ္မာချို (hr, Dept; ROSE GARDEN HOTEL)၊ ကိုကျော်ဇေယျာ (E/CADET Raffel Ship Management Singapore)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအမရာချို၊ မဇေရတီကိုတို့၏အဘိုးသည် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၆(တနင်္လာနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မင်းရဲကျော်စွာ (၄)လမ်း၊ အမှတ် (၁၀၃၈/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တန်ကွေရင်
**အသက် (၉၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၃၈)၊ မြေညီထပ်နေ [တန်ကောင်းချန်(ခ) ဦးခင်မောင်]၏ဇနီး၊ ဦးထွန်းခင်-ဒေါ်မြမြတင်၊ ဦးထွန်းဝေ-ဒေါ်ငွေးငွေးသောင်း၊ ဦးထွန်းကြည်-ဒေါ်ခင်မမ၊ ဦးထွန်းဖြူ၊ ဦးထွန်းအောင်-ဒေါ်ခင်မြင့်မြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင် (၅၂)နှစ်
**(မင်္ဂလာဈေး)**

ရန်ကုန်မြို့နေ (ဦးတင်လှိုင်)-ဒေါ်ကြည်တို့၏သား၊ နေပြည်တော်နေ (ဦးထွန်းတင်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲကိုကို (တတိယနှစ်၊ အင်္ဂလိပ်စာ)၊ မောင်မျိုးကိုကို (တတိယနှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မလမင်းကိုကို (သတ္တမတန်း-A၊ အထက-၂၊ တောင်ဥက္ကလာ)တို့၏ ကျေးဇူးရှင်ဖခင် ဦးအောင်နိုင်သည် ၈-၁၁-၂၀၁၆ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်အောင် (၈၈)နှစ်
**ကုန်သွယ်ရေး(ငြိမ်း)၊ နိုင်ငံရေး(ငြိမ်း)**

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၃)ရပ်ကွက်၊ အမှတ်(၄၁၁)နေ (ဦးဖိုးခင်-ဒေါ်ရွှေမြ)တို့၏သား၊ ဒေါ်ထွေး၏ခင်ပွန်း၊ ဦးမြင့်စိုး (Electrical Engineer)-ဒေါ်မြမြသန်း၊ ဦးစိန်မြင့်(မီးသွေးရောင်းဝယ်ရေး)-ဒေါ်သန်းသန်းစော၊ (ဦးမျိုးညွန့်သန်း)-ဒေါ်သီတာ၊ (ဦးဟန်ငွေး)၊ ဦးအေးမင်းတို့၏ဖခင်ကြီး၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၉-၁၁-၂၀၁၆ရက် နံနက် ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၆ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဆွေ(မြောင်းမြ) (၈၈)နှစ်

မြောင်းမြမြို့၊ (၇)ရပ်ကွက်၊ ရွှေဂုံတိုင် (၃)လမ်း၊ အမှတ်(၂၉၀)နေ (ဦးမောင်ရှိန်)၏ချစ်လှစွာသောဇနီး၊ ဦးမောင်ဖြူ(သစ်တော-ငြိမ်း)-ဒေါ်ညိုညိုသင်း၊ (ဦးကျော်ငွေး)-ဒေါ်ဖြူမ၊ ဦးထွန်းမြင့် (စက်မှု-၁၊ တိုင်း/ဂျာ-ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ ဦးသန်းဝင်း-ဒေါ်ခင်အေးကြူ၊ ဦးကျော်ခင်ငြိမ်း-ဒေါ်ခင်စန်းဝေ(ရွှေစင်ရတနာရွှေဆိုင်)၊ ဦးတင့်နိုင်-ဒေါ်မြင့်မြင့်မော် (နေပြည်တော်ဆန်စက်-ကျွန်းကုန်း)တို့၏ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်ကြီး၊ မြေး ၂၃ ယောက်၊ မြစ် ၂၉ယောက်၊ တီတစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၁၄-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာကြားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည် (၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း အထက်ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ်(၁၉)နေ (ဦးတင့်-ဒေါ်ကျင်နု)တို့၏သမီး၊ (ဦးရွှေဘော်ဇံ-ဒေါ်သန်းမေ)တို့၏သမီးချွေးမ၊ [ဦးတင့်ဆွေ(အင်ဂျင်နီယာမှူး-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)]၏ဇနီး၊ ဒေါ်စန္ဒာဆွေ၊ ဦးမြင့်ငွေ-ဒေါ်ဇင်မာဆွေ၊ Capt; ပြည့်စုံ [Marine Superintendent (Hong Lam Marine)]-ဒေါ်ချောကလျာတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကောင်းထက်၊ ရှင်းခန့်ပြည့်၊ ကြည်ဖြူခင်တို့၏အဘွားသည် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်(အစူး) (လေယာဉ်မှူးကြီး)
**အသက်(၇၇)နှစ်**

ပဲခူးမြို့နေ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏ သား၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄/၆၊ ၆/၆၂၀၊ မင်းလှရဲခေါင်လမ်းနေ [ဒေါ်ချိုချို (S.A.T၊ အထက-၁၊ လှိုင်)]၊ ဒေါ်သီသီမြင့်တို့၏ခင်ပွန်း၊ (ဦးဝင်းကျော်)၊ ဦးဝင်းမိုး၊ ဒေါ်ခင်ခင်စိုး၊ ဦးဝင်းနိုင်-ဒေါ်သင်းသင်းဦး (Excellence Fashion)၊ ဦးအောင်ဝင်းမြင့်-ဒေါ်သန္တာအေး(ခေတ္တ-USA)၊ မောင်ဇင်မင်းထိုက်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် (အစူး) (လေယာဉ်မှူးကြီး)
**အသက် (၇၇)နှစ်**

ပဲခူးမြို့နေ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄/၆၊ ၆/၆၂၀၊ မင်းလှရဲခေါင်လမ်းနေ [ဒေါ်ချိုချို (SAT၊ အထက-၁၊ လှိုင်)]၊ ဒေါ်သီသီမြင့်တို့၏ခင်ပွန်း၊ (ဦးအေးမြင့်-ဒေါ်ခင်မလေး)၊ (ဗိုလ်မှူးအတာ)-ဒေါ်နန်းမြလေးတို့၏ညီ၊ ဦးသိန်းကြည်-(ဒေါ်ရင်ရင်မြင့်) (အတူး)၏ အမြွှာအစ်ကို၊ ဗိုလ်ချုပ်ဝင်းမြင့်(ငြိမ်း)-ဒေါ်နီနီ၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဝင်း၊ (ဒေါက်တာကြည်သိန်း)-ဒေါ်ယုယုအေး၊ (ဦးထိန်ဝင်း)-ဒေါ်အေးငွေး၊ (ဦးဝေလင်း)တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဦးဝင်းမြင့် (လေယာဉ်မှူးကြီး)သည် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း(မော်လမြိုင်)
**BE com: (Eco)**
**သိင်္ဂီရွှေဇင်ရတနာရွှေဆိုင်**
**အသက် (၄၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (D-11/B)၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာနေ [ဗိုလ်ကြီးစိုးဦး(ငြိမ်း)]၏ဇနီး၊ မပွင့်ဖူးသော် (1st year NTU-singapore)၊ မောင်ဘုန်းတင့်ကျော်(Level-4, Ncc Education)တို့၏မိခင်၊ (ဦးချစ်သန်း)-ဒေါ်သောင်းဇင်တို့၏သမီး၊ (ဦးမြဝင်း-ဒေါ်ရွှေရင်)တို့၏ သမီးချွေးမ၊ ဦးစိုးငွေး-ဒေါ်သိမ့်(ရွှေဇင်ရတနာရွှေဆိုင်)တို့၏ညီမ၊ ဦးစောနိုင်-ဒေါ်အေးသီတာ (ပြည့်လျှံရတနာရွှေဆိုင်)၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး-ဒေါက်တာ သီတာဇင်တို့၏ အစ်မ ဒေါ်တင်တင်ဝင်း **[BE com: (Eco)] (သိင်္ဂီရွှေဇင်ရတနာရွှေဆိုင်) သ**ည် ၈-၁၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၆(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မမြင့်မြတ်သီတာအေး(ခ)မီးမီးမြတ် (၃၃)နှစ်
**အယ်ဒီတာ(ငြိမ်း)၊ ပြည်မြန်မာ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန်လမ်း၊ တိုက် (၁/၂)၊ အခန်း (၇)နေ ဦးသိန်းမြင့်-(ဒေါ်ခင်မေ)တို့၏မြေး၊ (ဦးမျိုးခင်)-ဒေါ်အေးအေးသန်း (စာရေးဆရာမ မြကံ့ကော်-လှိုင်)တို့၏ သမီးကြီး၊ မောင်ငြိမ်းချမ်းကျော်စွာ-မမို့မို့သဉ္ဇာစိုး၊ မသဇင်ဖြူဖြူထွေးတို့၏အစ်မ၊ မောင်ကြည်စင်လင်း၏မိခင်သည် ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ညနေ ၆း၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ကွယ်လွန်သူ၏ဆန္ဒအရ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [၁၄-၁၁-၂၀၁၆ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဟားခါးမြို့ စုပေါင်းရုံးနှင့် ဟားခါးကောလိပ်ဖွင့်ပွဲကျင်းပ

## ချင်းပြည်နယ်၏ လူမှုစီးပွားဘဝတိုးတက်လာစေရေး အရေးပါသည့် အထောက်အပံ့ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၉**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့စုပေါင်းရုံးဖွင့်ပွဲနှင့် ဟားခါးကောလိပ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံးဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် အဆိုပါရုံးရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ပြည်နယ်ဝန်ကြီး ဦးရွှေထီးယိုးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးပြုံးချိုတို့က စုပေါင်းရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက စုပေါင်းရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရုံးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးကောလိပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်နှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



**ဟားခါးမြို့စုပေါင်းရုံးအတွင်း ဒုတိယသမ္မတ ဦးမြင့်ဆွေ လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

## ဆန်စပါးဝယ်လိုအား တိုးမြင့်လာစေရေးနှင့် တောင်သူများတွက်ခြေကိုက်သည့် ဈေးနှုန်းရရှိစေရေးအစီအမံများ ချမှတ်ဆောင်ရွက်သွားမည်


စာမျက်နှာ ၈

# ၂၀၁၇ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာယူ-၂၂ အသင်းကို ဖွဲ့စည်း

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၁၇ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် ဆီးဂိမ်းပြိုင်ပွဲ၊ အာရှယူ-၂၃ ခြေစစ်ပွဲ၊ ၂၀၁၆ ဒီဇင်ဘာလတွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစမ်းပွဲတို့အတွက် မြန်မာယူ-၂၂ အသင်းကို ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ဆုရအသင်းမှ ကစားသမားအများစု ပါဝင်လာသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯**



**ယခင်နှစ်က ကျင်းပခဲ့သည့် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်မြင်ကွင်း။**



**ယခုဖွဲ့စည်းခဲ့သည့် မြန်မာယူ-၂၂ အသင်းတွင် ပါဝင်လာသည့် ၂၀၁၅ ဆီးဂိမ်း ငွေဆုရအသင်းမှ ကစားသမားများ။**

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ၂၀၁၆ ခုနှစ် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်ပွဲတော်ကြီးကို နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်ထိ မီးပုံးပျံကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

